www.burmeseclassic.com

စာပေဗိမာန်စာမူဆုရ

# ယဉ်ကျေးလိမ္မာ အနာဂတ်ရတနာနှင့်

## အခြားဝတ္ထုတိုများ

မြတ်ဝေတိုး
(ပညာရေးတက္ကသိုလ်)



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၂၀၀၇ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ကလေးစာပေ၊ တတိယဆုရ

# ယဉ်ကျေးလိမ္မာ အနာဂတ်ရတနာ
# နှင့်
# အခြားဝတ္ထုတိုများ

BURMESE CLASSIC

## မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)

စီစဉ်တည်းဖြတ်သူ - ဒေါ်တင်မွေး (မွေးငယ်ငယ်)
စာတည်း
အဖုံးပန်းချီ - ညီညီ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၉ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀

တန်ဖိုး (၅၀၀)ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဝိမာန် စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် - ၀၇၄၉၂ ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် - ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။
နေပြည်တော်ပုံနှိပ်စက်ရုံ (တာပ်ကုန်း) တွင် ပုံနှိပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| ခန်း | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| - | စာရေးသူ၏ အမှာစာ | | |
| ၁။ | ယဉ်ကျေးလိမ္မာ အနာဂတ်ရတနာ | ... | ၁ |
| ၂။ | ပန်းပျိုးချိန်မှာ ဂရုပြုပါ | ... | ၁၀ |
| ၃။ | အခမဲ့ပညာရေး မိဘွေးတို့ပါဝင် | ... | ၂၁ |
| ၄။ | သန့်ချဆေး တိုက်ကျွေး၍မဟုတ်ပါ | ... | ၃၀ |
| ၅။ | စကတ်ကွဲနဲ့ ရှူးထဘီ | ... | ၃၇ |
| ၆။ | အဖြစ်ကင်းတဲ့အလုပ် ဂုဏ်ရှိတယ် | ... | ၄၄ |
| ၇။ | တစ်လုံးနှစ်လုံး သုံးလေးလုံး | ... | ၄၉ |
| ၈။ | ပြုံးသူကျတဲ့ မျက်ရည်စက် | ... | ၅၇ |
| ၉။ | ဂိမ်းကစားခြင်း၏ နောက်ဝယ် | ... | ၆၄ |
| ၁၀။ | အားလုံးပါဝင် ကလေးပျော်ကျောင်းတွင် | ... | ၇၁ |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၁၁။ တောင်ပေါ်မြေက ပန်းကလေးများ ... ၇၉
၁၂။ မုဒိတာအပြုံး ... ၈၉
၁၃။ စုံအောင်စားကွယ် ရွေးသွေးရယ် ... ၉၈
၁၄။ တွေးလို့မမြင် တွေ့လို့မြင် ... ၁၀၇
၁၅။ လက်တွဲညီညာ စောင့်ရှောက်ပါလျှင် ... ၁၁၃
၁၆။ မောင်ကြည်ဖြူ အခါမနှောင်းသေးပါ ... ၁၁၉
၁၇။ လောကပြတင်းပေါက်မှ ဘဝအသိ ... ၁၂၉
၁၈။ အဲ့ဒါ မျိုးချစ်စိတ် ... ၁၃၅

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာစာ

ပျိုမျစ်နုနယ် ကလေးငယ်များအား တောက်ရွှန်းသည့် ကြယ်ပွင့်လေးများနှင့် တင်စားကြသည်။ ရောင်စုံပန်းပွင့်လေးများ နှင့်လည်း ချစ်စဖွယ်ပမာပြုကြသည်။ လူ့စွမ်းအားအရင်းအမြစ် များဟုလည်း ဆိုကြသည်။ မျိုးဆက်သစ်များအဖြစ်လည်း မှတ်တမ်း ပြုထားကြသည်။

ကလေးငယ်များသည် တစ်နေ့တွင် နိုင်ငံတော်၏တာဝန် ကို မလွှဲမသွေ ပခုံးပြောင်း ထမ်းဆောင်ကြမည့်သူများဖြစ်၍ အနာဂတ်၏ ဖန်တီးရှင်များပင် ဖြစ်သည်။ နိုင်ငံတော်ကို တည်ဆောက်ကြမည့်သူများ၊ ကဏ္ဍအသီးသီးကို ပုံဖော်ထုဆစ် တာဝန် ထမ်းဆောင်ကြမည့်သူများဖြစ်၍ ကလေးများဘဝ၌ နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်များ ထက်သန်နိုးကြားစွာရှိနေရန် အထူးပင် လိုအပ်လှပေသည်။

ယနေ့အခါ၌ လူသားများအားလုံးသည် စိန်ခေါ်မှုအမျိုးမျိုး နှင့် ရင်ဆိုင်နေကြရသည်။ ဤသည်မှာ ခေတ်၏တောင်းဆိုချက် တစ်ခုဖြစ်သည်။ ထိုတောင်းဆိုချက်များ၊ စိန်ခေါ်မှုများကို ရင်မဆိုင်

www.burmeseclassic.com

www.burmeseclassic.com

နိုဗ်ပါကား စိန်ခေါ်မှု အမျိုးမျိုး၏ ဝါးမျိုမှုကို ခံကြရမည်ဖြစ်သည်။ ထို့ကြောင့် ဖိုးလူသားတစ်ဦးချင်းစီ၏ ဖွံ့ဖြိုးတိုးတက်ရေးသာမက အဲ နိုင်ငံနှင့်လူမျိုး၏ရပ်တည်မှု ရှင်သန်ဖွံ့ဖြိုးမှုတွေကိုပါ ဆောင်ရွက် ကြရန် အရေးကြီးနေပါသည်။

၂၁ ရာစုကို ပညာခေတ်ဟု အားလုံးက လက်ခံထားကြရာ နိုင်ငံနှင့်လူမျိုး၏ ရှင်သန်ဖွံ့ဖြိုးမှုကိုလည်း ပညာကသာ ဆောင်ကြဉ်း ပေးနိုင်သည်ကို တွေ့ရှိရပေသည်။

"တစ်နှစ်တာအတွက် စားပင်စိုက်ပါ၊ ဆယ်နှစ်တာ အတွက် သီးပင်စိုက်ပါ။ တစ်သက်တာအတွက် ကလေးများ ကို စာသင်ပေးပါ" ဟု ပညာရှင်များက ညွှန်းဆိုခဲ့ကြသည်။

အမြော်အမြင်ရှိသူတိုင်းသည် ကလေးများကို ဂရုစိုက် ကြသည်။ ကလေးတစ်ဦးသည် သူ့ဘဝအတွက် သူသာ အရေးအကြီး ဆုံး လူသားတစ်ဦးဖြစ်သည်။ သူ့ဘဝတွင် သူသာ ဇာတ်လိုက်၊ သူသာ ပွဲကိုင်ဖြစ်သည်။ သို့ဖြစ်၍ ကလေးတစ်ဦး၏ဘဝကို လိုအပ် သည့်အရည်အသွေးကောင်းများ ရရှိနိုင်ရေးအတွက် မိဘကောင်း နှင့် ဆရာကောင်းများ လိုအပ်ပေသည်။ ကလေးများ ကိုယ်ရည် ကိုယ်သွေးမြင့်မားလာစေရန်၊ ကိုယ်ကျင့်တရားကောင်းလာစေရန် အရည်အချင်းများနှင့် ပြည့်စုံလာအောင် ပြုပြင်ပေးနိုင်မည့်သူများ မှာလည်း မိဘနှင့်ဆရာမှလွဲ၍ မည်သူမှမရှိပေ။

သို့ဖြစ်၍ ကလေးများဘဝတစ်လျှောက် သိအပ်တတ်အပ် လိုက်နာကျင့်သုံးအပ်သည့် အရာများအားလုံးကို အတုမြင်

www.burmeseclassic.com

www.burmeseclassic.com

အတတ်သင်လိုကြသည့်၊ မိမိနှစ်သက်မြတ်နိုးသူ၊ မိမိနှစ်သက်မြတ်နိုးသည့်အရာကိုသာ အတုယူလိုကြသည့် ကလေးသဘာဝများ ကလေးစိတ် အာဟာရများကို သိရှိနားလည်ပြီး ဖန်တီးပြုပြင်မည့် ကလေးသူငယ် ပြုစုပျိုးထောင်ရေးကို မိဘနှင့်ဆရာများသာမက နိုင်ငံကြီးသား ပီသသူတိုင်းက အလေးထားဆောင်ရွက်သင့်လှပေသည်။

စာရေးသူသည် နှစ်ပေါင်း (၂၅)နှစ်ကျော် ပညာရေးဝန်ထမ်းဘဝဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်လျက်ရှိရာ ယနေ့နိုင်ငံတော်က ကလေးသူငယ်များအတွက် ကျောင်းနေအရွယ်ကလေးများကျောင်းနေရေး၊ မူလတန်းအဆင့် အခမဲ့ပညာသင်ကြားရေး၊ အရွယ်လွန်ပညာရေး၊ လူတိုင်းအကျုံးဝင် ပညာရေးအပါအဝင် ဆောင်ရွက်နေမှုများသည် လူ့ဘဝတစ်သက်တာတွင် ကလေးများ တတ်သိနားလည်အပ်သည့် အရေးအရာ အဖြာဖြာတို့ကို စာရေးသူ၏ ဘဝအတွေ့အကြုံနှင့် ရေးသားပြုစုထားခြင်းဖြစ်ပါသည်။

ဤစာအုပ်သည် ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အပံ့ပြုလိမ့်မည်ဟု မျှော်လင့်မိပါသည်။

မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

## ယဉ်ကျေးလိမ္မာ အနာဂတ်ရတနာ

ဆရာမဒေါ်ခင်သီတာသည် သူ၏တပည့်များကို ဗုဒ္ဓဘာသာယဉ်ကျေးမှု စာပေများသင်ကြားနေသည်။ စာသင်ချိန် ကုန်ဆုံးသွားပြီးဖြစ်သော်လည်း သင်လက်စ သင်ခန်းစာများက ကျန်ရှိနေသေးသဖြင့် အချိန်ပို ၁၀ မိနစ်ခန့် ဆက်၍သင်နေသည်။

"သားတို့သမီးတို့ ဆရာမ ဒီနေ့သင်ပေးတဲ့ သင်ခန်းစာတွေကို ရအောင်ကျက်ရမှတ်ရမယ်နော်၊ သားတို့သမီးတို့အတွက် အဖိုးတန်တဲ့ အသိတရားတွေ ကိုယ်ကျင့်တရားတွေရအောင်လို့ ဒီသင်ခန်းစာတွေကို ဆရာမသင်နေတာ မနက်ဖြန်ကျရင် ဆရာမကို ပြန်ဆိုပြရမယ်နော်"

"ဟုတ်ကဲ့ပါ ဆရာမ"

"ကဲ ဒါဆို ဒီနေ့တော့ ဆရာမ ဒီသင်ခန်းစာကို ရပ်ထားလိုက်တော့မယ်၊ မင်္ဂလာပါ တပည့်တို့"

"ပဥ္စဂုဏ် အဟံ ဝန္ဒာမိ၊ အာစရိယဂုဏ် အဟံ ဝန္ဒာမိ၊ မင်္ဂလာပါ ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာမဒေါ်ခင်သီတာသည် အတန်းတွင်းမှထွက်ကာ ဆရာဆရာမ နားနေခန်းဘက်သို့ သွားလေသည်။ နားနေခန်းတွင်း၌ နောက်တစ်ချိန် အတန်းဝင်ရန်အတွက် သင်ခန်းစာများကို လေ့လာကြည့်ရှုနေသည်။

ထိုစဉ် ဆရာမ ဒေါ်မိုးမိုးသူက "ဗုဒ္ဓဘာသာလက်စွဲ"ဟူသော စာအုပ်ငယ်လေးများကို ယူလာပြီး ဆရာမ ဒေါ်ခင်သီတာအားပေးကာ "ဆရာမက စာရိတ္တနှင့်ပြည်သူ့နီတိကိုသင်တော့ အဲဒီစာအုပ်လေးတွေ ကျွန်မတို့ဘကြီးဆီက ခေတ္တယူလာခဲ့တာ" ဟု ပြောသည်။

"ဪ ဟုတ်လား ကျေးဇူးတင်လိုက်တာ ဆရာမရယ်။ ကျွန်မက စာရိတ္တနဲ့ ပြည်သူ့နီတိသင်နေတဲ့ဆရာမဆိုတော့ တကယ်လေ့လာသိရှိထားရမဲ့ စာအုပ်ပဲနော်"

ဆရာမ ဒေါ်ခင်သီတာက ဤသို့ပြန်၍ပြောပြသည်။

စာအုပ်မှာ အမရပူရတောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီး ဘာသာဋီကာကျမ်းပြုအကျော် အရှင်ဇနကာဘိဝံသ ပြုစုရေးသားထားသော စာအုပ်ဖြစ်ပါသည်။

ကျောင်းသား၊ လူငယ်၊ လူရွယ်များသည် စာရိတ္တဗလ ပျက်စီးလျှင် ကျန်သောဗလလေးတန်ပါ ချို့ယွင်းပျက်စီးနိုင်ပေသည်။ သို့ဖြစ်၍ အခြေခံဖြစ်သည့် စာရိတ္တဗလပြည့်ဝကောင်းမွန်စေရန် ဗုဒ္ဓ၏တရားတော်များကသာလျှင် ကူစားပေးနိုင်မည့်နည်းကောင်းများဖြစ်ကြောင်း တွေးမြင်မိ၍လည်း ကျောင်းသားလူငယ်များအား

www.burmeseclassic.com

ဗုဒ္ဓဘာသာယဉ်ကျေးမှု၏ အခြေခံစာအုပ်များကို သင်ကြားရန် တာဝန်ယူ စီစဉ်ရေးသားခဲ့ခြင်းဖြစ်ပါသည်။

မူလတန်း ဗုဒ္ဓဘာသာအခြေခံစာအုပ်မှာ (၅) အုပ်ဖြစ်ပါသည်။ စာအုပ် (၅)အုပ်၏ အခြေခံနိဒါန်းတွင် ဆရာတော်ကြီးက "ဘုန်းကြီးအား သူငယ်တန်းမှ စတုတ္ထတန်းအထိ မူလတန်းကျမ်းစာများကို ရေးသားစီစဉ်ရန် တာဝန်လွှဲအပ်ကြလေသည်။ ထိုသို့လွှဲအပ်သည့်အားလျော်စွာ ထက်သန်သောစေတနာဖြင့် စီစဉ်ရေးသားကြောင်းကို ရေးသားပုံအစီအစဉ်ကပင် သက်သေပြလျက်ရှိပါလိမ့်မည်" ဟူ၍ ရေးသားထားသည်။

သူငယ်တန်းတွင် ကလေးများ စာမဖတ်တတ်သေး၊ ပထမတန်းမှာ ဖတ်တတ်နိုင်သော်လည်း အချို့က ကျွမ်းကျင်စွာ မဖတ်နိုင်သေးပါ "ထို့ကြောင့် ထို (၂) တန်းအတွက် ဆရာများသည် ပုံဝတ္ထုများနှင့် သက်ဆိုင်သော ကိုယ်ကျင့်တရားများကို အထူးစိတ်ရှည်စွာ ပြောပြနိုင်မှသာ ရည်ရွယ်ချက် အထမြောက်ပါလိမ့်မည်" ဟူ၍လည်း ဆရာတော်ကြီးက လမ်းညွှန်ထားပါသည်။

ဆရာမဒေါ်မိုးမိုးသူသည် ဆရာတော်ကြီး၏ နိဒါန်းအမှာစာ လမ်းညွှန် ထားချက်များကိုပါ ဖတ်၍ရှင်းပြလိုက်သေးသည်။

"ဆရာမ မောင်မောင်နဲ့ထွန်းဇော်တို့ မနေ့က ရန်ဖြစ်ကြတယ်၊ မောင်မောင်က ထွန်းဇော်ကို ခဲတံနဲ့ထိုးတာ လက်မှာ သွေးတွေထွက်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ဘုရား၊ ဟဲ့ မောင်မောင် ဆရာမကို ပြောစမ်း၊ မင်းဘာဖြုလို့ ထွန်းဇော်ကို ခဲတံနဲ့ထိုးရတာလဲ၊ အတန်းသား အချင်းချင်း တွေ့ပဲကွယ်"

မောင်မောင်သည် အတန်းထဲတွင် ခပ်စွာစွာ ကျောင်းသားလေး ဖြစ်သည်။ ကျန်သည့် အတန်းသားများအပေါ် တွင်လည်း ခပ်စွာစွာဆက်ဆံပြုမူ ပြောဆိုတတ်သူ ဖြစ်သည်ကို ဆရာမ ဒေါ်ခင်သီတာ သိထားသည်။ ကျောင်းသားကျောင်းသူများကလည်း မောင်မောင်အကြောင်းကို သိထားကြရာ ဆရာမမေးသည့်အခါ ကျောင်းသားကျောင်းသူအချို့က မောင်မောင့်ဆီသို့ မျက်လုံးများ ရောက်သွားကြသည်။

"ဆရာမ ထွန်းဇော်က ဟိုတစ်နေ့က ကျွန်တော့် ကျောကုန်းကို ကွန်ပါဘူးနဲ့ထုတယ်၊ ကျွန်တော်ကပြန်ပြီး လက်သီးနဲ့ထိုးမယ် လုပ်တော့ သားကြီးနဲ့ အောင်ထွန်းတို့က ဝိုင်းဆွဲလို့ ကျွန်တော် ဘာမှ ပြန်မထိုးခဲ့ရဘူး"

"ကဲ ဆရာမပြောပြမယ် အားလုံးနားထောင်ကြစမ်း၊ ထွန်းဇော်က မောင်မောင့်ကို ဘာဖြုလို့ကွန်ပါဘူးနဲ့ ကျောကုန်းကို ထုတာလဲ မောင်မောင်ပြောပါဦး"

"သူ့ ကွန်ပါဘူးထဲက ပိုက်ဆံကို သားယူတယ်ဆိုပြီး စွပ်စွဲတယ်၊ သားက မယူပါဘူးဆိုတာကို မင်းပဲငါ့ကွန်ပါဘူးကိုကိုင်တာ ငါတွေ့တယ်ဆိုပြီး ကွန်ပါဘူးနဲ့ ထုတာပါ ဆရာမ"

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်က ဆရာမအား ငိုသံပါကြီးဖြင့် ပြောပြလေသည်။

"ကဲ မောင်မောင့် ကျောကုန်းကို ထွန်းဇော်ကွန်ပါဘူးနဲ့ ထုတာ ဘယ်သူမြင်လဲ ဆရာမကို ပြောပြစမ်းကွယ်" ဆရာမ ဒေါ်ခင်သီတာက ထိုသို့ပြောသည့်အခါ မောင်မောင်နှင့် အနီးအနားတွင်ရှိသော ကျောင်းသားသူငယ်ချင်းတစ်စုက ဆရာမကို ကြည့်လိုက် မောင်မောင်ကိုကြည့်လိုက်နှင့် ဖြစ်နေသည်ကို ဆရာမ ဒေါ်ခင်သီတာက အကဲခတ်ကြည့်နေမိသည်။ ကျောင်းသားကျောင်းသူများကလည်း မည်သူမျှထ၍ မပြောကြပေ။ ထိုအခါ ဆရာမက နောက်တစ်ကြိမ်ထပ်၍ မေးပြန်သည်။

"ဆရာမမေးတာကို ပြောကြလေ၊ မောင်မောင့်ကျောကုန်းကို ထွန်းဇော်က ကွန်ပါဘူးနဲ့ထုတာ ဘယ်သူတွေ မြင်သလဲကွယ့်"

ထိုစဉ် ကျောင်းသားတစ်ယောက်က မတ်တတ်ရပ်၍ မောင်မောင့်မျက်နှာကို တစ်ချက်ဝေ့ကြည့်ကာ "ထွန်းဇော်က သူ့ကွန်ပါဘူးထဲမှာ ငွေတစ်ရာတန်တစ်ရွက် ပါလာတာကို မောင်မောင် မင်းယူသလားလို့ မေးတာတော့ သားကြားပါတယ်။ ကွန်ပါဘူးနဲ့ မောင်မောင့်ကိုထုတာတော့ သားမသိပါဘူး ဆရာမ" ဟု ပြောလေသည်။

"ကဲကွယ် သားတို့သမီးတို့ ဆရာမပြောပြမယ် အားလုံးနားထောင်ကြစမ်း၊ မောင်မောင်ရော ထွန်းဇော်ရော အားလုံး ဆရာမ အတန်းထဲက ငါးဆယ့်နှစ်ယောက်စလုံးဟာ သူငယ်ချင်းတွေပဲ

www.burmeseclassic.com

www.burmeseclassic.com



ပညာအတူတူသင်ကြတဲ့ ညီအစ်ကို မောင်နှမတွေပဲကွဲ့၊ တစ်ယောက် ပစ္စည်းကိုတစ်ယောက်က ပိုင်ရှင်မသိဘဲ မယူရဘူး၊ ခိုက်ရန်ဒေါသ လဲ မဖြစ်ရဘူး အားလုံးသင့်သင့်မြတ်မြတ် နေကြရမယ်ကြားလား"

"ဟုတ်ကဲ့ပါ ဆရာမ"

"အေး ဆရာမ သားတို့သမီးတို့ကို "ရန်ပြေတရားတော်" အကြောင်း မြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့ သင်ခန်းစာကို ရှင်းပြမယ် နားထောင်ကြ"ဟု ဆိုကာ ဒီကာရမင်းသားအကြောင်း ကို ဆရာမက ပုံပြောခြင်းနည်းဖြင့် သင်ကြားပြလေသည်။

သင်ခန်းစာပြီးဆုံးသောအခါ ဆရာမဒေါ်ခင်သီတာက အတန်းသားများအား အောက်ပါအတိုင်း အမေးအဖြေပြုကာ မေးခွန်းများမေးကြည့်သည်။

"တစ်ဦးနဲ့တစ်ဦး ရန်ဖြစ်တာ ရန်စတာ ကောင်းသလား ကွယ်"

"မကောင်းပါဘူး ဆရာမ"

"တစ်ဦးကိုတစ်ဦး ရန်စခြင်း ရန်ပြုခြင်း ရန်ကိုရန်ချင်း တုံ့ပြန်ခြင်း ပြုသင့်ပါသလား သားတို့သမီးတို့"

"ရန်တုံ့ပြန်ခြင်း မပြုရပါဘူး ဆရာမ"

"ရန်တုံ့မပြန်နိုင်အောင် ဘယ်လိုစိတ်ထားရပါမလဲကွယ်"

"သည်းခံစိတ်ထားရပါမယ် ဆရာမ"

"ရန်ကိုရန်ချင်း တုံ့ပြန်ခြင်းကြောင့် ကောင်းကျိုး ရနိုင် သလား၊ ဆိုးကျိုးရနိုင်သလား"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုးကျိုးသာ ရနိုင်ပါတယ် ဆရာမ"

"ရန်ကိုရန်ချင်း မတုံ့ပြန်ဘဲ သည်းခံစိတ်ထားနိုင်တာဟာ ဘာကြောင့်လဲကွယ် ပြောပြပါဦး"

ထိုစဉ် ကျောင်းသားများ . . . ငြိမ်သွားသည်။

ခဏအကြာတွင် ကျောင်းသားတစ်ဦးက ထ၍ ဖြေသည်။

"သည်းခံစိတ်နဲ့ မေတ္တာပွားများလို့ပါ ဆရာမ"

"အေး သိပ်မှန်တာပေါ့ကွယ်၊ ဆရာမတာပည့်တွေက သိပ်ကို တော်ကြ လိမ္မာကြတာပဲ၊ သားတို့သမီးတို့ကို ပညာတတ်တွေ ဖြစ်အောင် သင်ကြားတဲ့နေရာမှာ မဟာဂန္ဓာရုံဆရာတော်ကြီးက စိတ်ကောင်းရှိဖို့က ပထမလို့ ဟောပြ ဆုံးမခဲ့တာပေါ့ကွယ်"

ဆရာမက ထိုသို့ပြောပြနေစဉ်၌ ကလေးများသည် အာရုံ စူးစိုက်၍ ငြိမ်သက်စွာ နားထောင်နေကြသည်။

"သားတို့သမီးတို့ကို ဆရာမ တစ်ခုပြောဦးမယ်ကွယ်၊ သား တို့သမီးတို့တွေ အားလုံးဟာ မိဘတွေနဲ့အတူတူနေကြတဲ့သူတွေ ဆိုတော့ သားတို့သမီးတို့ မိဘတွေကော သားတို့သမီးတို့ ကိုယ်တိုင် ကော ဆင်းရဲချင်သလား ချမ်းသာချင်သလား"

"ချမ်းသာချင်ပါတယ် ဆရာမ"

အားလုံးက ပြောကြသည်။ ထိုထဲတွင် မောင်မောင်၏ အသံက ပို၍ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ဆရာမ သတိ ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး ဒါဆိုရင် ဆရာတပည့်တွေ ဟိုကွာ မြွေကိုရိုက်နှက်တဲ့ကလေးတွေအကြောင်းလေ ယဉ်ကျေးမှု သင်ခန်းစာထဲမှာ ပါတယ်မဟုတ်လား အဲဒီအကြောင်း မှတ်မိကြလားကွယ်"

"မှတ်မိပါတယ် ဆရာမ"

"ဟုတ်ပြီ အဲဒီမှာ သူတစ်ပါးကို ရိုက်နှက်ခြင်း ညှဉ်းဆဲခြင်း၊ ဆင်းရဲအောင်လုပ်ခြင်းဟာ ကောင်းသလား မကောင်းဘူးလား"

"မကောင်းပါဘူး ဆရာမ"

"အဲဒီလိုလုပ်ရင် ဆင်းရဲမလား ချမ်းသာမလား"

"ဆင်းရဲပါမယ် ဆရာမ"

"သားတို့သမီးတို့တွေ တော်တော်လိမ္မာကြတာပဲကွယ်၊ ကျောင်းဆင်းတော့မှာမို့ ဆရာမ ဒီသင်ခန်းစာကိုပဲ သားတို့သမီးတို့ကို ကျက်မှတ်ကြဖို့ လိုက်နာကြဖို့ မှာလိုက်ချင်တယ်နော် အားလုံး မင်္ဂလာပါကွယ်"

"ပဥ္စဂုဏ်အပဟ်ဝန္ဒာမိ အာစရိယဂုဏ်အပဟ်ဝန္ဒာမိ မင်္ဂလာပါ ဆရာမ"

အတန်းသားအားလုံး နှုတ်ဆက်သံ တစ်တန်းလုံး ဟိန်းထွက်သွားလေသည်။ ကျောင်းဆင်းခေါင်းလောင်းကား ထိုးလေပြီ။

ကျောင်းသားများ ဇာတိမာန်သီးချင်းကို သံပြိုင်သီဆိုကြသည်။ သီချင်းပြီးဆုံးသည်နှင့် ကျောင်းဂိတ်တံခါးဝဆီသို့ စနစ်တကျ တန်းစီကာ ထွက်ခွာသွားကြသူများတွင် မောင်မောင်နှင့်ဖွန်းဇော်တို့မှာ လက်ချင်းတွဲ၍ ကျောင်းရှေ့ တံခါးဝဆီသို့ ပျော်ရွှင်စွာ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းထွက်သွားနေသည်ကို မြင်ရသည့်အခါ ရင်တွင်းပီတိဖြစ်မိသူ ဆရာမ ဒေါ်ခင်သီတာသည် စိတ်ထဲက တစ်စုံတစ်ခုကို ရေရွတ်နေမိသည်။

"ဩော် နောင်တစ်ခေတ်မှာ တိုင်းပြည်အတွက် အားကိုးအားထားပြုရဦးမည့် ယဉ်ကျေးလိမ္မာ အနာဂတ်ရတနာလေးတွေ ပါလား"

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## ယန်းပျဉ်းချိန်မှာ ဂရုပြုပါ

အောင်ထူး ချက်ကြီးနှင့် မိုးညိုတို့ သူငယ်ချင်း သုံးဦးသည် ရွာသာကုန်းရွာ၊ အခြေခံမူလတန်းလွန်ကျောင်းမှ ပဥ္စမတန်း ကျောင်းသားများ ဖြစ်ကြသည်။

သူတို့သုံးဦးအနက် ချက်ကြီးမှာ အရွယ်က ပိုကြီးပြီး သူငယ်ချင်းများကို ဦးဆောင်နိုင်သူလည်း ဖြစ်သည်။ တစ်နေ့တွင် ရွာကွင်းစပ်က ကျွဲလူးအိုင်အတွင်း ငါးရှာရန်အတွက် အောင်ထူးနှင့် မိုးညိုတို့ကို ဦးဆောင်ပြောပြလေသည်။

"ဟေ့ကောင် မိုးညိုနဲ့အောင်ထူး တို့ဒီနေ့ကျောင်းကို မသွားဘဲ ရွာကွင်းစပ်က ကျွဲလူးအိုင်မှာ ငါးဖမ်းရအောင်ကွာ"

"ဖြစ်ပါ့မလားချက်ကြီးရာ" ဟု အောင်ထူးက ဆိုသည်။

"ဘာဖြစ်လို့ မဖြစ်ရမှာလဲကွ၊ သူများဝိစ္စည်းခိုးတာမှ မဟုတ်တာ" ထိုစဉ် "ဟုတ်သားပဲ အောင်ထူးရာ၊ တို့ ဒီနေ့ အိမ်က ထွက်လာတာ အချိန်အစောသားနဲ့ ကြီးတော်ထွေးအုံတို့ဈေးဆိုင်မှာထိုင်နားတာ နည်းနည်းကြာသွားသလိုပဲ" ဟု မိုးညိုက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ငါပြောမယ်ကွာ၊ အိမ်ကလူကြီးတွေကလည်း တို့ကို ကျောင်းရောက်ပြီ ထင်မှာပဲ၊ ကျောင်းကဆရာတွေကလည်း ကျောင်းမလာတာ အိမ်ကနေ နဂိုကတည်းက မတက်တာလို့ဘဲ ထင်မှာပဲ၊ ဒီတော့ ငါပြောတဲ့အတိုင်း အဲ့ဒီကျွဲလူးအိုင်မှာ ငါးရှာသွားကြမယ်ကွာ မကောင်းဘူးလား"

နောက်ဆုံးတွင် ချက်ကြီး၏အကြံအတိုင်း သူတို့သူငယ်ချင်း သုံးဦး ကျွဲလူးအိုင်ဘက်ဆီသို့ သွားခဲ့ကြလေသည်။

"ချက်ကြြီး မင်းက ဘောင်းဘီမပါဘူးလား" ပုဆိုး ခါးတောင်းကျိုက် ငါးဖမ်းနေသောချက်ကြီးကို အောင်ထူးက မေး သည်။

"အေးကွ၊ ငါက ဘောင်းဘီပါမလာလို့ ပုဆိုးခါးတောင်းကျိုက် ငါးဖမ်းတာပေါ့ကွာ၊ ဘာပြုလို့လဲ"

"ဘာမှမဖြစ်ပါဘူးကွာ၊ မင်းပုဆိုးကို ရွံ့တွေပေမှာစိုးလို့" ဟု မိုးညိုကပြောသည်။

"ရွံ့ပေတော့ဘာဖြစ်လဲကွာ၊ တို့တွေ ငါးဖမ်းပြီးကျောင်းမှ မသွားတော့တာ၊ ညနေကျောင်းဆင်းချိန်ကြတော့မှ ပြန်ကြမယ် ကွာ မဟုတ်ဘူးလား"

ချက်ကြီးကပြောသည်။ ထိုအခါ အောင်ထူးက "ချက်ကြီး နဲ့ မိုးညို ငါတို့ ဒီနေ့ ကျောင်းမတက်ဘူးလား တော်ကြာ ဆရာမက အိမ်တို ကျောင်းပြေးတယ်ထင်ပြီး ရိုက်နေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ဘာလို့ရိုက်ရမှာလဲ၊ အိမ်က အဖေတို့အမေတို့ သိရင်သာ ရိုက်မှာကွ"

"အိမ်ကတော့ ဘယ်သိမလဲ အောင်ထူးရ"

"ဘာဖြုလို့လဲ"

"ကျောင်းဆင်းချိန်ရောက်မှပြန်ရင် ကျောင်းတက်တယ်လို့ပဲ ထင်မှာလေကွာ"

"အောင်မာ မင်းက ပြောတတ်တယ်၊ ဒီငါးတွေဘယ်က ရလဲ မေးရင် မင်းဘယ်လိုဖြေမလဲ"

"ဒါကတော့ကွာ၊ ကျောင်းဆင်းပြီးမှ ငါးဆင်းရှာတယ်ဆိုပြီး ပြောရမှာပေါ့ကွာ။ ပြီးတော့ အိမ်ကို ခါတိုင်းထက် နောက်ကျပြီးပြန်ရင် ဖြစ်တာပဲ"

"အေးအေး ချက်ကြီး မင်းကတော့ တကယ်ဉာဏ်များတယ်ကွာ၊ မင်းပြောတဲ့အတိုင်းပဲ တို့လည်း လုပ်ရမှာပေါ့"

သူတို့သူငယ်ချင်း သုံးဦးစလုံး အလွန်ချစ်ခင်ကြသည့် သူငယ်ချင်းများပီပီ ယခုကိစ္စတွင်လည်း အဖေအမေမသိနိုင်၊ ဆရာဆရာမများ မသိနိုင်ဟူသောအတွေးဖြင့် ကျောင်းမတက်ဘဲ ရွာကွင်းစပ်က ကျွဲလူးအိုင်အတွင်း ငါးရှာငါးဖမ်းနေကြခြင်းဖြစ်ပေသည်။

"ဟော့ကောင်တွေ ဒီကိုလာခဲ့ကြစမ်း"

ကျွဲလူးအိုင်နှင့် မလှမ်းမကမ်းရှိ တဲစောင့်ဦးတာတီးက လေသံခပ်မာမာဖြင့် လှမ်းခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . ဟော့ ဟိုမှာ ဦးတာတီးကြီးကွ၊ ဦးတာတီးကြီး" အောင်ထူးက ပြောသည်။

"ဦးတာတီးဘာဖြစ်လဲ အောင်ထူးရ ငါနဲ့တွေ့ရင်တော့ တာတီး ညာဖြီးလိုက်မယ်ကွာ"

ချက်ကြီးက ထုံးစံအတိုင်း သူက ဉာဏ်နီဉာဏ်နက် ထွက်မည့်ပုံစံမျိုးဖြင့် ဆိုသည်။

"ဟော့ကောင် ချက်ကြီး၊ မင်းထင်သလို ဒီလူကြီးကို ဖြီးလို့ရ မှာမဟုတ်ဘူးကွ၊ သူက လေသံမာကြီးနဲ့ ဒေါသထွက်နေပုံပဲ" မိုးညို က ဆိုသည်။

သူငယ်ချင်း သုံးဦးမှာ ကျွဲလူးအိုင်ထဲဆင်းပြီး ငါးများဖမ်း နေကာ အစပင်ရှိသေး ဦးတာတီးက လှမ်း၍ခေါ်သဖြင့် တစ်ဦးနှင့် တစ်ဦး တီးတိုးပြောဆိုနေကြခြင်း ဖြစ်သည်။

"ဟော့ကောင်လေးတွေ၊ အိုင်ထဲမှာ ငါးမဖမ်းနဲ့၊ မင်းတို့ကို ငါ လေးခွနဲ့ ပစ်လိုက်ရမလား"

ဦးတာတီး၏ ဒုတိယမြှောက်လေသံမာနှင့်ပြောသည့် စကားလုံး များကြောင့် ချက်ကြီးတို့သုံးဦးမှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ လက်တွင်ပေနေသော ရွှံ့ညွန်များကို ခါပစ်ပြီး ကျွဲလူးအိုင်အတွင်းမှ အပေါ်သို့ တက်ခဲ့ကြသည်။ ထို့နောက် လယ်ကွင်းထဲမှ ရေများဖြင့် ခြေလက်များ ဆေးကြောကာ လွယ် အိတ်များကိုလွယ်လျက် မတ်တတ်ရပ်နေကြစဉ်

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဘယ်အတန်းကလဲ၊ ဘယ်ဆရာသင်တာလဲ၊ မင်းတို့ဆရာကို ငါတိုင်မယ်၊ ဒါပိုင်ရှင်ရှိတဲ့ ကျွဲလူးအိုင်ကွ၊ မင်းတို့ သိရဲ့လား၊ မင်းတို့တွေ ပိုင်ရှင်ရှိတဲ့ ငါးတွေဝင်ဖမ်းတာ ခိုးတာပဲကွ၊ ဒီတော့ မင်းတို့ကျောင်းအုပ်ဆရာကြီးကို ငါတိုင်ရမယ်"

ဟု လေသံမာမာဖြင့် ဦးတာတီးက ပြောလေသည်။

"ကျွန်တော်တို့ကို ဆရာကြီးနဲ့တော့ မတိုင်ပါနဲ့ဗျာ၊ နောက်ဆို ကျွန်တော်တို့ ဒီလိုမလုပ်တော့ပါဘူး"

မိုးညိုက ငိုသံပါဖြင့် ပြောပြသည်။

"ဟုတ်ပါတယ် ဘကြီးတာတီးရာ ကျွန်တော်တို့ကျောင်းချိန် နောက်ကျတာနဲ့ ငါးဖမ်းဖို့လာခဲ့မိတာပါ" ဟု အောင်ထူးက ပြောသည်။

ချက်ကြီးကမူ ဘာမှမပြော။

ခဏအကြာ ဦးတာတီးက "ဒီကျွဲလူးအိုင်မှာ ပိုင်ရှင်က ငါးတွေမွေးထားတာသိရက်နဲ့ ငါးဖမ်းတာ သူများပစ္စည်းခိုးတာဖြစ်လို့ ခိုးမှုရယ်ကျောင်းပြေးမှုရယ် မင်းတို့ကို ငါဆရာကြီးနဲ့ တိုင်ကိုတိုင်ရမယ် သွားကြကွာ သွားကြ" ဟု ကျယ်လောင်စွာပြောဆိုလိုက်သည်။

ချက်ကြီး၊ အောင်ထူးနှင့် မိုးညိုတို့သူငယ်ချင်း သုံးဦးသည် လွယ်အိတ်ကိုယ်စီလွယ်လျက် ကျွဲလူးအိုင်မှ ရွာတောင်ပိုင်းရှိ သင်ကျောင်းဘက်ဆီသို့ ခပ်သုတ်သုတ်လှမ်းထွက်ခဲ့ကြလေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့မနက် ၁၁ နာရီမှာ ဆရာကြီးရုံးခန်းကို ချက်ကြီးတို့ သွားရမှာနော် မိဘတွေပါ ခေါ်ထားတာတဲ့"

"ဆရာကြီးက သူတို့တွေကို ကျောင်းထုတ်ပစ်မလား မသိဘူးဟဲ့"

"ဘယ်က ကျောင်းထုတ်ရမှာလဲ၊ ဆရာကြီးက တအားရိုက်မှာ သူတို့တွေ အရိုက်ခံရမှာတော့ သေချာတယ်ထင်တယ်"

ကျောင်းရှေ့ဝရန်တာတွင် ကျောင်းသူတစ်သိုက် စုဝေး၍ တစ်ယောက်အကြောင်း တစ်ယောက်ပြောနေခြင်းဖြစ်သည်။ ချက်ကြီး၊ အောင်ထူးနှင့် မိုးညိုတို့သုံးဦးမှာ ရုံးခန်းအနီးရှိ ကုက္ကိုပင်ကြီးအောက်ကွပ်ပျစ်ပေါ်တွင် မျက်နှာငယ်လေးများနှင့် ထိုင်နေကြသည်။ အုပ်ထိန်းသူလူကြီးတစ်ဦးစီကိုလည်း ခေါ်လာကြသည်။ သူတို့ သုံးဦးအနက် ချက်ကြီးမှာ အကင်းပါးသူဖြစ်၍ အဖေအမေများကိုမပြောဘဲ အစ်ကိုဝမ်းကွဲတော်သူတစ်ဦးကို ခေါ်၍လာသည်။

ချက်ကြီးဆိုသည့်ချက်ကြီးကတော့ အားလုံးထဲတွင် အလည်ဆုံးအသွက်ဆုံး အကင်းပါးဆုံးဖြစ်သည်။ မည်သို့အကင်းပါးသည်ကို ချက်ကြီးပြောသည့်စကားဖြင့် သိနိုင်ပါသည်။

"အောင်ထူးနဲ့မိုးညို၊ ငါတို့ရွာက ဂျက်မ မင်းတို့ သိတယ်မဟုတ်လား"

"ဘယ်က ဂျက်မလဲ ချက်ကြီးရ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုကွာ၊ မြို့ကျောင်းမှာသွားပြီး ၅ တန်းတက်နေတဲ့ ဂျက်မ လေကွာ"

"အေး သိပြီ သိပြီ ဒေါ်ကြီးခွေးမသမီးမို့လား"

"အေး ဟုတ်တယ် အဲ့ဒီဂျက်မက ငါ့ကို ပြောပြတယ်ကွ၊ သူတို့ကျောင်းကို မြို့နယ်ပညာရေးမှူး လာစစ်တယ်တဲ့။ ဆရာ ဆရာမတွေက ကျောင်းသားတွေကို ဝါးခြမ်းတွေ ကြိမ်လုံးတွေနဲ့ ရိုက်နှက်ဆုံးမတာမျိုးမလုပ်ဘဲ ကျောင်းသားတွေကို စာရိတ္တကောင်း လာအောင် ပြုပြင်ရမယ်လို့ ပြောသွားတယ်တဲ့ကွ၊ အဲ့ဒါကြောင့် ငါတို့ကို ဆရာကြီးက နောင်အပြစ်မကျူးလွန်အောင် ဆုံးမမယ်ထင် တယ်ကွ"

ကျောင်းအုပ်ကြီး ရုံးခန်းတွင်း၌ အောင်ထူး၊ ချက်ကြီးနှင့် မိုးညိုတို့သည် အုပ်ထိန်းသူ လူကြီးသုံးဦးနှင့်အတူ ရောက်ရှိနေကြ သည်။ ခဏအကြာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမနှစ်ဦးရောက် ရှိလာသည်။

ဆရာကြီးသည် ရုံးခန်းတွင်း၌ရောက်ရှိနေသူများကို အကဲ ခတ်ကြည့်လိုက်ပြီးမှ "မိဘတွေရောက်နေကြပြီပဲ။ ကျွန်တော်လည်း မြို့နယ်ရုံးကခေါ်လို့သွားလိုက်တာနဲ့ အချိန်နည်းနည်း နောက်ကျ သွားတယ်" ဟု နှုတ်ဆက်စကားဆိုသည်။

"ဟုတ်ကဲ့ပါ ဆရာကြီး"

ကျောင်းသားမိဘတစ်ဦးက ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒီနေ့ မိဘအုပ်ထိန်းသူတွေနဲ့ စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ ဆရာဆရာမတွေ၊ ကျောင်းသား သုံးဦးနှင့် အတန်းပိုင်ဆရာမ တို့ကို ခေါ်ယူရတဲ့ကိစ္စကတော့ မနေ့က ကျောင်းတက်ရက်မှာ ကျောင်းမတက်ဘဲ ရွာတောင်ပိုင်းက ကျွဲလူးအိုင်မှာ ငါးသွားဖမ်း ကြတဲ့ကိစ္စကို မိဘတွေပါသိအောင် ပြောပြချင်လို့ပါပဲ"

"ဒီကလေးတွေကို ကျွန်တော်တို့ကျောင်းက ကျောင်းစည်း ကမ်းအရ အရေးယူရမှာဖြစ်လို့ မိဘများပါ မိမိတို့ သားသမီးတွေကို အိမ်မှာလည်း ထိန်းသိမ်းပြုပြင်ပေးကြဖို့ လိုပါတယ်ဗျ"

ထိုစဉ် ကျောင်းသားမိဘတစ်ဦးက-

"ဆရာကြီး ကျွန်တော်တို့အပိုင်းကတော့ အိမ်ကနေ လွယ်အိတ်ဆွဲထွက်လာရင် ကျောင်းရောက်တယ်လို့ပဲ ထင်ထား တယ်ခင်ဗျ။ အခုလို ကျောင်းလည်းမရောက်ဘဲ မိဘရော ဆရာ ဆရာမပါမသိဘဲ ကိုယ့်သဘောနဲ့ကိုယ် ကျောင်းပြေးပြီး ထင်ရာ စိုင်းကြတဲ့ ကျွန်တော့်သားအပါအဝင် ကျောင်းသားသုံးဦးစလုံးကို ဆရာကြီးပေးချင်တဲ့ အပြစ်ပေးပါဆရာကြီး" ဟု ဆိုလေသည်။

ထိုအခါ ဆရာကြီးက "ဟုတ်ကဲ့ပါခင်ဗျ ဒီလို ကျောင်းသား မိဘများအနေနဲ့ ကျွန်တော်တို့နဲ့တွေ့ဆုံပြီးတော့မှ ဒီကလေးတွေရဲ့ ပညာရေးကိစ္စ၊ ကျောင်းစည်းကမ်းလိုက်နာဖို့ကိစ္စကို လိုလိုလားလား ပူးပေါင်းဆောင်ရွက် ကူညီပေးတာကို ကျွန်တော်တို့က အလွန် ကျေးဇူးတင်ပါတယ်၊ ဝမ်းလည်း သာပါတယ်ဗျာ" ဟုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး၊ ဒီကလေးတွေထဲမှာ ချက်ကြီးက ကျွန်တော့်ရဲ့ ညီဝမ်းကွဲပါ၊ ဒီကောင်တွေ သိပ်စည်းကမ်းပျက်ပါတယ် ဆရာကြီး၊ ရိုက်သာ ရိုက်ပါခင်ဗျ မကျိုးမပဲ့ရင် ပြီးတာပါပဲ"

ချက်ကြီး၏အစ်ကိုဝမ်းကွဲ အုပ်ထိန်းသူက ပြောသည်။ ချက်ကြီးမှာ အစ်ကိုအား ကြည့်လိုက် သူငယ်ချင်းများအား ကြည့်လိုက် ဆရာကြီးအား ကြည့်လိုက် လုပ်နေသည်။

"ဟုတ်ပါပြီခင်ဗျာ၊ ကျွန်တော်တို့ ကျောင်းစည်းကမ်းအရပဲ အရေးယူပါ့မယ်"

"ကျောင်းသားသုံးဦးစလုံး ကျောင်းစည်းကမ်းကို လိုက်နာပါမည်ဆိုတဲ့အကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရပါ့မယ်၊ မိဘအုပ်ထိန်းသူများတော့ သိရှိကြောင်းနဲ့ ဆုံးမပါ့မယ်ဆိုတဲ့ အကြောင်း လက်မှတ်ရေးထိုးရပါမယ်"

ဆရာကြီးကပြောပြီး စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူးဖြစ်သူ ဆရာမတစ်ဦးအား အဆင်သင့်ရေးပြီးသား ကျောင်းစည်းကမ်းထိန်းသိမ်းရေးစာအုပ်၌ မိဘများနှင့် ကျောင်းသားသုံးဦးတို့အား လက်မှတ်ရေးထိုးစေသည်။

မိဘများနှင့်ကျောင်းသားများ လက်မှတ်ထိုးပြီးသောအခါ ကျောင်းသားမိဘတစ်ဦးက ဆရာကြီးအားဆိုပြန်သည်။

"ဆရာကြီး ဒီကောင်တွေ မှတ်လောက်သားလောက် ဖြစ်သွားအောင် နောက်ကိုလည်း စည်းကမ်းလိုက်နာအောင် ကြိမ်နဲ့ ရိုက်ပြီး ဆုံးမပါ ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ၊ ကျွန်တော် သူတို့ကို ဌာနရဲ့ညွှန်ကြားချက် စည်းကမ်းချက်များနဲ့အညီ ဆုံးမပါ့မယ်၊ မိဘများအပိုင်းကသာ အိမ်မှာ ကလေးတွေ စာကျက်အောင် တတ်နိုင်သမျှ ထိန်းသိမ်း ကြပ်မတ်ပေးကြပါ၊ မိဘကော ဆရာပါ ပူးပေါင်းထိန်းသိမ်း ကြပ်မတ် ပေးလိုက်ရင် ကလေးတွေ လိမ္မာသွားကြမှာပါ ကျွန်တော့် ဆုံးမ လိုက်ပါ့မယ်"

ထို့နောက်ဆရာကြီးက ကျောင်းသားများအား "ကဲ မင်းတို့ အတန်းထဲသွားကြတော့" ဟု ဆိုသဖြင့် ကျောင်းသားသုံးဦးသည် ဆရာကြီးအား အရိုအသေပြုကာ ရုံးခန်းမှထွက်ခွာ၍ အတန်းတွင်းသို့ သွားကြလေသည်။

ကျောင်းသားမိဘ သုံးဦးကမူ ရုံးခန်းတွင်း၌ ကျန်နေခဲ့ကြသည်။

ထို့နောက် ဆရာကြီးက ကျောင်းသားမိဘများအား ရှင်းပြလေသည်။

"ကျွန်တော်တို့အနေနဲ့တော့ဗျာ၊ ဒီကလေးတွေကို လိမ္မာရေးခြားရှိအောင် စည်းကမ်းလိုက်နာအောင် အမျိုးမျိုးဆုံးမလမ်းညွှန်မှုပြုရတာ ပါပဲ၊ ကလေးတွေကို နားလည်သဘောပေါက်အောင် ပြောပြပြီးဆုံးမရတာပဲဗျာ၊ ရိုက်နှက်ဆုံးမမှု နားလည်သဘောပေါက်တာမျိုးမဟုတ်ဘဲနဲ့ ကလေးကိုယ်တိုင်က မကောင်းတာနဲ့ကောင်းတာကို ခွဲခြားနားလည်ပြီး လက်ခံလာအောင်စည်းကမ်းတွေနဲ့ထိန်းသိမ်းရတာပါ၊ စာရိတ္တပြုပြင်ရေးလုပ်ငန်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ဆရာများက သင်ကြားဆုံးမလျက်ရှိပါတယ်။ ဒီတော့ အိမ်မှာ မိဘအုပ်ထိန်းသူများကလည်း ကလေးများကို နားလည်သဘော ပေါက်အောင် ဆုံးမပေးကြပါ။ ဆရာနဲ့မိဘက အဲဒီလိုဆုံးမလမ်း ညွှန်မှုတွေကို အလျဉ်းသင့်သလို ပြောဆိုဆောင်ရွက်ပေးမယ်ဆိုရင် ကလေးတွေ လိမ္မာလာကြမှာပါ"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော်တို့လည်း အိမ်မှာ ဆုံးမ ပါ့မယ် နောက်ကို ဒီလိုမဖြစ်စေရပါဘူး၊ သူတို့ကျောင်းမရောက်ရင် တော့ ကျွန်တော်တို့ကို အကြောင်းကြားပေးပါခင်ဗျာ"

"ဟုတ်ကဲ့ပါ ကျွန်တော် အတန်းပိုင်ဆရာမတွေကတစ်ဆင့် အကြောင်းကြားပေးပါ့မယ်၊ အခုလို မိဘများက ကလေးတွေ ပညာ ရေးကိစ္စတွေမှာ စိတ်ဝင်စားစွာ ကျွန်တော်တို့ ဆရာတွေနဲ့ ပူးပေါင်း ဆောင်ရွက်တာကို ကျေးဇူးတင်ပါတယ်နော်"

"ဟုတ်ကဲ့ပါ ဆရာကြီး ကျွန်တော်တို့ကို ခွင့်ပြုပါခင်ဗျာ"

"ဟုတ်ကဲ့ပါ ဟုတ်ကဲ့ ဟုတ်ကဲ့"

ကျောင်းသားမိဘသုံးဦးသည် ဆရာကြီးအား နှုတ်ဆက်၍ ရုံးခန်းမှထွက်ခွာသွားလေသည်။

နောင်အနာဂတ်တွင် ပွင့်လန်းလာမည့် ပန်းကလေးများ မညှိုးနွမ်းအောင် ရေလောင်းပေါင်းသင် မြေဩဇာကျွေးရသည်မှာ မိဘဆရာတိုင်း၏တာဝန်ပင် မဟုတ်ပါလော . . .။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခမဲ့ပညာရေး မီးမွှေးတို့ပါဝင်

"ထွန်းကျော် မင်းတို့ကျောင်းကလည်း အခမဲ့ ပညာရေး
ခမဲ့ပညာရေးနဲ့ ဟိုနေ့က တစ်ယောက်ကို ငါးဆယ်ဆိုလား
တာက်ပြန်ပြီ၊ တော်ကြာခဲတံဖိုး တော်ကြာ ဗလာစာအုပ်ဖိုးနဲ့
ကာက်နေတာပဲကွာ ဒါ အခမဲ့ပညာရေးတဲ့လား"

"ဒီလို ဘကြီးဖြိုးရဲ့ အရင်တုန်းက ကျောင်းသားတစ်ဦး
ကျောင်းအပ်ရင် မိဘဆရာအသင်းကြေး နှစ်ဆယ့်ငါးကျပ်ပေး
တယ်။ အဲဒီ မိဘဆရာအသင်းကြေးကို ၂၀၀၇-၂၀၀၈ပညာသင်
မှာ မကောက်တော့ဘူး၊ ပေးလည်း မပေးရတော့ဘူး"

"ဘကြီးဖြိုးနှင့် တူဖြစ်သူ မူလတန်းပြကျောင်းဆရာ
ထွန်းကျော်တို့ ဘကြီးဖြိုးအိမ်တွင် စကားပြောနေကြခြင်းဖြစ်
ည်။ "နေပါဦး ထွန်းကျော်ရ မင်းကိုငါပြောရဦးမယ်။ မနှစ်က
းတူ မင်းတပည့်ပေါ့ကွာ တတိယတန်းမှာ ကျောင်းအပ်တာ နှစ်
ဆယ့်ငါးကျပ်ပေးရတယ်။ စိန်အေးရဲ့ သားသမီး ၄ ယောက်
ကျောင်းအပ်တာကျတော့ ငါးဆယ်ပဲပေးရတယ်တဲ့ ဘာတွေမှန်း
ပါဘူးကွာ ပြီးတော့ အားကစားကြေး၊ ပရိဘောဂကြေး၊ ဘက်စုံ
ကြေးဆိုတာတွေလည်း ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဘကြီးဖြိုး အဲဒီအရင်နှစ်တွေတုန်းက ဘကြီးဖြ
ပြောတဲ့ မိဘဆရာအသင်းကြေး ကျောင်းသားတစ်ဦး နှစ်ဆယ့်ငါး
ကျပ်ဆိုတာ တစ်ဦးတည်းအတွက်ပြောတာ၊ နှစ်ဦးဆိုရင် လေးဆယ်
ကျပ်၊ သုံးဦးဆိုရင် ငါးဆယ်ကျပ်၊ မိဘတစ်ဦးဟာ သားသမီး
သုံးယောက်ထက်ပိုရင် ဘယ်နှစ်ယောက်ပဲ ကျောင်းအ
ကျောင်းအပ် ငါးဆယ်ကျပ်ပဲ ပေးရတယ်။ အခုတော့ အဲဒီ မိဘ
ဆရာကြေး နှစ်ဆယ့်ငါးကျပ်ဆိုတာ လုံးဝမပေးရတော့ပါဘူး"

"အေး မင်းကပြောတာပဲ ဒါပေမဲ့ ဒီနှစ် ငါ့မြေးနှစ်ယော
ကျောင်းထားတာ ခဲတံ၊ ဗလာစာအုပ်ဆိုပြီး တစ်ယောက်
တစ်ထောင်ကျော် ကုန်ကျတယ်ကွ။ အဲဒါဆိုတော့ မင်းတို့ပြော
အခမဲ့ ပညာရေးဆိုတာ အခမဲ့မှ မဟုတ်တာ"

"ဘကြီးဖြိုးက သဘောမပေါက်သေးလို့ပါ၊ ဒီလို ဘကြီး
ရ ကျောင်းသားတစ်ယောက်အဖို့ နိုင်ငံတော်ကို ပေးဆောင်ရ
မိဘဆရာအသင်းကြေး၊ကျောင်းဝင်ကြေးဆိုတာတွေဟာနိုင်ငံ
က လုံးဝမကောက်တော့ပါဘူး၊ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲ
ပေတံကျတော့ မိမိကသင်ယူတာဖြစ်လို့ မိမိဘာသာ ဝယ်ယူ
သုံးရတဲ့သဘောပါ။ ကျောင်းမှာ မဝယ်ချင်လည်း ရတယ်၊ ကို
မှာ ရှိရင်ဝယ်စရာမလိုဘူးပေါ့" လွယ်အိတ်တို့၊ ဝတ်စုံတို့ကို ကို
ဘာသာ ဝယ်ယူရတဲ့သဘောပါ"

"အလယ်တန်း၊ အထက်တန်းတွေကျတော့ အခမဲ့ပညာ
ရေး မဟုတ်ပါဘူး။ နိုင်ငံတော်ကလည်း မူလတန်းကိုသာ ဥပ
နှင့်အခမဲ့ပညာရေး သတ်မှတ်ထားတာသိုတော့

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေစဉ် ဘကြီးဖြိုးက "နေပါဦး ထွန်းကျော်ရ မင်းပြောသလို အခမဲ့ပညာရေးဆိုတာ ဥပဒေကော ရှိလို့လား" ဟု ဖြတ်၍မေးသည်။

"ရှိတာပေါ့ ဘကြီးဖြိုးရ ကလေးသူငယ်ဥပဒေ ပုဒ်မ ၂၀ မှာ

(က) ကလေးသူငယ်တိုင်းသည်-

(၁) ပညာသင်ကြားရေးဆိုင်ရာ အခွင့်အလမ်းများရရှိစေရမည်။

(၂) နိုင်ငံတော်က ဖွင့်လှစ်ထားသော ကျောင်းများတွင် အခြေခံပညာ (မူလတန်းအဆင့်)ကို အခမဲ့သင်ယူနိုင်ခွင့်ရှိစေရမည်။

(ခ) ပညာရေးဝန်ကြီးဌာနသည်-

(၁) မသင်မနေရ အခမဲ့မူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ရန် ရည်မှန်းချက်ထားရှိရမည်။

(၂) ကလေးသူငယ်များ ကျောင်းမှန်မှန်တက်ရေးနှင့် အချိန်မတိုင်မီ ကျောင်းထွက်နှုန်းကျဆင်းရေးတို့အတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(၃) နိုင်ငံတော်က ဖွင့်လှစ်ထားသော ကျောင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်ပညာသင်ကြား နိုင်ခြင်းမရှိသော ကလေးသူငယ်များ

www.burmeseclassic.com

www.burmeseclassic.com



စာပေတတ်ကျွမ်းမှုရှိစေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်" လို့ ပြဋ္ဌာန်းထားပါတယ်ဟု ရှင်းပြလေသည်။ ထိုအခါ ဘကြီးဖြိုးက "ဩော် ငါ့တူ ကျောင်းဆရာကြီးက ဘယ်ဆိုးလို့တုန်း" ဟု ချီးမွမ်းစကားဆို၍ ပြုံးရယ်နေလေသည်။

■ ■ ■

"ဆရာလေးထွန်းကျော်၊ ဆရာလေးထွန်းကျော်"

အိမ်ရှေ့တံခါးမကြီးကိုခေါက်၍ ခေါ်နေသောအသံကို ဆရာကိုထွန်းကျော်ကြား၍ အိမ်ရှေ့သို့ထွက်လာသည်။ "ဆရာလေးထွန်းကျော်"ထိုသို့ သုံးကြိမ်မြောက်ခေါ်သည့်အခါ ဆရာကိုထွန်းကျော်မှာ "ဘာလဲဟ၊ ဘယ်သူတွေတုံး၊ လာလာ ကျွန်တော်ရှိပါတယ်ဗျ"

ဆရာကိုထွန်းကျော်က မြောရင်းတံခါးကို ဖွင့်ပေးသည်။

"နေပါဦး ညကြီးမင်းကြီး ဘယ်လိုဖြစ်လာတာလဲ ကိုရွှေသီးရ"

"အင်း ပြောမယ် ပြောမယ် လာ မိမွေး"

"ကဲ ထိုင်ပါဦး ကျွန်တော်ဘာကူညီပေးရမလဲ"

ထိုအခါ ကိုရွှေသီးက "တခြားတော့ မဟုတ်ပါဘူး ဆရာလေးရယ်" ဟု ဆိုကာ စကားကိုမဆက်နိုင်တော့ဘဲ ရှိရာ ဇနီးဖြစ်သူ မိမွေးကဆက်၍ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါဆရာလေးရယ်၊ မနက်ဖြန်ကို ကျောင်းအပ်ရက်က နောက်ဆုံးလို့ ရွာထဲက ပြောသံဆိုသံတွေကြားနေရလို့ အဲဒါ ကျွန်မ တို့မှာလည်း သမီးနဲ့သားကို ကျောင်းအပ်ဖို့က နည်းနည်းလေး ငွေလိုနေလို့ပါ"

"ဩော်. . မမိမွေးတို့က ငွေလာချေးတာလား" ဆရာ ဆိုထွန်းကျော်စကားမပြတ်ခင် ကိုရွှေသီးက "မဟုတ်ပါဘူး ဆရာလေးရယ်၊ ဆရာလေးတပည့်တွေ မနက်ဖြန်ကျောင်းမအပ် ဖြစ်ရင် ကျောင်းအုပ်ကြီးက နောက်ရက်လက်မခံဘူးလို့များ ဖြစ်နေ လားလို့ပါဗျာ"

"ဟာ ဘယ်ကလာ လက်မခံရမှာလဲဗျ လက်ခံပါတယ်၊ ခင်ဗျားတို့က ငွေလိုနေတယ်ဆိုတော့ ငွေကဘာတွေ ကုန်မှာမို့လို့ ... သိပ်မကုန်ပါဘူးဗျ"

"သိပ်မကုန်ပါဘူးဆိုတော့"

"ဟုတ်တယ် သိပ်မကုန်ဘူးဆိုတော့ မိဘဆရာ အသင်း ... ကြေးတို့ အလှူငွေ ပရိဘောဂကြေးတို့ အားကစားကြေးတို့ ဘာမှ ... ရဘူး၊ ဒီတော့ ဘယ်လောက်မှ မကုန်ကျပါဘူးဗျာ"

"ဩော် ဟုတ်လား ဆရာလေး ဒါဆိုတော့ ဘာဖိုးတွေကုန်"

"ဒီလိုဗျာ ခင်ဗျားတို့ကလေးတွေအတွက် ကျောင်းသုံးပုံနှိပ် ... အုပ်ဖိုး ဗလာစာအုပ်ဖိုးနဲ့ ခဲတံဖိုး ဒီလောက်တော့ ကုန်ကျတာ ... ဒါတလည်း ကိုယ့်စာအုပ် ကိုယ့်ခဲတံ ကိုယ့်ဘာသာကိုယ် ... လေ။ အဲဒါအပြင် ဘာမှ မကုန်ကျပါဘူး၊ ဘာငွေမှ ... သွင်း

www.burmeseclassic.com

www.burmeseclassic.com



စရာမလိုပါဘူး၊ အဲဒါ အခမဲ့ပညာရေးကို နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေတာလေ"

"ဩော် ဟုတ်လား အားနာလိုက်တာဗျာ ယခင်ကဆိုရင် အလှူငွေလည်း ထည့်ရတယ် အားကစားကြေး ပရိဘောဂကြေး ဘာကြေးညာကြေးတွေနဲ့ သားနဲ့သမီးကျောင်းအပ်တာ ငါးထောင်ကျော်ကျော်ကုန်တယ်ဆရာလေးရယ်။ အခု ဆရာလေးပြောပြတော့မှ အခမဲ့ပညာရေးသဘောကို သိရတော့တယ်။ ဝမ်းသာလိုက်တာဗျာ၊ ဟဲ့ မိမွှေး နင့်အစ်မ မိအေးတို့လည်း ပြောပြလိုက်ဦး။ ငါ့တူမနှစ်ယောက်ကို ကျောင်းလာအပ်လှည့်လို့ ညနေကျသွားပြောလိုက်ဟ"

"ကဲ ကဲ ကိုရွှေသီးနဲ့ မမိမွှေးတို့ ဇနီးမောင်နှံကတော့ အခမဲ့ပညာရေးအကြောင်း ကျွန်တော်ရှင်းပြတာနဲ့ သိသွားကြပြီ မဟုတ်လား၊ ဘကြီးဖြိုးကတော့ သဘာမပေါက်သေးဘူးဖြစ်နေတယ် အဲဒါ ခင်ဗျားတို့လည်း တစ်ဆင့်စကားနဲ့ပြောပြလိုက်ဦးနော်"

"ဟုတ်ကဲ့ဆရာလေး ဟုတ်ကဲ့၊ ခွင့်ပြုပါဦးနော်"

ကိုရွှေသီးနှင့်မမိမွှေးတို့ဇနီးမောင်နှံမှာ ဆရာကိုထွန်းကျော်အား နှုတ်ဆက်၍ ပြန်သွားကြလေသည်။

❖ ❖ ❖

"ဘိုးဘိုး သမီးဗိုက်ဆာတယ်"

"မိချိုလေး ဗိုက်ဆာလို့တဲ့ အဘိုး"

www.burmeseclassic.com

www.burmeseclassic.com



မြေးမလေး မိချိုက ပိုက်ဆာ၍ပြောနေစဉ် မိချို၏အစ်ကို ဖိုးဇော်က အဘိုးဖြစ်သူအား လှမ်း၍ပြောသည်။

အဘိုးဖြစ်သူ ဦးမောင်ကြီးသည် ရေနွေးကြမ်းသောက်နေရာမှ ထလာကာ မြေးငယ်နှစ်ဦးအား ဘီစကစ်မုန့်ထုပ်ကိုဖောက်၍ပေးနေသည်။

မိချိုက ဘီစကစ်ကိုမစားချင်သဖြင့် "ဘိုးဘိုးကလည်း ဒီဘီစကစ်မုန့်ကိုပဲ ကျွေးကျွေးနေတယ်။ သမီးမှ အဲဒါ မစားချင်တာ" ဟု ပြောလေသည်။

"ကဲ သမီးရယ် သမီးက ဘီစကစ်မစားချင်တော့ ဘိုးဘိုးက ဘာမုန့်ကျွေးရမလဲ သမီးအမေ မကြည်စျေးက ပြန်လာရင် မုန့်တွေ ဝယ်လာပေးမှာပဲ သမီးရယ်၊ အခု အဆာပြေ ဒီမုန့်လေးပဲ စားလိုက်ပါဦးသမီး"

အဘိုးဖြစ်သူ ဘကြီးဖြိုးသည် မြေးငယ်နှစ်ယောက်အား ခေါ်၍မုန့်ကျွေးနေစဉ် ကိုရွှေသီးရောက်ရှိလာသည်။

"ဗျို့ ဘကြီးဖြိုး၊ မြေးတွေနဲ့ အလုပ်ကို ရှုပ်နေတာပဲ"

"ဩော် အေးကွ ရွှေသီးရ၊ လာထိုင် ဆိုစမ်းပါဦး"

"ဘကြီးဖြိုးရေ . . ကျောင်းမှာ လိုအပ်တဲ့ စာရေးခုံ၊ ထိုင်ခုံ၊ ဘောဂတို့ ဘာတို့ လိုအပ်တာတွေကို ပြည်ထောင်စုကြံ့ခိုင်ရေး ဖွံ့ဖြိုးရေးအသင်းကြီးက လှူတယ်လေ။

ပြီးတော့ တချို့စေတနာရှင်တွေကလည်း သူတို့သဒ္ဓါအရ လှူတာတွေရှိတယ်လေ။ ဒါ့ကြောင့် သားသမီးတွေရဲ့ပညာရေး

www.burmeseclassic.com

www.burmeseclassic.com



မှာ ကျောင်းအတွက် ကုန်ကျမဲ့ စရိတ်စကတွေ ဝန်ဆောင်မှုတေ
ဘာမှမကုန်ကျတော့ဘူး ဘကြီးဖြိုးရ"

"ဩော် အေးအေး မင်းပြောတဲ့အတိုင်း ဆိုတော့လည်
တော်တော် ဟုတ်သွားပဲကွာ ဘကြီးသိတာကတစ်မျိုးကွ ခုတေ
ငါ့မြေးလေးတွေလည်း အခမဲ့ပညာရေးစနစ်မှာ ကျောင်းနေရတ
ကျောင်းထားရတာ သိပ်ဝမ်းသာစရာပဲကွာ"

ထိုစဉ် မြေးမလေးမိချိုက "ဘိုးဘိုး သမီးတို့ကို ဘယ်တေ
ကျောင်းအပ်မှာလဲဟင်" "မနက်ဖြန်ကျရင် ကျောင်းအပ်မ
မြေးတို့ရဲ့ ဒီနေ့ ကျောင်းပိတ်ထားတယ်လေ မနက်ဖြန်ကျမှ အ
ကျောင်းလိုက်အပ်ပေးမယ်နော်"

"မနက်ဖြန်ကျတော့ ပြဿဒါးနေ့ကြီးဗျ ဘကြီးဖြိုး
ဘကြီးဖြိုးတို့ မြေးအဘိုး စကားပြောနေသည်ကိုကြား၍ အိမ်နီး
ကိုထွေးမောင်ကဝင်၍ပြောသည်။

"ဟ ထွေးမောင်ရ၊ ပြဿဒါးကောဘာဖြစ်တုံးကွ၊ ပ
သင်ယူတာမှာ ပြတ်ပြတ်သားသားသိရှိနားလည်ပြီး စာမေးပွဲ
ပြတ်ပြတ်သားသား အောင်သွားမှာ၊ အဲဒါကြောင့် ငါ့မြေးတေ
ပညာရေးမှာ ကျောင်းအပ်တာကို ပြဿဒါးတွေ ဘာတွေမရှေ
ဘူးကွ"

"ဟဲ့ မိအေးတို့ မိမွှေးတို့ နင်တို့သားတွေသမီးတွေလ
ကျောင်းအပ်ကြမယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အခမဲ့ပညာရေးစနစ်မှာ ကုန်ကျမှုတွေ အများကြီး သက်သာသွားပြီလေ ဦးကြီးဖြိုးရဲ့ မနက်ဖြန် ကျောင်းအပ်ရမှာပေါ့" ဟု မိမွှေးကပြောသည်။

နောက်နေ့တွင် ဘကြီးဖြိုးက မြေးနှစ်ယောက်ကို လက်က တွဲ၊ မိအေးက သမီးနှစ်ယောက် လက်ကိုဆွဲ၊ မိမွှေးက သားနှင့် တောက အစ်ကိုဝမ်းကွဲ၏သမီး တူမလေး တစ်ယောက်တို့ကိုပါ ခေါ်လျက် ကျောင်းသို့ သုတ်ခြေတင်သွားခဲ့ကြလေတော့သည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## သန်ချဆေး တိုက်ကျွေးရှုမဟုတ်ပါ

"မနေ့က စတုတ္ထတန်း(ဘီ)က မနှင်းအေးသေသွားတာ နင်သိလား နုနု"

"ဟင့်အင်း၊ မသိဘူး၊ ဘာဖြစ်လို့သေတာလဲ မိုးမိုးရဲ့"

"သန်ချဆေးသောက်လို့သေတာတဲ့"

"ဟုတ်လား ဒါဆို သန်ချဆေးက ကြောက်စရာကောင်းတယ်နော် ငါတော့ မသောက်ချင်ဘူးဟာ"

"မသောက်လို့ မဖြစ်ဘူး နုနု၊ ဆရာမတို့က သန်ချဆေးသောက်လို့ ဘာမှအန္တရာယ်မရှိဘူးလို့ပြောတာ နင်ကြားတယ်မဟုတ်လား"

"ခက်တာပဲဟယ် ငါမှ မသောက်ချင်တာ"

"ဘာလဲ နင်က သန်ချဆေးသောက်ရင် မနှင်းအေးလိုဖြစ်မှာစိုးလို့လား ဒီလိုဆိုရင် ကျောင်းသားတွေကို ကျန်းမာရေးဌာနက သန်ချဆေးလာတိုက်ပါဦးမလား"

နေ့လယ် မုန့်စားကျောင်းဆင်းချိန်တွင် အခန်းရှေ့ဝရန်တာ၌ စတုတ္ထတန်းကျောင်းသူ မနုနုနှင့် မမိုးမိုးအေးတို့ မုန့်စားရင်း



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေကြသည်ကို စာသင်ခန်းထဲရှိ ဆရာမဒေါ်နီလာအေး
က ကြားတစ်ချက် မကြားတစ်ချက်ဖြစ်နေ၍ ကျောင်းသားတစ်ဦး
အား လက်ရပ်ခေါ်ကာ "ဟဲ့ မောင်အောင် နုနုနဲ့မိုးမိုးကို ဆရာမ
ခေါ်နေတယ်လို့ သွားပြောစမ်း" ဟု စေခိုင်းလိုက်သည်။

"ဟုတ်ကဲ့ပါ ဆရာမ" ဟုဆိုကာ မောင်အောင်က အခန်း
ရှေ့ဝရန်တာသို့ ထွက်သွားလေသည်။

ခဏအကြာ နုနုနှင့်မိုးမိုးတို့သည် ဆရာမ အနီးသို့ ရောက်
ရှိလာသည်။

"နုနုနဲ့မိုးမိုးတို့သည် စကားပြောနေတာ ဆရာမကြားလို့
အောင်အောင့်ကို ခေါ်ခိုင်းလိုက်တာ"

ဆရာမဒေါ်နီလာအေးက ထိုသို့ပြောသည့်အခါ နုနုနှင့်
မိုးမိုးတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မဝံ့မရဲ
ဖြင့် "မနှင်းအေး သန်ချဆေးသောက်ပြီးသေသွားတာကို သမီးတို့
ပြောနေတာ ဆရာမ" ဟု တိုးညင်းစွာပြောလေသည်။

"အေး ဆရာမ သမီးတို့ပြောနေတာကိုကြားလို့ ခေါ်လိုက်
တာကွဲ့၊ ဟိုနေ့ကပဲ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမင်းကျော်
ကျောင်းမှာလာပြီး သန်ချဆေးတိုက်ကျွေးမယ့် အစီအစဉ်တွေနဲ့
သန်ချဆေးသောက်လို့ အန္တရာယ်တွေ မရှိနိုင်ဘူးဆိုတာ ဟောပြော
သွားတာ ကြားတယ်မဟုတ်လား"

"ကြားပါတယ်ဆရာမ"

နှစ်ဦးစလုံးက သံပြိုင်ဖြေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ဆရာမက သမီးတို့ကျောင်းသားကျောင်းသူတွေကို သန်ချေးသောက်တာနဲ့ ဘာအန္တရာယ်မှ မဖြစ်နိုင်ဘူးဆိုတာကို ပြောချင်လို့ ခေါ်လိုက်တာကွဲ့"

နုနုနှင့် မိုးမိုးတို့က ဆရာမပြောပြသည်ကို စိတ်ဝင်စားစွာ နားထောင်နေကြ၏။

"ဆရာမသမီးတို့ကို ပြောပြချင်တဲ့ နောက်တစ်ချက်က အဲဒီ သန်ချေး ဘာကြောင့်သောက်ရသလဲ၊ တိုက်ကျွေးရသလဲ ဆိုတာကို ပြောချင်သေးတယ်ကွယ်"

ဆရာမဒေါ်နီလာအေးက ထိုသို့ပြောနေစဉ် ကျောင်းသားကျောင်းသူလေးများက တစ်ဖွဲ့ဖွဲ့စာသင်ခန်းအတွင်းသို့ ရောက်ရှိလာကြရာ အတန်းသားအားလုံးလိုလို ရောက်ရှိလာလေသည်။

"တကယ်တော့ သန်ချေးသောက်ရတာ၊ တိုက်ကျွေးရတာဟာ သန်ကောင်ရောဂါရှိနေလို့ပဲကွဲ့"

"ဆရာမ သန်ကောင်ရောဂါဆိုတာ လူရဲ့ ဗိုက်ထဲမှာ သန်ကောင်တွေရှိနေတာကို ခေါ်တာလား ဆရာမ"

"အေးဟုတ်တယ်ကွဲ့၊ မောင်ဖြိုးပြောတာ မှန်တယ်၊ သန်ကောင်ဗိုက်ထဲမှာ ရှိနေတာကို သန်ကောင်ရောဂါလို့ ခေါ်ကြတယ်၊ အဲဒီ သန်ကောင်ရောဂါဟာ မင်းတို့လို ကျောင်းသားငယ်တွေအရွယ်မှာ ရှိတတ်တယ်။ ကျန်းမာရေးဌာန အာဟာရ ဖွံ့ဖြိုးရေးစီမံချက်ရဲ့ သုတေသနပြုချက်အရဆိုရင် ကလေး ၁၀၀ မှာ ၇၀ ဦးလောက်ဟာ သန်ကောင်ရောဂါ ရှိတယ်လို့ဆိုတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာမဒေါ်နီလာအေးက သန်ကောင်ရောဂါအကြောင်းကို ကျန်းမာရေးဌာန၏လက်ကမ်းကြော်ငြာပါအချက်များကိုကိုင်၍ င်းပြရာ အားလုံးငြိမ်သက်စွာ နားထောင်နေကြလေသည်။

"ပြီးတော့ ဆရာမတို့ မြန်မာနိုင်ငံမှာ သန်ကောင်ရောဂါ စ်နိုင်တဲ့ သန်ကောင် ၅ မျိုးရှိတယ်။ အဲဒါတွေက သန်လုံးကောင်၊ န်ပြားကောင်၊ ကြာပွတ်သန်ကောင်၊ တုတ်သန်ကောင်နဲ့ တ်ကောင်တို့ပဲကွဲ့"

ထိုစဉ် မောင်ထူးကမတ်တတ်ရပ်၍ "ဆရာမ သားတို့အိမ် က ဗိုက်ကြီးပူနေတဲ့အဒေါ်ကြီး ဒေါ်ပူစူးမမှာလည်း သန်ကောင် ဂါရှိတယ်ဆိုပြီး ဆေးခန်းကိုသွားတာ သားတွေ့တယ်" ဟု ရာမအား ပြောပြသည်။

"အေး မောင်ထူးပြောတာဟုတ်တယ်ကွဲ့ အဲဒီ သန်ကောင် ဂါဆိုတာ ကိုယ်ဝန်ဆောင်တွေမှာလည်း ရှိတတ်တယ်၊ ယ်ဝန်ဆောင် ၁၀၀ မှာ ၄၀ လောက်က သန်ကောင်ရောဂါ တတ်တယ်၊ အဲဒါကြောင့် သန်ကောင်ရောဂါကို မကူးစက်အောင် ကာွယ်ကြရမယ်ကွဲ့ သားတို့သမီးတို့"

"ဟုတ်ကဲ့ပါ ဆရာမ"

"တဲ အဲဒီတော့ သားတို့သမီးတို့ကို ဆရာမမေးမယ်နော်၊ ကောင်ရောဂါဘယ်လို ကူးစက်သလဲဆိုတာ သိတဲ့လူရှိရင် ပြပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဆရာမက မေးသော်လည်း မည်သူမျှမပြောကြပေ
ထို့ကြောင့် ဆရာမဒေါ်နီလာအေးက နောက်တစ်ကြိမ်ထပ်၍ မေး
ပြန်သည်။

"သန်ကောင်ရောဂါဘယ်လို ကူးစက်သလဲ၊ ဘယ်လိုရ
သလဲ ပြောပါဦး"

"လက်မသန့်ရှင်းလို့ပါ ဆရာမ"

ကျောင်းသူတစ်ဦးက ထ၍ပြောသည်။

"မှန်တယ်ကွယ်၊ နောက်သိရင်ပြောပါဦး" "အစားအစ
တွေ မသန့်ရှင်းလို့ပါ ဆရာမ"

"ဒါလည်းမှန်တယ်ကွယ်၊ နောက်ကော ဘယ်သူသိသေ
လဲ"

ဖြေမည့်သူမရှိတော့ပေ "ကဲ ဆရာမပြောမယ်၊ လူရဲ့အရေ
ကို သန်ကောင်တွေ ထိုးဖောက်ဝင်ရောက်ခြင်းကြောင့်လည်း
ကူးစက်နိုင်တယ်တဲ့။ ဒါကြောင့် အပြင်ထွက်ရင် ဖိနပ်စီးရမယ်
ဆရာမပြောတာပေါ့ ကြားလား"

"ကြားပါတယ်ဆရာမ"

"နောက်တစ်ခု ဆရာမမေးဦးမယ်ကွာ၊ သားတို့သမီး
အိမ်မှာ ယင်လုံအိမ်သာရှိလား"

"ရှိပါတယ်ဆရာမ"

"မရှိပါဘူးဆရာမ"

ကျောင်းသားများက ထိုသို့ပြောကြရာ ဆရာမက

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒါဆိုရင် အိမ်မှာ ယင်လုံအိမ်သာရှိတယ်ဆိုတဲ့ သားတို့သမီးတို့က ထိုင်နေကြ၊ ယင်လုံအိမ်သာမရှိဘူးဆိုတဲ့ သားတို့သမီးတို့က မတ်တတ်ရပ်ပြစမ်းကွာ"

ကျောင်းသားအချို့မတ်တတ်ရပ်ကြသည်။

ထို့နောက် ဆရာမ ကျောင်းသားများအား လက်ဖြင့်ပြကာ ပြန်ထိုင်ခိုင်းလိုက်သည်။ ထိုစဉ် ကျောင်းသားတစ်ဦးက မတ်တတ်ရပ်၍ "သားတို့အိမ်မှာ ဘာအိမ်သာမှ မရှိဘူးဆရာမ" ဟု ပြောရာ ဆရာမက "ဟဲ့ မောင်မျိုး မင်းတို့အိမ်မှာ ဘာအိမ်သာမှ မရှိဘူးဆိုတာ ဟုတ်ရဲ့လား" ဟု မေးလေသည်။

"မရှိပါဘူးဆရာမ၊ သားတို့အိမ်ဘေးက အဘိုးတို့အိမ်သာ [illegible] သွားကြတယ်" ဟု ပြောရာ ကျောင်းသားကျောင်းသူအချို့က [illegible]နဲ့ဝိုင်း၍ ရယ်ကြလေသည်။

"သားတို့သမီးတို့ အိမ်မှာ ယင်လုံအိမ်သာမရှိရင် [illegible]ကောင်ရောဂါတင်မကဘူး၊ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ အခြား [illegible]တွေလည်း ဖြစ်ပွားတတ်တယ်၊ အဲဒါကြောင့် သားတို့မိဘ [illegible]ကို သားတို့ကပြောပြကြ၊ ယင်လုံအိမ်သာဆောက်ပေးပါလို့" ပြီးလျှင် ဆရာမက ဆက်၍ရှင်းပြသည်။

"သားတို့ဗိုက်ထဲမှာ သန်ကောင်ရှိနေပြီဆိုရင် သားတို့သမီး [illegible] တွေလို ခန္ဓာကိုယ်က စံချိန်မီမကြီးထွားနိုင်တော့ဘူးကွဲ့၊ [illegible]ကို သန်ကောင်က စားလိုက်လို့ အာဟာရလည်း ချို့တဲ့ [illegible] ပြီးတော့ ဦးနှောက်ဖွံ့ဖြိုးမှုကိုပါ ထိခိုက်တယ်၊ ပညာသင်ယူ

www.burmeseclassic.com

www.burmeseclassic.com



တဲ့နေရာမှာ မှတ်ဉာဏ်တွေပါ ထိခိုက်ကျဆင်းတတ်တယ်၊ အဲဒါ
ကြောင့် သားတို့သမီးတို့တွေကို အိမ်မှာ ယင်လုံအိမ်သာဆောက်ဖို့
အိမ်က ဖေဖေနဲ့မေမေကို ပြောပြရမယ်နော်၊ နောက်တစ်ကိုယ်ရေ
သန့်ရှင်းရေးကိုလည်း ဆောင်ရွက်ရမယ်။ သန့်ရှင်းတဲ့အစားအစာ
ယင်မနားတဲ့ အစားအစာတွေကို စားရမယ်လို့ပြောတာပေါ့
တကယ်လို့ဖြစ်လာရင် ကျန်းမာရေးဌာနကို ပြသပြီး ကုသမှုခံယူ
မယ်ကွဲ့၊ ကျန်းမာရေးဌာနက ကျွေးတဲ့သန်ချဆေးကိုလည်း
ဆရာဝန်တွေညွှန်ကြားတဲ့အတိုင်း သောက်ကိုသောက်ရမယ်
သန်ချဆေး သောက်လို့ ဘာအန္တရာယ်မှ မရှိဘူးဆိုတာတွေကို
ယုံကြည်ရမယ်၊ လက်ခံရမယ်ကွဲ့၊ ကဲ ဆရာမပြောတာကို
မှတ်မိကြတယ်နော်”

“မှတ်မိပါတယ် ဆရာမ”

“မှတ်မိရုံတင်မကဘူး၊ လိုက်နာဆောင်ရွက်ရမယ်ကွဲ့”

“ဟုတ်ကဲ့ပါဆရာမ”

ထိုစဉ် နေ့လယ်ကျောင်းတက်ခေါင်းလောင်းထိုးပြီဖြစ်
သဖြင့် ဆရာမဒေါ်နီလာအေးသည် ဆွဲခြင်းကိုဆွဲကာ တာဝန်
ကျရာ စာသင်ခန်းဆီသို့ လှမ်းထွက်သွားပါတော့သည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## ကောက်ကွဲနဲ့ ရှိုးထော်

မြို့လှရွာ၌ ရွာဦးကျောင်းဘုံကထိန်ပွဲ ကျင်းပနေသည်။

ရွာဦးကျောင်းဆရာတော်ဦးဇာဂရသည် သူ့ကျောင်းက ကထိန်ပွဲကို နိုင်ငံကျော်ဆိုင်းအဖွဲ့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသည်။ ကထိန်ပွဲမကျင်းပခင် ဆယ်ရက်ခန့်အလိုကပင် စီစဉ်စရာ ...ဘာတွေစီစဉ်၍ ကျေးရွာ ဂေါပကလူကြီးများ ရပ်မိရပ်ဖများနှင့် ...ညှိနှိုင်းစီစဉ်ခဲ့ရာ ယခုဆိုလျှင် ကထိန်ပွဲကား ခြိမ့်ခြိမ့်သဲစည်ကား ...ခွန်းလှသည်။

ကထိန်ပွဲသို့ မြို့က ဒကာဒကာမတွေလည်း လာကြသည်။ ...နီးဝန်းကျင်ကျေးရွာတချို့ကလည်း လာကြသည်။ ဆရာတော်က ...ည်း ကျွေးမွေးစရာများကိုပါ လောက်ငအောင် လိုလေသေးမရှိ ...စဉ်ထားခြင်းဖြစ်သည်။

ပဒေသာပင်တွေကလည်း ဇရပ်ကွင်းရွာက တစ်ပင်၊ သိုင်း ...ရွာက တစ်ပင်၊ ကျေးတောရွာက တစ်ပင်၊ မြိုင်သာရွာက တစ်ပင် ...နှင့် မြို့လှရွာမကြီးနှင့် ရွာရှေ့ပိုင်းတို့က ပဒေသာပင်တို့အား ကျောင်း ...မ်တွင် အစီအရီ နေရာချထားသည်ကိုတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ကလည်း စည်ကားများပြားလှသည်။

"အခု ပထမဆုံး ဖျော်ဖြေမယ့်သီချင်းကတော့ အဆိုတော်ဝင့်ဇာပြုံးရဲ့ 'ဒါအချစ်လား'သီချင်းပဲဖြစ်ပါတယ်"

"ဟေ့ တူးမာ၊ ဟိုအဆိုတော်ဝင့်ဇာပြုံးဝတ်တဲ့ စကတ်ကို နင်တွေ့လား အဲဒါ သုံးသောင်းကျော်တယ်တဲ့"

"ငါတွေ့ပါတယ်ဟာ ဒါပေမဲ့ ငါက အဲဒီ သုံးသောင်းကျော် တာတို့ ဘာတို့ကို စိတ်မဝင်စားဘူး"

"ဟင် နင်က ဘာကို စိတ်ဝင်စားလို့လဲ မိမော်ရဲ့"

"ဟိုလေဟို စကတ်တိုရှေ့ကရယ် ဘေးနှစ်ဖက်ရယ် ခွဲထား တာလေ၊ သူက ကခုန်လှုပ်ရှားတော့ အဲဒီစကတ်အစတွေက လေမှာ လွင့်လွင့်ပြီးလှုပ်ရှားနေတာကိုကြည့်နေတာ"

"ညည်းကလည်းတော် အဲဒါများ အဆန်းလုပ်လို့"

"အဆန်းပေါ့ဟဲ့ အဲဒါအခုခေတ်စတိုင်လေ၊ ငါလည်း အိမ် ရောက်ရင် အမေ့ကို အဲဒီစကတ်မျိုးချုပ်ခိုင်းဦးမယ်"

တူးမာ၊ မိမော်၊ မြသီနဲ့အေးငြိမ်းခိုင်တို့ကျောင်းသူ သူငယ်ချင်းတစ်စု ဆိုင်းအဆိုတော်သီဆိုဖျော်ဖြေမှုကို ကြည့်ရင်း ပြောနေသော စကားသံများပင်ဖြစ်ပါသည်။

သူတို့လေးဦးစလုံးသည် မြို့လှရွာအခြေခံပညာ အထက်တန်း ကျောင်းက ဆဋ္ဌမတန်းကျောင်းသူများဖြစ်ကြသည်။ အတန်းထဲ တွင် အခင်မင်ဆုံး အတွဲဆုံးသူငယ်ချင်းများဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဧင်းတို့အထဲတွင် မိမော်နှင့်တူးမာတို့မိဘများက ကုန်သည်များဖြစ်ပြီး မြသီနှင့်အေးငြိမ်းခိုင်တို့မိဘများကမူ ယာသမားများဖြစ်ကြသည်။ မိဘများကလည်း ခင်မင်ရင်းနှီးမှုရှိကြသလောက် သူတို့သူငယ်ချင်းတစ်စုကလည်း ခင်မင်ရင်းနှီးကြသည်။

ထိုသို့ ဆိုင်းအဆိုတော်၏ ခေတ်ပေါ် စတီရီယို တေးသီချင်းများကို သီဆိုနေချိန်တွင် ပရိသတ်ကလည်း လက်ခုပ်သံများဖြင့် အားပေးကြရာ ဆိုင်းအဖွဲ့များ အဆိုတော်များမှာပို၍ သီဆိုဖျော်ဖြေမှုပြုကြလေသည်။

ခဏအကြာတွင် "အခုဆက်လက်ပြီး သီဆိုဖျော်ဖြေမှာကတော့ တေးသံရှင် ဝင့်ဇာပြုံးရဲ့ ချယ်ရီလက်ဆောင်ပေးသူရေ သီချင်းဖြစ်ပါတယ်" ဟု ကြေညာသည်။ ကြေညာသံနှင့်အတူ ငြိမ့်ညောင်းသောတူရိယာအသံများထွက်ပေါ် လာသည်။

"တစ်ယောက်တစ်နယ်စီမှာနေ . . . . ပိတောက်နဲ့ချယ်ရီမောလေ . . . . ရှမ်းနယ်ပြည်က ပန်းချယ်ရီရေ" တေးသီချင်းက ချယ်ရီပန်းကို ရည်ညွှန်းဖွဲ့ဆိုသော သီချင်းဖြစ်သည်။ နားဝင်ပီယံဖြစ်လှပါသည်။

"ဟဲ့မြသီ အခုလိုဆိုတော့ တော်တော်လှပါလားဟဲ့။ အသံကလည်း အရမ်းကောင်းတာပဲနော် သူ့အဝတ်အစားကလည်း မြန်မာဆန်ပြီး အရမ်းကြည့်ကောင်းတာပဲနော်"

"အေးဟဲ့ တူးမာ ငါတောင်အံ့သြနေတယ် ခုနက စကားပြောဆိုတော့လည်း တစ်မျိုးကြည့်ကောင်းသလို အခုလို မြန်မာဆန်ဆန် ဝတ်တော့လည်း ကြည့်ကောင်းတာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



တူးမာတို့ကျောင်းသူ သူငယ်ချင်းမိန်းကလေးတစ်သို
ဆိုင်းအဆိုတော်၏ အင်္ကျီလုံချည်အဝတ်များကိုကြည့်၍ ပြောဆို
ကြသည်။ အဆိုတော်တစ်ဦးတည်းကပင် စကတ်ကွဲဝတ်ခြ
မြန်မာဆန်ဆန်လုံချည်ထဘီများဝတ်ခြင်းများကို ငယ်ရွယ်ကြသ
ကျောင်းသူလေးများကိုယ်တိုင် မြင်တွေ့အကဲဖြတ်နေခြင်း ဖြစ်
သည်။

ရှေးက ကျေးလက်တောရွာများ၌ ဘုန်းတော်ကြီးကျော
များအနီးတွင် စာသင်ကျောင်းများကို ဆောက်လေ့ရှိပါသည်။
ဖြစ်၍ မြို့လှရွာ ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် အခြေခံပည
အလယ်တန်းကျောင်းတို့သည်လည်း တစ်ဆက်တည်း တည်ရှိ
ကြသည်။ ထို့ကြောင့် ဆရာကျောင်းသားများပင်လျှင် ဘုန်းတော်
ကျောင်းသို့ ဝင်ထွက်သွားလာလေ့ရှိကြသည်။

"ဒေါင် ဒေါင် ဒေါင် ဒေါင်"

ကျောင်းတက်ခေါင်းလောင်းထိုးသံကြောင့် တူးမာ
သူငယ်ချင်းတစ်စု စာသင်ခန်းအတွင်းသို့ အပြေးအလွှား ဝင်
ကြသည်။

ကျောင်းရှေ့ရှိ လေမှာတလူလူလွင့်နေသော နိုင်ငံတေ
အလံအောက်ဝယ် ကျောင်းသားကျောင်းသူများအားလုံး အင
ကြလေသည်။ မြန်မာ့ကျောင်း သီချင်းကို သီဆိုကြသည်။

ပြီးလျှင် ကျောင်းအုပ်ဆရာကြီးက ချောင်းစုတေ
ကျင်းပမြဲဖြစ်သည့် အလံတိုင်ရှေ့ကွင်းပြင်သို့ ကျောင်းသားမျာ

www.burmeseclassic.com

www.burmeseclassic.com



ပေးနေရာယူစေသည်။ ပြီးနောက် ဆရာကြီးက –

"သားတို့သမီးတို့ ကျောင်းစုဝေးပွဲကို ပုံမှန်ကျင်းပခဲ့တာ အခုဆိုရင် အကြိမ် မနည်းတော့ပါဘူး၊ နိုဝင်ဘာလတောင်ရောက်လာပြီ ဒီကနေ့တော့ ဆရာကြီး မြို့နယ်ပညာရေးမှူးရုံးမှာ အစည်းအဝေးရှိလို့ အစည်းအဝေးကိုသွားရမယ်၊ ဒီတော့ သားတို့သမီးတို့ကို ဆရာဦးယဉ်ထွေးက ဆုံးမစကား ပြောကြားမှာဖြစ်ပါတယ်။ ဆရာတိုယဉ်ထွေး ဆုံးမစကားပြောကြားပေးပါရန် ဖြစ်ပါတယ်ခင်ဗျာ"

ကျောင်းအုပ်ဆရာကြီးက ထိုသို့လမ်းညွှန်စကား ပြောပြီးသည်နှင့် ကျောင်းစုဝေးပွဲကွင်းပြင်မှ ထွက်ခွာသွားလေတော့သည်။ ဆရာဦးယဉ်ထွေးသည် ကျောင်းသားများရှေ့တွင် နေရာယူလိုက်ပြီး တည်ငြိမ်အေးချမ်းသောလေသံဖြင့် အောက်ပါကဗျာလေးကို ရွတ်ဆိုပြလေသည်။

သန့်သန့်လေး ဝတ်ပါလို့
လှလှလေးနေကြမယ်။
ယဉ်ကျေးရာ အဝတ်များကိုလ
ဝတ်စားစို့ကွယ်။
မောင်ဘွားနဲ့ မိရှေ့ဝယ်
ကြည့်လို့ရယ်မယဉ်ကျေး။
သည်အသွင် သည်အသွေးကို
ရှောင်ရှားမယ်လေး။ ။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကဗျာလေးကတော့ ဆရာသိန်းသန်းထွန်းရဲ့ ကောင်းစွာဝတ်စားမယ် ဆိုတဲ့ကဗျာလေးပါကွယ်။

အင်္ကျီလည်ဟိုက်၊ ကျောဟိုက်၊ စကတ်ကွဲ၊ ထဘီကွဲ၊ ရှေ့ကွဲနောက်ကွဲ၊ ဘေးကွဲတွေနဲ့ အမျိုးမျိုး သရုပ်ပျက်တဲ့ အဝတ်စားတွေကို ဝတ်နေကြတာတွေ သားတို့သမီးတို့ မျက်စိထဲမှာ ကြည့်လို့မြင်လို့မှ မကောင်းတာကွာ။ ရိုးရိုးနဲ့ယဉ်ယဉ် ဝတ်ကြစားကြရောပေါ့။ ပြီးတော့ဘာတဲ့လဲ ရှေ့ကွဲ၊ နောက်ကွဲ၊ ဘေးကွဲထဘီကို ရှိုးထဘီလို့လည်း ခေါ်ကြဆိုပဲ။ မောင်နဲ့နှမ သားနဲ့အမိ မြင်လို့မှ မတင့်တယ် မဖွယ်ရာတဲ့အဲဒီလို စကတ်ကွဲတွေ ထဘီကွဲတွေကို မဝတ်ကြစမ်းပါနဲ့ကွာ အဲဒီတော့ ဆရာကတော့ စကတ်ကွဲနဲ့ရှိုးထဘီကို ဝတ်ဆင်ကြတဲ့ တပည့်ကျောင်းသူတွေ မြို့ကြီးပြကြီးကဝတ်တာပါဆိုပြီး အတုယူဝတ်ဆင်ကြလို့ တောအရပ်တွေမှာလည်း ပြောစမှတ်တွင်ကုန်ကြပြီ တပည့်တို့၊ ဒါကြောင့် ဆရာကတော့ အဲဒီ ရှေ့ကွဲ၊ နောက်ကွဲ၊ ဘေးကွဲနဲ့ချုပ်ထားတဲ့ ထဘီတွေစကတ်တွေကို သမီးတို့လိုကျောင်းသူမိန်းကလေးတွေ မဝတ်စေချင်ဘူးကွယ် ယဉ်ကျေးတဲ့အဝတ်အစားတွေကိုသာဝတ်ကြဆင်ကြပါလို့ ပြောရင်း နိဂုံးချုပ်ပါတယ်ကွယ်"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

ဆရာဦးယဉ်ထွေးသည် ဆုံးမစကားပြောပြီး ဒုတန်းအသီးသီးသို့ ကျောင်းသားများကို စနစ်တကျပြန်ဝင်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



တူးမာ၊ မိမော်၊ မြသီနှင့် အေးငြိမ်းခိုင်တို့ သူငယ်ချင်းတစ်စု၏ အတွေးအာရုံထဲတွင် မနေ့က ရွာကထိန်ပွဲ၌ ဆိုင်းအဆိုတော်ဝတ်ဆင်ထားသည့် စကတ်ကွဲနှင့် ရှိုးထဘီကို မြင်ယောင်နေဆဲလား၊ ဆရာဦးယဉ်ထွေး၏ ကျောင်းစုဝေးပွဲ၌ ဆုံးမပြောကြားမှုများကို ကြားယောင်နေဆဲလား ဆိုသည်ကိုမူ ကာယကံရှင်များသာ သိကြပါလိမ့်မည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အပြစ်ကင်းတဲ့အလုပ် ဂုဏ်ရှိတယ်

မြန်မာစာဆရာမ ဒေါ်မြင့်မြင့်သည် ဆဋ္ဌမတန်း (ဂ) မှ တပည့်များကို ဖွံ့ဖြိုးရေးချိန်များတွင် ဆုံးမစကားများ ပြောကြား လေ့ရှိသည်။

တစ်နေ့တွင် ဆရာမက တပည့်များကို ဘဝမှာ ရည်မှန်း ချက်ထားရှိကြရန်လိုကြောင်းကို ပြောပြီး ဘဝရည်မှန်းချက်ဟူသော ခေါင်းစဉ်ဖြင့် စာစီစာကုံး ရေးခိုင်းမည်ဖြစ်ကြောင်း ပြောသည်။ စာစီစာကုံးမရေးမီ တပည့်များ၏ မိဘအလုပ်အကိုင်ကို တစ်ယောက် ချင်းမေးလေသည်။

အချို့က ကုန်သည်၊ တချို့က လယ်သမား၊ အချို့က စက်ရုံအလုပ်ရုံ အလုပ်သမား၊ အချို့က ကားမောင်း၊ အချို့က ဆိုက်ကားနင်း၊ အချို့က ဝန်ထမ်း စသည်ဖြင့် ပြောကြလေသည်။

အတန်းသားအားလုံးလိုလိုက မိဘအလုပ်အကိုင်ကို ပြော ကြသော်လည်း မောင်ကျော်အောင်ဆိုသည့်ကျောင်းသားလေးမှာ သူ့မိဘအလုပ်အကိုင်ကို မည်သို့မျှမပြောဘဲ နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆရာမက "ကဲ မောင်ကျော်အောင် မင်းက ဘာဖြစ်လို့ ဆရာမမေးတာကို မဖြေတာလဲကွ ပြောပါဦး" ဟု မေးသည်။ သို့သော်လည်း ကျောင်းသားကမဖြေ။ ဆရာမက စိတ်တိုလာပုံရသည်။

"မင်းတို့ကို ဆရာမက မင်းတို့ရဲ့ဘဝရည်မှန်းချက်ကို သိချင်လို့ စာစီစာကုံးရေးခိုင်းတာ၊ စာစီစာကုံးမရေးခင်မှာ ဆရာမက မင်းတို့မိဘအလုပ်အကိုင်ကိုသိထားမှ မင်းတို့ရဲ့ရည်မှန်းချက်နဲ့ မိဘအလုပ်အကိုင်ကိုနှိုင်းဆပြီး ဆရာမအနေနဲ့ လိုအပ်ချက်ရှိတာတွေကို ပြောပြဖို့၊ လမ်းညွှန် ဆုံးမဖို့အတွက် ဆရာမကမေးတာကွဲ့၊ ကဲဒီတော့ မောင်ကျော်အောင် ဘာဖြစ်လို့ မဖြေသလဲဆိုတာ ဆရာမကို ရှင်းပြပါဦး"

ဆရာမထိုသို့ပြောနေသော်လည်း မောင်ကျော်အောင်က မဖြေဘဲနေသည့်အပြင် ရှိုက်ကာရှိုက်ကာငို၍ နေပါတော့သည်။

"ကဲ မောင်ကျော်အောင်မဖြေချင်ရင်လည်း ဆရာမ မမေးတော့ပါဘူး၊ ဒါပေမဲ့ မင်းမိဘကိုတော့ ဆရာမခေါ်တွေ့ရလိမ့်မယ်နော်"

ထိုအခါ မောင်ကျော်အောင်အနားရှိ မောင်ထွန်းလှိုင်က အတန်းရှေ့ထွက်ကာ ဆရာမအနားသို့ကပ်၍ "ကျော်အောင်ရဲ့အဖေက ထိန်ပင်သုသာန်မှာ ခေါင်းတွေရောင်းတဲ့အလုပ်လုပ်တယ် ဆရာမ" ဟု လေသံတိုးတိုးဖြင့် ဆရာမအား ပြောပြလေသည်။

အတန်းသားအားလုံးသည် ကျော်အောင်မိခင်၏ ...ပ်ငန်းကို မသိသူများဖြစ်ကြသည်။ အနီးတွင် တစ်...တည်းထိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြသူ ထွန်းလှိုင်တစ်ဦးသာ သိထားသဖြင့် ထွန်းလှိုင်က ဆရာမအား ထိုသို့ ပြောပြခြင်းဖြစ်သည်။

ထိုအခါ ဆရာမက ကျော်အောင်၏မိဘအလုပ်အကိုင်ကို သိသွားပြီး ကျော်အောင်ကိုရော တစ်ခန်းလုံးကိုပါ ဖျောင်းဖျစကားများဖြင့် ပြောပြသည်။

"ကဲ သားတို့သမီးတို့ ဆရာမက သားတို့သမီးတို့ကို ဘဝမှာ ရည်မှန်းချက်ထားဖို့လိုတဲ့အကြောင်း ပြောပြတာက သားတို့သမီးတို့ကို လူချွန်လူမွန်တွေဖြစ်စေချင်လို့ ကြိုးစားစေချင်လို့ပဲကွဲ့၊ ပြီးတော့ မိဘအလုပ်အကိုင်ကို မေးတာကလည်း သားတို့သမီးတို့ကို မိဘတွေထက်ပိုပြီး အလုပ်တွေကြိုးစားလုပ်ကိုင်ဖို့ မိဘထက်ပိုတော်တဲ့၊ သားသမီးတွေ၊ ဆရာထက် ပိုတော်တဲ့ တပည့်တွေဖြစ်စေချင်လို့ပါ။

မင်းတို့ကြားဖူးလားတော့ မသိဘူးကွဲ့၊ ဆရာမတို့ ဆယ်တန်းရောက်တော့ သင်ခဲ့ရဖူးတဲ့ ဆရာပီမိုးနင်းရေးတဲ့ "အလုပ်ဂုဏ်" ဆိုတဲ့ ဆောင်းပါးမှာ ဘာအလုပ်ပဲဖြစ်ဖြစ်၊ အပြစ်ကင်းတဲ့အလုပ်မှန်ရင် ဂုဏ်ရှိတာချည်းပဲတဲ့၊ ဒီတော့ သားတို့သမီးတို့ကို ဆရာမပြောချင်တာက မင်းတို့မိဘတွေရဲ့ အလုပ်အကိုင်တွေ အားလုံးဟာ ဂုဏ်ရှိကြတာ ချည်းပါကွယ်။ သူများပစ္စည်းခိုးတာ၊ လုတာ၊ မတရားရယူတာတွေသာ အပြစ်ရှိတဲ့ လုပ်ငန်းတွေပါ။ အခု ဆရာမ တပည့်အားလုံးရဲ့မိဘတွေ အလုပ်အကိုင်အားလုံးဟာ အပြစ်ကင်းတဲ့ အလုပ်တွေချည်းပါပဲ၊ ကဲ စာစီစာကုံး စတင်ရေးကြဖို့

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ ဒေါ်မြင့်မြင့်က ထိုသို့ပြောပြပြီး အတန်းသား များ၏ မနေ့က လေ့ကျင့်ခန်းများကို စစ်ဆေးနေလေသည်။

နာရီဝက်အကြာတွင် စာစီစာကုံးရေးပြီးသား အဖြေလွှာတို့ ဆရာမစားပွဲပေါ်သို့လာ၍ တင်ကြလေသည်။

ဆရာမက အဖြေလွှာများကို တစ်ခုချင်းယူ၍ ဖတ်ကြည့် သည်။ အဖြေလွှာ ၁၀ ခုလောက်ကို အကြမ်းဖျင်း ဖတ်ကြည့်ရာ တွင် မောင်ကျော်အောင်၏အဖြေလွှာလည်း ပါဝင်လေသည်။

ကျောင်းသားများ၏ စာစီစာကုံးတွင် မိမိတို့ဖြစ်ချင်သော ဆရာဝန်၊ စစ်ဗိုလ်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ၊ ရဲ၊ ရှေ့နေ၊ တရားသူကြီး၊ စုံထောက်၊ ကုန်သည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ရုပ်ရှင်မင်းသား၊ ရုပ်ရှင်မင်းသမီးစသည်ဖြင့် စုံလို့ပင်ဖြစ်ပါသည်။

မောင်ကျော်အောင်၏ "ဘဝရည်မှန်းချက်" ဟူသော စာစီစာကုံးမှာ စိတ်ဝင်စားဖွယ် ကောင်းလွန်းလှပေသည်။

လူ့ဘဝမှာ ဖြစ်ချင်တာတွေကို လူတိုင်း မဖြစ်နိုင်ကြပါ။ လိုချင်တာတွေကိုလည်း လိုတိုင်းမရရှိကြပါ။ အပြစ်ကင်းတဲ့အလုပ် ကိုသာ လုပ်ကိုင်ဆောင်ရွက်ကြပါက လူ့ဘဝတွင် ရိုးသားခြင်းဝုဏ် ကို ရရှိကြပေလိမ့်မည်။

ကျွန်တော်၏ဖခင် ဦးထွန်းအောင်သည် ထိန်ပင်သုသာန်၌ အလုပ်လုပ်ပါသည်။ လူသေကောင်များထည့်သည့် ခေါင်းတို ရောင်းပါသည်။ ကျွန်တော်တို့ကို ဖခင်က အမိကစီးပွားရှာကျွေး သူဖြစ်ပါသည်။ ကျွန်တော်၏မိခင်သည် ကျွန်တော်ငယ်စဉ်ကတည်း ဆုံးပါးခဲ့ပါသည်။ ကျွန်တော့်အား ဆရာမက မိဘများ၏ အလုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



မေးသည့်အခါ ကျွန်တော်သည် အလွန်ရှက်ပါသည်။ သို့ဖြစ်၍ ဆရာမကို ကျွန်တော်မဖြေဘဲနေခြင်းဖြစ်ပါသည်။ ဆရာမကို မရိုသေ၍ မလေးစား၍ မဟုတ်ပါ။ မကြောက်၍လည်း မဟုတ်ပါ။ ကျွန်တော့်အား ဆရာမခွင့်လွှတ်မည်ဟု ထင်မိပါသည်။

ကျွန်တော်၏ဖခင်လုပ်ငန်းသည် အခြားစီးပွားရေးလုပ်ငန်းများနှင့်နှိုင်းယှဉ်လျှင် ရှက်စရာကောင်းသော၊ အမည် ဖော်ပြစရာ မကောင်းသောအလုပ်ဟု ကျွန်တော်သိရှိထားပါသည်။ သို့သော် ဆရာမက ကျွန်တော်တို့ကို အလုပ်အကိုင်တိုင်းမှာ အပြစ်ကင်းဖို့ လိုကြောင်း၊ အပြစ်ကင်းတဲ့အလုပ်မှန်ပါက ဂုဏ်ရှိပါကြောင်း ပြောပြသဖြင့် ကျွန်တော် ဆရာမအား ပို၍ကျေးဇူးကြီးမားသည့် ဆရာမဟု ဆိုချင်ပါသည်။ ကျွန်တော်ကြီးပြင်းလာသည့်အခါ တွင်လည်း အပြစ်ကင်းသည့်အလုပ်ကိုသာ လုပ်ကိုင်ပါမည်ဟု သန္နိဋ္ဌာန် ချထားပါသည်။ သို့ဖြစ်၍ ကျွန်တော်သည် အပြစ်ကင်း သော အလုပ်ကိုသာ လုပ်ကိုင်ပါမည်ဟု ရည်မှန်းချက် ထားရှိပါသည် ဟူ၍ ရေးသားထားပါသည်။

ဆရာမ ဒေါ်မြင့်မြင့်သည် မောင်ကျော်အောင်၏ စာစီစကုံးအဖြေလွှာကိုဖတ်ကြည့်ရင်း မိမိသင်ကြားခဲ့သည့်အပြစ် ကင်းတဲ့ အလုပ်မှန်လျှင် ဂုဏ်ရှိသည့်ဘဝသင်ခန်းစာကို ကျောင်းသားလူငယ် လေးများ နားလည်သဘောပေါက်ကြပေလိမ့်ဟု တွေးနေမိရင်း မောင်ကျော်အောင်၏ဘဝကို သနားမိလေသည် . . .။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## တစ်လုံးနှစ်လုံး သုံးလေးလုံး

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ ဖြစ်ပါသည်။ ကျောင်းဆင်းချိန်ရောက်သော်လည်း အိမ်ပြန်မရောက်သေးသည့် ဆွေမာကို မိခင်ဖြစ်သူ ဒေါ်သိန်းခင်က စိတ်ပူနေ၏။ အိမ်ရှေ့ တံခါးဝတွင် မတ်တတ်ရပ်ကာ ဟိုငေးသည်ငေးဖြင့် မျှော်တော့ လင့် ဖြစ်နေသည်။

ဒေါ်သိန်းခင်သည် သားသမီးဇောဖြင့် တအားကြီး [illegible] ဖြစ်သည့်အလျောက် သမီးငယ်ဆွေမာ အိမ်ပြန်မရောက်[illegible] စိုးရိမ်ပူပန်စိတ်ဖြင့် သမီးအလာကို စောင့်ကာမျှော်[illegible] ပါသည်။

သားအကြီးဖိုးတေသည် နာမည်နှင့်လိုက်အောင် [illegible] သူဖြစ်ပြီး အိမ်ထောင်ရက်သားကျ၍ သူ့အိုး၊ သူ့[illegible] ကိုလည်း တွေး၍တွေး၍ ပူပန်ရသေးသည်။

“တော့်မှာလည်း တစ်နေ့လာ စာဖတ်၊ တစ်[illegible] နဲ့ သားသမီးကိစ္စကို အလေးကို မထားဘူး၊ [illegible]”



www.burmeseclassic.com

www.burmeseclassic.com



ပက်လက်ကုလားထိုင်ပေါ်တွင် စာအုပ်ဖတ်နေသော ခင်ပွန်းဦးအုံ့မောင်ကို ဒေါ်သိန်းခင်က လှမ်း၍ပြောလိုက်ခြင်း ဖြစ်သည်။

"အေးပါ မိန်းမရာ၊ ငါစာဖတ်တာက အလုပ်ပျက်တာမှ မဟုတ်တာ၊ အားတဲ့အချိန် ဖတ်ရတာပါဟာ"

"ဟုတ်တော့ဟုတ်တာပေါ့တော်၊ ဒီနေ့ သမီး ခုချိန်ထိ ပြန်မရောက်သေးလို့ ရှင့်ကိုပြောနေတာ ဘယ်အချိန်ရှိနေပြီလဲရှင်"

ဇနီးက ထိုသို့ပြောသည့်အခါမှ ကိုအုံ့မောင်သည် အိမ်ခေါင်းရင်းနံရံရှိ တိုင်ကပ်နာရီကိုကြည့်ကာ –

"ဩော်. . အေး ဟုတ်သားပဲ မိန်းမရာ၊ ငါလည်း နာရီ မကြည့်ဘဲ ဖတ်နေမိတာ၊ ညနေ ၅ နာရီတောင်ခွဲနေပြီပဲ" ဟု ပြောရင်း ဖတ်လက်စစာအုပ်ကို ဘေးနားရှိစားပွဲပေါ်သို့တင်လိုက်ပြီး ဇနီးရှိရာ အိမ်ခြံပေါက်ဝသို့လိုက်သွားလေသည်။

ဦးအုံ့မောင်ခြံဝသို့ရောက်သွားချိန်တွင် သမီးဆွေမာနှင့် ရွာတောင်ပိုင်းက ဆွေမာသူငယ်ချင်းအေးကြည်မပါ ကျောင်းကပြန်လာသည်ကို မလှမ်းမကမ်း၌ မြင်တွေ့ရသည်။

"တော်ကတော့ နေနိုင်ပေါ့တော် ကျွန်မကတော့ ဒီသမီး လေးပဲ ရှိတော့တာမို့ ဖိုးတေလုံးလိုသမီးလေးကို အဖြစ်မခံနိုင်ဘူး ကိုအုံ့မောင်ရဲ့"

"အေးပါမိန်းမရာ ငါကလည်း အဖေပါကွ၊ သမီးလေး အိမ်ပြန် နောက်ကျတာ ငါစိတ်မပူဘဲနေပါ့မလား ခုဟာက ငါစာဖတ်နေတာ အချိန်သတိမထားမိလို့ပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သမီးခွေမာတို့ ခြံဝသို့ရောက်ရှိလာသည်။ သမီးကို တွေ့၍ ဒေါ်သိန်းခင်က "သမီး နောက်ကျလှချည်လား၊ ဘယ်တွေ များ သွားနေသလဲသမီးရယ်"

"ကျောင်းမှာ ဟောပြောပွဲရှိလို့ပါ အမေ"

"ဟုတ်လားသမီး ဘာဟောပြောပွဲလဲ"

"လေးလုံးအကြောင်း ဟောပြောပွဲပါအမေရယ် ကျန်းမာ ရေးဌာနက ဆရာဝန်ကြီးတွေ လာဟောတာ"

သမီးက ထိုသို့ပြောပြသည့်အခါ ဒေါ်သိန်းခင်မှာ သမီးလေး အိမ်ပြန်နောက်ကျနေသည်ကို စိတ်အေးသွားသော်လည်း လေးလုံး အကြောင်း ဟောပြောပွဲဆိုသည်ကို သူရောခင်ပွန်းသည်ပါ ကြားသိရသည့်အခါ အထူးအဆန်းလို ဖြစ်နေသည်။ ထို့ကြောင့် ဒေါ်သိန်းခင်သည် သမီးကိုကြည့်ပြီး "လေးလုံးဟောပြောပွဲဆိုတော့ ဘာအကြောင်းများလဲ သမီးရယ်" ဟု မေးလေသည်။

"အမေကလည်း လေးလုံးဆိုတာ အင်္ဂလိပ်စကားလေးလုံး AIDS ရောဂါအကြောင်းပြောတာပါ"

ထိုအခါကျမှ အမေရောအဖေပါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာသဘောပေါက်သွားတော့သည်။

"အေးအေး သမီးအနားယူလိုက်ဦး ခု ည[illegible] အိပ်အေးလွှန်းတယ်သမီး"

"ဟုတ်ကဲ့ပါအမေ"

www.burmeseclassic.com

www.burmeseclassic.com



သမီးဆွေမာက လွှယ်အိတ်နှင့်ထမင်းဘူးကို နေရာတကျ သိမ်းဆည်းပြီးသော် မိခင်နှင့်ဖခင်တို့ ရေနွေးကြမ်းသောက်ရာ အိမ်ရှေ့ညှေ့ခန်းတွင် လာရောက်ထိုင်ရင်း သားအမိ သားအဖ သုံးယောက် စကားလက်ဆုံကျလေတော့သည်။

"နေပါဦး သမီးတို့ အဲဒီလေးလုံးဟောပြောပွဲက ဘာတွေကို ဟောပြောပညာပေးလိုက်သလဲဆိုတာ မေမေ့လည်း ရှင်းပြပါဦး"

"ဒီလို မေမေရဲ့ ဆရာဝန်ကြီးတစ်ဦးက အပြောကောင်း ကောင်းနဲ့ဟောပြောပြတာ သမီးတို့အရမ်းနားထောင်ကောင်းတာပဲ သူပြောတဲ့အထဲမှာ ဒီနေ့ဟောမဲ့အကြောင်းအရာက လေးလုံး ရောဂါအကြောင်းလို့ပြောတော့ အားလုံးစိတ်ဝင်စားသွားကြတယ်၊ ပြီးတော့ သူက ဆက်ပြောသေးတယ်လေးလုံးဆိုတာ တစ်လုံးနှစ် လုံးသုံးလုံး ရောဂါတွေကိုပါ အကြမ်းဖျင်းသိထားရမယ်တဲ့။ အဲဒီ တစ်လုံးနှစ်လုံးသုံးလုံးလေးလုံး ရောဂါအားလုံးကို ကာကွယ်ရင် အကောင်းဆုံးပါပဲတဲ့"

ထိုစဉ် ဖခင် ဦးအံ့မောင်က "တစ်လုံးနှစ်လုံးသုံးလုံးရောဂါ ဆိုတာက ဘာတွေတဲ့လဲ" ဟု ဖြတ်၍ မေးသည်။

"ဒီလိုပါ ဖေဖေ၊ တစ်လုံးရောဂါဆိုတာက ဘောလုံးဖွဲ လောင်းတဲ့ရောဂါ၊ နှစ်လုံးရောဂါဆိုတာက နှစ်လုံးချဲထီရော သုံးလုံးဆိုတာက သုံးလုံးချဲထီရောဂါကိုပြောတာလေ"

"အောင်မလေးဗျာ သမီးပြောပြမှပဲ ဖေဖေတော့ ရှင်း တော့တယ် နို့မဟုတ်ရင် ဘာမှန်းမသိညာမှန်းမသိတွေပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှာလယ်ပိုင်းက မိုးကျော်တို့ အောင်ကြီးတို့တွေ မြို့တက်ပြီး ဘောလုံးပွဲသွားလောင်းတာ ဟိုနေ့က တစ်သိန်းခွဲတောင်ရှုံးလာတယ်တဲ့"

"အေးလေ ရောဂါဆိုတာကတော့ ဘယ်ရောဂါမှ မကောင်းဘူး၊ အားလုံးဒုက္ခပေးတာချည်းပဲ"

"ဒါပေမဲ့ သိန်းခင်ရ အဲဒီသမီးပြောတဲ့ရောဂါတွေထဲမှာ တစ်လုံးနှစ်လုံးသုံးလုံးရောဂါဆိုတာကတော့ လူကိုအသက်အန္တရာယ်မပြုနိုင်တဲ့ ရောဂါဆိုတော့ တော်သေးတာပေါ့"

"မဟုတ်တာတော်၊ ရှင့်တူအောင်ကြီးတို့က ငွေကြေးတတ်နိုင်တဲ့လူတွေမို့ လောလောဆယ် ဘာမှမဖြစ်သေးလို့သာပေါ့၊ အကယ်တမ်း အဲဒီတစ်လုံးနှစ်လုံးသုံးလုံး ဆိုတဲ့ရောဂါတွေကလည်း လောဘဖက်လာရင် တစ်နေ့ဒုက္ခမပေးဘူး၊ အသက်အန္တရာယ်မဖြစ်ဘူးလို့ ပြောနိုင်မလား၊ ပြီးတော့ ဥပဒေနဲ့ညီတဲ့အလုပ်တွေမဟုတ်လို့ ဒါတွေကိုလည်း လုံးဝမလုပ်သင့်ပါဘူးတော်"

"အေး ဟုတ်တယ် သိန်းခင်ရ၊ ဒါပေမဲ့ ငါပြောတာက အဲဒီ တစ်လုံး၊ နှစ်လုံးသုံးလုံးရောဂါတွေဟာ **AIDS** လေးလုံးရောဂါလောက် ကြောက်စရာမကောင်းဘူးလို့ ပြောချင်တာပါဟာ"

မိသားစုစကားပြောရင်း လက်ဖက်ရည်သောက်နေကြစဉ် အိမ်နီးချင်း ဦးကိုချစ်လည်း အိမ်လည်ရောက်ရှိလာသည်။

"လာ ကိုချစ်ရေ လက်ဖက်ရည်သောက်ဗျာ။ ဆေးပေါ့လိပ်သောက်ပါ သိန်းခင်ရ"

www.burmeseclassic.com

www.burmeseclassic.com



ဦးအုံ့မောင်က ထိုသို့ပြောသည့်အခါ ဒေါ်သိန်းခင်သည် အိမ်နောက်ခန်းမှ ဆေးလိပ်ခွက်နှင့် ဆေးလိပ်ကိုယူလာ၍ ချပေးသည်။

"အမေ ကျောင်းမှာ ဆရာဝန်ကြီးတွေက ကျန်းမာရေးအကြောင်းပညာပေးဟောပြောတာ မူးယစ်ဆေးဝါးအကြောင်းလည်း ပါတယ်အမေရဲ့၊ AIDS ရောဂါဖြစ်ပွားတဲ့ လက္ခဏာတွေထဲမှာ မူးယစ်ဆေးဝါးသုံးစွဲတာလည်းပါတယ်။ မူးယစ်ဆေးဝါးဆိုတာ ကွမ်းနှင့်ဆေးလိပ်လည်း ပါတယ်အမေရ"

"ဟဲ ကိုချစ်ရေ၊ ခင်ဗျားတူမကတော့ ဒီနေ့ ကျောင်းမှာ ဟောပြောပွဲကအကြောင်းတွေ ကျုပ်တို့ကိုပြောပြလိုက်တာ စုံလို့ပဲ၊ အဲ့ဒီတော့ ခင်ဗျားလည်း ဆေးလိပ်သောက်ဖို့တောင် မကောင်းတော့ဘူး၊ သိန်းခင်လည်း ဒီနေ့ကစပြီး ကွမ်းမစားနဲ့တော့ဟေ့"

ထိုစဉ် ဒေါ်သိန်းခင်က ဦးအုံ့မောင်ကို မျက်စောင်းထိုးကြည့်ကာ "ကွမ်းကတော့ မဖြတ်နိုင်သေးပါတော်၊ ရှင်သာ ဆေးတံကြီးတစ်ထွာလောက်ကို လူရှေ့မရှောင် သူရှေ့မရှောင် မီးခိုးတွေဖွာဖွာထုတ်နေတာ ရှင်သာဆေးတံသောက်တာဖြတ်လိုက်" ဟု ဆိုလေသည်။

"ခင်ဗျားတို့လင်မယား ပြောနေတာနဲ့ ကျွန်တော့်တောင် ဆေးလိပ်သောက်ရမှာ ခပ်ရှက်ရှက်ပဲဗျာ" ဟုဆိုကာ ဦးကိုချစ်က ဆေးလိပ်ကိုယူ၍ မီးညှိရင်းပြောသည်။ သမီးပြီသူဆွေမာကမူ

www.burmeseclassic.com

www.burmeseclassic.com



အဖေအမေတို့နှင့် ဦးကိုချစ်တို့သုံးဦးပြောနေသည်ကို အနားတွင် နားထောင်ရင်းက စကားစပြတ်သည်နှင့် ဝင်၍ရှင်းပြပြန်သည်။

"ဒီလို ဘကြီးကိုချစ်ရ၊ သမီးတို့ကျောင်းမှာ ဒီနေ့ ဗဟုသုတအဖြစ် မူးယစ်ဆေးဝါးအကြောင်း ဟောပြောပွဲလုပ်တာ သိပ်နားထောင်ကောင်းတာပဲ။ အဲဒီမှာ ဆရာဝန်ကြီးတစ်ဦးက AIDS ရောဂါအကြောင်းပြောပြတာ လက်မှာဆေးမင်ကြောင်ထိုးတာလည်း မသန့်ရှင်းတဲ့ ဆေးထိုးအပ်နဲ့ထိုးရင် AIDS ဖြစ်တယ်တဲ့၊ ဘကြီးကိုချစ်ရဲ့သား ချစ်ထွေးမောင်ရဲ့ လက်မောင်းနဲ့ကျောတုန်းမှာ ငှက်ရုပ်ကြီးတွေ ထိုးထားတာ မည်းနေတာပဲနော်"

"အေးကွဲ့သမီးပြောမှပဲ သတိရတော့တယ်၊ တို့ဘတ်ရွာက ဒေါ်ပုမရဲ့သားမောင်မျိုးနဲ့ သူတို့သူငယ်ချင်းနှစ်ယောက် သာယာကုန်းရွာဘုရားပွဲမှာ မိုးမင်းဆိုလား မိုးဝင်းဆိုလား ဇာတ်ကတုန်းက အဲဒီဇာတ်ပွဲသွားကြည့်ရင်း အဲဒီအရုပ်တွေ ထိုးခဲ့ကြတာ။ ဒီကောင်တွေ တော်တော်ခက်တာပဲ၊ အတုမြင် အတတ်သင်ဆိုတာ ဒါမျိုးပေါ့သမီးရယ်"

"သိပ်လည်း မစိုးရိမ်ရပါဘူးဘကြီးကိုချစ်ရယ်၊ သမီးပြောတာက မသန့်ရှင်းတဲ့ဆေးထိုးအပ် ဆေးထိုးပြွန် မုတ်ဆိတ်ရိတ်ဓားဒါတွေနဲ့ သုံးမိရင်သာ ကူးစက်တတ်တာပါ။ သန့်ရှင်းတဲ့အပ်ဆို့ဘာတို့ကတော့ မကူးစက်ပါဘူး"

ထိုစဉ် လျှပ်စစ်မီးလင်းလာ၍ အိမ်ရှိ ၁၄ လက်မ [illegible] အမည်းတီဗီကို ဖွင့်ကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင်ပင် မြန်မာ့ရုပ်မြင်သံကြားမှ AIDS ရောဂါအကြောင်း သိကောင်းစရာများကို ပညာပေးစာတန်းများ ရေးထိုး၍ ကြော်ငြာပြသည်ကို ကြည့်ကြမြင်ကြရသည်။

ထိုအခါမှပင် ဒီဇင်ဘာ(၁)ရက်နေ့ ကမ္ဘာ့ AIDS တိုက်ဖျက်ရေးနေ့တွင် ကြောက်မက်ဖွယ်ကောင်းသည့် လေးလုံးရောဂါဆိုးကြီးကို လူတိုင်းကာကွယ်တားဆီးရန်လိုအပ်ကြောင်း၊ ကျန်းမာရေးအသိရှိရမည့်အပြင် အမျိုးသားရေးတာဝန်ပါ ကျေပွန်စွာဆောင်ရွက်ရန် လူတိုင်းလူတိုင်းတွင် တာဝန်ရှိသည်ကို သတိမူကြရင်း မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို ဆက်လက်ကြည့်ရှုနေကြလေတော့သည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## ပြုံးသူကျွတဲ့ မျက်ရည်စက်

"(တို့မြန်မာဂုဏ်ဆောင် အားကစားသမားများသည် ××× အမိနိုင်ငံတော်ကို ကျေးဇူးဆပ်ရမည် ××× မျိုးဆက်သစ်တို့ အားမာန်ဝင့်ကာချီ)၂

..................................

............ × × ×။

"အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို တာဝန်ယူ စောင့်ရှောက်နေခြင်း ဖြစ်ပါသည်။ အားကစား ရည်မှန်းချက်သည် မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်"

လှိုင်သာယာမြို့နယ် ရေဥက္ကံကျေးရွာ အမှတ် (၁) အခြေခံ ပညာအလယ်တန်းကျောင်း ဘောလုံးကွင်းမှ တေးသံရှင် ဟေမာနေဝင်း၏ သီချင်းသံကို အဝေးမှပင်ကြားနေရသည်။

မြို့နယ်ပညာရေးမှူးဒိုင်း အခြေခံပညာမူလတန်းကျောင်း များ၏ ဘောလုံးပွဲ၌ အုပ်စုပတ်လည်ပွဲတွင် အုပ်စု (၂)နှင့် အုပ်စု (၅)တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အုပ်စု (၂)တွင်တား သာ...



www.burmeseclassic.com

www.burmeseclassic.com



နှင့် မျိုးဇော်တို့က တကယ်ထူးချွန်သည့် ကစားသမားများဖြစ်ကြသည်။

အုပ်စု (၅)ဖြစ်သည့် တစ်ဖက်အသင်းကလည်း ခေသူများမဟုတ်ကြပေ။ အုပ်စုမှအကောင်းဆုံးဘောလုံးသမားများကို ရွေးချယ်ထားခြင်းဖြစ်သည်။

မူလတန်းအဆင့်ဖြစ်၍ ပညာရေးဌာနမှ သတ်မှတ်ခွင့်ပြုသည့် ၄ ပေ၊ ၆ လက်မအရပ်ရှိသော အရွယ်များဖြစ်ရာ အခြေခံပညာ တတိယတန်းနှင့် စတုတ္ထတန်းကျောင်းသားများ ပါဝင်ကြသည်။

ဘောလုံးပွဲကို ညနေ ၄ နာရီအချိန်တွင် ကျင်းပမည်ဖြစ်သောကြောင့် ပညာရေးဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသားများကား ကျောင်းဝင်းအတွင်း၌ အားပေးလျက်ရှိသကဲ့သို့ သံဆန်ခါဝင်းခြံ ကာရံထားသော ကျောင်းခြံစည်းရိုးအပြင်ဘက်၌ ကျောင်းသားမိဘများ၊ အရပ်သား ဘောလုံးဝါသနာအိုးများကလည်း အားပေးလျက်ရှိကြသည်။

မိဘများ လိုက်ပါလိုကလည်း ခြံဝင်းအပြင်ဘက်၌သာ ကြည့်ရှုအားပေးရန် စည်းကမ်းများ ထုတ်ပြန်ထားရာ ကျောင်းဝင်းအတွင်း၌ မိဘအရပ်သားများ တစ်ယောက်မှမရှိဘဲ ခြံပြင်၌ အားပေးကြည့်ရှုကြပါသည်။

ညနေ ၄ နာရီ ထိုးလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်လူကြီးက နှစ်ဖက်အားကစားသမားများကို တွေ့ဆုံ၍ စည်းကမ်းချက်များကိုပြောပြကာ အားကစားသမားအချင်းချင်း လက်ဆွဲနှုတ်ဆက်စေပါသည်။

ပြီးသည်နှင့် ခေါင်းပန်းလှန်ကာ ကွင်းနေရာယူကြရာ မျိုးဇော်နှင့်သာထူးတို့အသင်းမှာ တောင်ဘက်ကွင်း၌ နေရာယူကြသည်။ တစ်ဖက်အသင်းမှာ မြောက်ဘက်ကွင်း၌ နေရာယူကြသည်။

ပွဲစပါပြီ။

ပရိသတ်ကလည်း လက်ခုပ်သံ ခရာသံများဖြင့် သောင်းသောင်းဖြဖြ အားပေးကြသည်ကို တွေ့ရသည်။

အားကစားသမား ကျောင်းသားလူငယ်လေးများကလည်း အနိုင်မခံ အရှုံးမပေးသော အားကစားစိတ်ဓာတ်ဖြင့် ကစားကြလေသည်။

"မျိုးဇော်ကွ မျိုးဇော် ရှေ့ကိုကန်ပစ် ကန်ပစ်"

"သာထူး ရှေ့ကို ကန်တင်ထားကွ"

ပွဲကြည့်ပရိသတ်ထဲမှ အော်ဟစ်အားပေးသံများ ဖြစ်ပါသည်။ ထို့အတူ တစ်ဖက်အသင်းမှလည်း အားကစားသမားများကို အပေးအယူလုပ်ကစားကြရန် အားပေးသံများဖြင့် အားပေးသူတွေ ရှိကြသည်။

သူ့ဘက်ကိုယ့်ဘက် သူ့အသင်း ကိုယ့်အသင်း အနိုင်ရရှိရေးအတွက် အားပေးစကားသံများ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲစ၍ မိနစ် (၂၀)အကြာတွင် မျိုးဇော်ခြေထောက် ကြွက်တက်၍ ခေတ္တဝိုင်းဝန်းပြုစုရသည်။ ထိုစဉ် ခြံစည်းရိုးအပြင်ဘက်မှ အသံတစ်သံ ထွက်ပေါ်လာသည်။

"သားလေး မကန်နိုင်တော့ဘူးလား၊ သားမကန်နိုင်ရင် အမေဝင်ကန်မယ်လေ"

"ဝါး ဟား ဟား ဟား"

အားပေးသံနှင့် ရယ်သံတချို့ပါ ဆူညံ၍သွားသည်။

မျိုးဇော်၏အမေဖြစ်သူမှာ သားကိုပိုးမွေးသလိုမွေး၍ ပြုစုခဲ့သူဖြစ်ပြီး အရာရာကို ထူးချွန်စေချင်သည်။

ဖခင်မရှိသည့်နောက် မျိုးဇော်မှာ အမေတစ်ခုသားတစ်ခုဖြစ်၍ ဘဝကို ရုန်းကန်ရင်း မူလတန်းပညာကို သင်ယူနေသူဖြစ်သည်။ ပညာကို ကြိုးစားသည်။ ထို့ပြင် အားကစားထူးချွန်သူလည်းဖြစ်သည်။ အမေကိုယ်တိုင်က အားပေးသဖြင့် စိတ်အားထက်သန်စွာ ကြိုးစားသူဖြစ်သည်။

အပြေးကလည်းကောင်းသူ၊ သွက်လက်လျင်မြန် ဖျတ်လတ်သူတစ်ဦးဖြစ်ပြီး အသင်းက အားကိုးအားထားပြုရသူဖြစ်၍ သူ၏ဆရာများက မျိုးဇော်ကိုလူစားမလဲဘဲ ပင်တိုင်ထား၍ ကစားခြင်းဖြစ်သည်။

ပထမပိုင်းနာရီဝက် ပြီးဆုံးသွားပေပြီ။

တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နားချိန် ၁၀ မိနစ်အတွင်း အသင်းအုပ်ချုပ်သူ ဆရာဦးလှမြင့်က သူ၏အားကစားသမားများကို ဒုတိယပိုင်း မည်သို့မည်ပုံ ကစားရန် လိုအပ်ချက်များကို မှာကြားနေပါသည်။

တစ်ဖက်မှ အုပ်စု(၅)အသင်းကို အုပ်ချုပ်သူဆရာများကလည်း ဘောလုံးသမားများကို မှာကြားနေလေသည်။

ခဏအကြာ ဒိုင်လူကြီးမှ ခရာသံအချက်ပေးရာ အားလုံးကွင်းအတွင်းသို့ပြေး၍ နေရာယူကြရလေသည်။

ဒုတိယပိုင်းကစားပွဲ စပြီ။

ပရိသတ်များက လက်ခုပ်တီး၍ အားပေးကြသည်။

"နံပါတ် (၉)၊ ဟုတ်ပြီကွ ဟုတ်ပြီ ဆွဲပြေး ဆွဲပြေး"

"ဂိုး"၊ "ဂိုး"၊ "ဂိုး"

အုပ်စု (၂) မှ မျိုးဇော်ပေးလိုက်သည့်ဘောလုံးကို ကျော်နံပါတ် (၁၂) ဖြစ်သည့် သက်အောင်က ပထမဆုံးဂိုးကို သွင်းယူလိုက်ခြင်းဖြစ်သည်။

အုပ်စု (၂) ဘက်မှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ အားရဝမ်းသာဖြင့် လက်ခုပ်တီးကာ အော်ဟစ်အားပေးနေကြသည့်အသံများမှာ ပွဲခင်းတစ်ခုလုံး ဆူညံသွားလေသည်။

ထို့အတူ ခြံစည်းရိုးအပြင်ဘက်ရှိ အုပ်စု (၂)ဘက်မှ လိုက်ပါလာသူမိဘများ၊ ကြည့်ရှုအားပေးနေကြသူများလည်း အားရဝမ်းသာ လက်ခုပ်တီးကာ အားပေးနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယပိုင်း ပွဲစ၍ ၁၂ မိနစ်တွင် အုပ်စု (၂)ဘက်မှ ပထမဆုံး ဂိုးရရှိသဖြင့် မျိုးဇော်တို့ အားကစားသမားများမှာ ပို၍ စိတ်အားထက်သန်တက်ကြွနေပုံရသည်။

ကစားကွက်မှာလည်း ပို၍စိပ်လာပြီး အပေးအယူ အချိတ်အဆက်များလည်း ပို၍ ကောင်းလာလေသည်။

ထို့အတူ တစ်ဖက်အသင်းမှလည်း မိမိတို့ဂိုးပြန်လည်ချေပနိုင်ရေးအတွက် အကြိတ်အနယ် ကြိုးစားနေကြသည်။ သို့သော် အချိန်ကား ဒုတိယပိုင်း ပြီးဆုံးသွားလေသည်။

အသင်းခေါင်းဆောင်မျိုးဇော်မှာ တစ်ဂိုးမှ မသွင်းခဲ့ရပေ။ မျိုးဇော်မှာ ဤပွဲ၌ ဂိုးမသွင်းနိုင်ခဲ့သဖြင့် စိတ်မကောင်းဖြစ်ကာ မျက်ရည်များပင် ကျနေလေသည်။

"ငါတို့အသင်းနိုင်တဲ့ဟာပဲကွာ၊ ဘာလို့ ငိုရမှာလဲ"

သူငယ်ချင်း အောင်နိုင်က ပြောသည်။

"မင်းကလည်းကွာ၊ ငါတို့နိုင်နေတာပဲ ဘာလို့ ငိုတာလဲ"

နောက်တစ်ယောက်က ဆိုသည်။

သို့သော် မျိုးဇော်က မျက်ရည်ကျနေဆဲ။ မျက်ရည်ကျသည့်ကြားမှာပင် မျိုးဇော်သည် အသင်းအုပ်ချုပ်သူ ဆရာအား လက်အုပ်ချီမိုးရှိခိုးကန်တော့ကာ ကြိတ်၍ အားယူပြုံးနေမိပါတော့သည်။

အချို့ကလေးများသည် တစ်သင်းနှင့်တစ်သင်း တစ်ဖက်နှင့်တစ်ဖက်ယှဉ်ပြိုင်ရာတွင် နိုင်သောအသင်းမှကလေးများသည် ပြုံးကြရယ်ကြ ပျော်ရွှင်ကြသည်။ ကျွမ်းထိုးသူက သံပြိုင်ဟစ်ကြွေး

www.burmeseclassic.com

www.burmeseclassic.com



ညာသံပေးကာ အောင်ပွဲဆင့်ဆင့်၊ အောင်သံ လွှင့်လျက် ပျော်မဆုံး မော်မဆုံးရှိကြသည်။

ရှုံးသောအသင်းမှကလေးများသည် အားငယ်စိတ်များ ရှိကြသည်။ မျက်နှာမသာမယာ ဖြစ်ကြသည်။ အချို့မှာ ငိုယိုကြသည်ကို တွေ့ရှိရသည်။

သို့သော် ယခု မျိုးဇော်ငိုနေသည်မှာ မိမိတို့အသင်း ထိုက်တန်စွာ အနိုင်ရရှိပါလျက် မိမိဂိုးမသွင်းလိုက်ရသည်ကို အားမရဖြစ်ခြင်း ရှက်မိခြင်းများကြောင့် ဖြစ်ပါသည်။

အားကစားစိတ်ဓာတ်ဟူသည် အနိုင်မခံ၊ အရှုံးမပေးသော စိတ်ဓာတ်ဖြစ်ရာ အားကစားသမားကောင်းတို့မည်သည် ကြံ့ခိုင်သော အားကစားစိတ်ဓာတ် ပိုင်ရှင်များ ဖြစ်ကြပါလိမ့်မည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## ဂိမ်းကစားခြင်း၏ နောက်ဝယ်

"မိုးမိုးနဲ့ သားငယ်တို့ ဂိမ်းကစားတာ အပြိုင်အဆိုင်ပဲ ထမင်းစားချိန်မှန်းတောင်မသိ၊ ဂိမ်းကစားတာကလွန်ကို လွန်လွန်းတယ်။ အဲဒါကြောင့် အခုလမှာအဆင့်တွေ ကျနေတာပေါ့"

"အဲဒီကိစ္စကို ဆရာမဘာယ်လိုများ ဆုံးမနိုင်မှာလဲ"

"သူ့ဆရာမ ဆုံးမရင်တော့ ရနိုင်ကောင်းတာပေါ့"

ဦးမောင်ထွေးတစ်ယောက်တည်း တွေးနေခြင်းဖြစ်သည်။

ယနေ့ လူငယ်များ ကလေးများ ဂိမ်းကစားနေခြင်းသည် ဖွံ့ဖြိုးသည့်မြို့ကြီးများတွင် အနံ့အပြားဖြစ်သည်။

"ကျောင်းစာကို စာကျက်နည်း ဗဟုသုတစာကို အဖတ်နည်းပြီး ဂိမ်းဆော့တာကို အာရုံများနေလို့ကတော့ ဟင်း မပြောချင်ဘူး"

အိမ်ရှေ့ဧည့်ခန်း ကုလားထိုင်တွင်ထိုင်ရင်း ဦးမောင်ထွေး နှုတ်ကပွင့်အံလာတဲ့အသံ။

"ကိစ္စမရှိပါဘူး ဖေဖေရယ် သမီးကြည့်ပြောပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး သမီးက ကြည့်ပြောရုံပြောတာ မေမေက သူ့ကို ဂိမ်းဝယ်ပေးထားတာဆိုတော့"

သားအဖနှစ်ယောက် ထိုသို့ပြောနေစဉ် အမေဖြစ်သူက

"ဒါကတော့ ကိုမောင်ထွေးရယ်၊ ရှင့်သားဂိမ်းကစားချင်တယ်ဆိုလို့ ကျုပ်ကဝယ်ပေးထားတာ စာကျက်ချိန် စာကျက်၊ ဂိမ်းကစားချိန် ကစား၊ သူ့အချိန်နဲ့သူဆိုရင် ပြီးတာပဲ မဟုတ်လား"

ကိုမောင်ထွေးမှာ ဇနီးဖြစ်သူကိုမပြောသာ၍ လက်လျှော့လိုက်ရခြင်းဖြစ်သည်။ သို့သော် ကိုမောင်ထွေးသည် သူ၏ရင်ထဲက ခံယူချက်ကိုဖြင့် ဘယ်တော့မှ မလျှော့နိုင် မပြင်နိုင်။ သို့ဖြစ်၍

"ကဲ မမယ်ခင်ရေ မင်းချည်းပဲပြော မင်းချည်းပဲ စီစဉ်နေ၊ မင်းကြိုက်ကြိုက်အလိုလိုက် တော်တော်ကြာ မင်းသားစာမေးပွဲကျရင် တော့လား"

ဟု စိုးရိမ်စိတ်ဖြင့် ပြောလေသည်။

"ကဲပါ ကိုမောင်ထွေးရယ် ကျွန်မသားလေးကို ကျွန်မပဲ ကြည့်ထိန်းပါ့မယ်၊ သားက လိမ္မာပါတယ်တော်"

အဖေနှင့်အမေကြား၌ သားမောင်မြတ်သာသည် အဖေ့မျက်နှာကြည့်လိုက် အမေ့မျက်နှာကြည့်လိုက်ဖြင့် "အဖေကလည်း သား စာကြိုးစားမှာပါ၊ ခုဟာက အိုင်တီခေတ်ဖေဖေရ အိုင်တီခေတ်မှာ သားတို့သိသင့်တတ်သင့်တာတွေ သိထားတတ်ထားမှ ခေတ်မီမှာ ဖေဖေရ သားစာကြိုးစားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



မူလတန်းအရွယ် မြို့ပြနေကလေးများသည် ညဘက်တွင် အိပ်ချိန်နောက်ကျသည်ကို သတိထားမိပါသည်။

တစ်နေ့လုံးကျောင်းကျူရှင် သင်တန်းတွေတက်နေရပြီး ညအိပ်ချိန်မှာ တီဗီကြည့် ဂိမ်းဆော့တာတွေကိုပိုပြီး အာရုံစိုက်ကြလို့ အိပ်ချိန်အပြည့် မခံစားရ ဖြစ်တတ်သည်။ အိပ်ချိန်မပြည့်ရင် အိပ်ရာထနောက်ကျနိုင်ပါသည်။ ထို့ကြောင့် မြို့ပြရှိကလေးများသည် ဂိမ်းကစားခြင်းကို နည်းပညာတိုးတက်မှု လက္ခဏာတစ်ရပ်ဟု မိဘများကပါ ယုံကြည်လက်ခံထားခဲ့ကြသလို ကလေးသဘာဝ ဂိမ်းကစားခြင်းကို စိတ်ဝင်စားမှု အာရုံစူးစိုက်မှု ပိုမိုရှိလာပါသည်။

မြို့ပြကလေးများသည် တစ်နေ့လုံးကျောင်း၌ စာသင်ကြသည်။ ပြီးလျှင် ကျူရှင်တက်ကြသည်။ ဘာသာစကားဆိုင်ရာ ဥပမာ (အင်္ဂလိပ်စာ၊ တရုတ်စာ၊ ကိုရီးယားစာ)စသည့် စကားပြော သင်တန်းများလည်း တက်ကြသည်။ ညဘက်တွင် တီဗီကြည့်၊ ဂိမ်းဆော့၊ အိပ်ချိန်နောက်ကျမှုများ ဖြစ်လာပါသည်။

ကလေးဆိုသည်မှာ အပျော်အပါး အလွန် မက်သည်။ အချို့ ကလေးများသည် တစ်ညလုံးပင် ဂိမ်းထိုင်ဆော့ကစားကြသူများရှိသည်။ အချို့ကလေးများမှာ အိပ်မက်ထဲ၌ပင် အော်တတ်လို့ အခုချိန်တီဗီတွေ၊ ဂိမ်းစက်တွေ ဖြတ်ထားရပါသည်ဟု မိဘအချို့က ပြောကြသည်ကိုလည်း အံ့သြစွာကြားကြရပါသည်။

တီဗီကြည့်ချိန်၊ ဂိမ်းဆော့ချိန်များပြီး အိပ်ချိန်အလွန်နည်းသည့် ကလေးများသည် အဝလွန်ရောဂါဖြစ်လာနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မူလတန်းအရွယ်ကလေးတစ်ယောက်၏ အိပ်ချိန်မှာ တစ်နေ့ ရှစ်နာရီရှိရမည်ဟု သိရှိရပါသည်။

"အိပ်ချိန်မပြည့်ရင် ကျောင်းစာသင်ခန်းမှာ ကလေးတွေ အိပ်ငိုက်နိုင်ပါသည်။ သင်ခန်းစာကို အာရုံစူးစိုက်လို့ မရနိုင်ဖြစ်ပါတယ်၊ မှတ်ဉာဏ်စွမ်းအားလည်း လျော့နည်းနိုင်ပါတယ်"

"ဒါကြောင့် နည်းပညာတွေဖွံ့ဖြိုးတိုးတက်လာသော ရာစုသစ်၊ ရာစုခေတ်မှာ စိန်ခေါ်မှုအမျိုးမျိုးတွေနဲ့ ရင်ဆိုင်နေရတဲ့ ခေတ်ကာလမျိုးမှာ ကလေးများ ဂိမ်းဆော့ကစားခြင်းသည်ပင် နည်းပညာဖွံ့ဖြိုးမှုကို ဆောင်ရွက်နေခြင်းဖြစ်တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ကလေးများကို အလွန်အမင်း တီဗီဂိမ်းကစားခိုင်းတာမျိုးကို မိဘများက ဆင်ခြင်သတိနဲ့ ကြည့်၍ စီစဉ်ပေးသင့်ပါတယ်"

အထက်ဖော်ပြပါ တတ်သိနားလည်သူများ၏ ဆွေးနွေးမှုများလည်း ရှိပါသည်။

ကလေးများဂိမ်းကစားခြင်းကြောင့် ဖြစ်ပေါ်လာမည့် အားနည်းချက် အားသာချက်များကို ဦးမောင်ထွေးသိထားသူ ဖြစ်သည်။ ထို့ပြင် တစ်မြန်နေ့ကပင် တစ်လမ်းတည်းနေ မိတ်ဆွေဖြစ်သူ ပွဲရုံလုပ်ငန်းရှင်တစ်ဦး၏သားမှာ လစဉ်အဆင့် (၁)ရနေရာမှ ယခုလတွင် အဆင့် (၃)သို့ ပြုတ်ကျသွားသဖြင့် အိမ်ရှိမိသားစုက ဆူပူကြိမ်းမောင်းကြသည်ကို ကြားခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နှင့်သားအဆင့်ကျတာလည်း မပြောနဲ့ လမ်းထိပ်က ဂိမ်းဆိုင်မှာ သွားသွားပြီး ကစားနေတာကိုး"

"အဲဒါကြောင့်လည်း မဟုတ်ပါဘူး ကိုထွန်းတင်ရယ်၊ အဆင့်(၁)နဲ့ (၂)ရတဲ့ကောင်မလေးက ကျူရှင်တက်နေတာတော့ ကျူရှင်တက်နေတာ"

"နှင့်သားကကော ကျူရှင်မတက်လို့လား တော်တော့ မိအေးဆက်ပြောရင် လူကြားမကောင်းဖြစ်တော့မယ်"

မိတ်ဆွေလင်မယား၏ အချေအတင်စကားသံများကို ကိုမောင်ထွေး ပူပူနွေးနွေး ကြားခဲ့ရခြင်းပင်။

ဂိမ်းကစားခြင်းသည် ကလေးများ၏ စိတ်အာရုံကို ညှို့ယူဖမ်းစားနိုင်မည့်သဘောရှိသဖြင့် ကျောင်းစာများတွင် စိတ်ဝင်စားမှု လျော့ပါးနိုင်ပါသည်။

သို့ဖြစ်၍ မိဘများကဖြစ်စေ၊ တာဝန်ရှိသူများကဖြစ်စေ၊ ကလေးများ ဂိမ်းကစားခြင်းကို အချိန်အကန့်အသတ်ဖြင့် ခွင့်ပြုသင့်ပါသည်။ ဥပမာအားဖြင့် တစ်နေ့လျှင် တစ်နာရီစသည်ဖြင့် အချိန်သတ်မှတ်ပြီး မည်သည့်အချိန်မှ မည်သည့်အချိန်ထိဟု အချိန်ကာလပါ သတ်မှတ်ထားသင့်ပါသည်။

သို့မှသာ ကလေးများ၏ စာကြည့်ချိန်ပုံမှန်ဖြစ်လာပြီး ကျောင်းစာများတွင်လည်း စိတ်ဝင်စားမှု ပုံမှန်ဖြစ်လာပါလိမ့်မည်။ ထို့ကြောင့်ကလေးများကို မိဘများအပါအဝင် တာဝန်ရှိသူများကပါ စည်းကမ်းချက်သဘောမျိုး သတ်မှတ်၍ စီစဉ်ပေးသင့်လှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစုဝေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးအေးကျော်က ကျောင်းသားများကို ပြောဆိုဆုံးမ ဖူးသည်။

"သားတို့သမီးတို့ တီဗီဂိမ်းတွေ အများကြီးရှိတယ်၊ ဂိမ်းဆော့တာ တစ်နာရီမှ နှစ်ရာပဲကျတာ ဆိုတော့ အလွယ်ပဲ ကစားကြတယ်။ အကောင်းဘက်ကကြည့်ရင်တော့ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားနိုင်တယ်၊ ဖြတ်ထိုးဉာဏ်ကောင်းမယ်၊ စိတ်ဖိစီးမှု လျော့ပါးနိုင်မယ်။ အခြားနေရာများတွင် အချိန်ဖြုန်းခြင်း ရန်ဖြစ်ခြင်း မဟုတ်သည်များ မပြုမိခြင်းတို့ ရရှိနိုင်တယ်။ အဆိုးဘက်ကကြည့်ရင်တော့ တစ်ကိုယ်ကောင်းဆန်တယ် ဒေါသဖြစ်တယ်၊ ကြာကြာကစားရင် မျက်စိကိုပါ ထိခိုက်နိုင်တယ်။ ကျောင်းသားကျောင်းသူများအတွက် ဆိုရင်တော့ စာကျက်အား ကျဆင်းတယ်။ ကျောင်းစာမှာ အာရုံစူးစိုက်မှုလျော့နည်းတယ်။ အိပ်ရေးပျက်ပြီး စာသင်ခန်းထဲမှာ အိပ်ငိုက်မယ်။ ပညာသင်ကြားရေးမှာ အနှောင့်အယှက်ဖြစ်မယ်။ ဒါကြောင့် ဂိမ်းကစားခြင်းကို တော်ရုံသင့်ရုံပဲ ကစားသင့်တယ်။ အလွန်အမင်း မကစားသင့်ဘူး"

မိုးမိုးနှင့်သားငယ်တို့သည် ကျောင်းစုဝေးပွဲတွင် ကျောင်းအုပ်ဆရာကြီး၏ဆုံးမသည့်စကား အိမ်၌ဖေဖေနှင့်မေမေတို့၏ ပူညံပူညံရန်ဖြစ်မှုတို့ကို တရေးရေးမြင်ယောင်ရင်း တဖြည်းဖြည်း ပြုပြင်လာတော့မည်ဟု ဆုံးဖြတ်လိုက်ကြသည်။

"ဖေဖေနဲ့မေမေ သားသားနောက်ကို ဂိမ်းကစားတာကို ဆင်ခြင်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေနဲ့မေမေ သမီးလည်းနောက်ကို တစ်နေ့တစ်နာရီပဲ ဂိမ်းကစားမယ်လို့ ကတိပေးပါတယ်၊ ခွင့်ပြုပါနော် ဖေဖေနဲ့မေမေ"

ဦးမောင်ထွေး ဒေါ်မယ်ခတို့ဇနီးမောင်နှံမှာ သားနှင့်သမီးတို့၏ဆုံးဖြတ်ချက်မှန်စွာဖြင့် ကတိပေးကြသော စကားသံများကြောင့် ကြည်နူးဝမ်းသာစွာ ပြုံးရွှင်နေကြလေတော့သည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အားလုံးပါဝင် ကလေးပျော်ကျောင်းတွင်

အခြေခံပညာမူလတန်းလွန်ကျောင်း

လက်ပံတုန်း ကျေးရွာ၊ အောင်လံမြို့နယ်

ကျွန်တော့်ကိုလာကြိုသော လှည်းသည် ကျောင်းရှေ့ဆိုင်းဘုတ်အနီးထိအောင် လိုက်ပို့သည်။ ကျောင်းကို ကျွန်တော်ရောက်ရှိချိန်မှာ နံနက် (၉)နာရီခွဲဖြစ်သည်။

ကျွန်တော်လှည်းပေါ်မှ ဆင်းသည်နှင့် ကျောင်းအုပ်ဆရာကြီးက ကျွန်တော့်ဆွဲအိတ်ကိုလှမ်းယူကာ "မင်္ဂလာပါ ဆရာကြီး" ဟု ခရီးဦးကြိုပြုလေသည်။

"မင်္ဂလာပါဗျာ"

ကျွန်တော်က ပြန်လည်နှုတ်ဆက်စကားဆိုရင်း ကျောင်းအုပ်ဆရာကြီး ခေါ်ဆောင်ရာ ရုံးခန်းသို့ လိုက်ပါသွားသည်။ ရုံးခန်းတွင်းသို့ ကျွန်တော်ရောက်သည့်အခါ ဆရာကြီးရုံးခန်းတွင်း၌ မိဘတော်တော်များများကို တွေ့ရသည်။

"ဆရာကြီး ဒါက ရယကဥက္ကဋ္ဌ ဦးတင်လှိုင်ပါ၊ ဒါကတော့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်း၊ ကျွန်တော့်လူကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေအားလုံးကတော့ ဆယ်အိမ်မှူးတွေ၊ မိဘဆရာအသင်းအမှု ဆောင်လူကြီးတွေနဲ့ ကျောင်းအကျိုးတော်ဆောင်လူကြီးတွေပဲ ဖြစ်ပါတယ်။ ဒီဘက်ကတော့ ဘကြီးသာစိန်၊ ဘကြီးဦးပေါ်နဲ့ဘကြီး ဦးရွှေမောင်းတို့ကတော့ ရပ်မိရပ်ဖများ ဖြစ်ပါတယ်"

ကျွန်တော့်အား ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းအောင်က ကျေးရွာလူကြီးများနှင့် မိတ်ဆက်ပေးပါသည်။

"ဟုတ်ကဲ့ပါခင်ဗျား၊ အားလုံးကိုတွေ့ရတာ ဝမ်းသာပါတယ်" ကျွန်တော်ကပြန်၍ နှုတ်ဆက်လိုက်သည်။

ထို့နောက် ကျွန်တော်ကဆက်လက်၍ –

"ဒီနေ့ ကျွန်တော်လက်ပံတုန်းကျောင်းကို ကျောင်းစစ်ဆေးရေးတာဝန်နဲ့ လာခဲ့တာပါ။ ဒီရွာရောက်တော့ စိတ်ထဲမှာ ပေါ့ပေါ့ပါးပါးဖြစ်သွားသလိုပဲဗျာ" ဟု ကျေးရွာလူကြီးများ၏ ပံ့ပိုးမှု ပညာရေးစိတ်ဝင်စားမှုများကို အခြေပြု၍ ပြောပြသည်။

"ဆရာကြီး ဒီလက်ပံတုန်းရွာကတော့ ကျောင်းကိုအများကြီးပံ့ပိုးပါတယ်။ ကျွန်တော်လည်း စိတ်ချမ်းသာမှုတွေရရှိပါတယ်။ ကျောင်းသားတွေကလည်း ကျောင်းမှာပျော်ကြပါတယ်"

ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းအောင်က ကျောင်း၏အခြေအနေ ရွာ၏အခြေအနေတို့ကို ရှင်းပြသည်။

ထို့နောက် ကျေးရွာရ. ယ. က ဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖများအားလုံးက လက်ဖက်ရည်နှင့်မုန့်များကို ဧည့်ဝတ်ပြုကျွေးမွေးကြသည်။ "ကျွန်တော်တို့ရွာက ဆရာကြီးတွေ့တဲ့အတိုင်းပါပဲ၊ အရေး

www.burmeseclassic.com

www.burmeseclassic.com



ဟော့ဆိုရင် တစ်ရွာလုံး နိုးကြားကြတယ်၊ ပါဝင်ဆောင်ရွက်ကြတယ်၊ ကူညီရိုင်းပင်းမှုလည်း ရှိကြပါတယ်။

အသက်အကြီးဆုံးဖြစ်သည့် ဘကြီးသာစိန်က ပြောပြသည်။

"ဆရာကြီးသုံးဆောင်ပါဦး ဒီမုန့်က ဒီရွာကလုပ်တဲ့ မုန့်လက်ကောက်ပါ၊ ဘာမှအားမနာနဲ့နော်"

အဘွား ဒေါ်ထွေးကြည်က လိုက်လှဲပျူငှာစွာပြော၍ လောကွတ်ပြုသည်။

ကျွန်တော်လည်း ရွာသူရွာသားများနှင့်အတူ ဧည့်ခံကျွေးမွေးသည့်မုန့်များကိုစားသောက်ရင်း စကားဝိုင်းဖွဲ့နေပါသည်။

လက်ပံတုန်းကျေးရွာသည် အိမ်ခြေသုံးရာကျော်ရှိသော ရွာကြီးတစ်ရွာဖြစ်ပြီး ဘွက်ကြီးချောင်းနံဘေးတွင် တည်ရှိသည်။ ဒေသခံများမှာ ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသူများ ဖြစ်ကြသည်။ ဘာသာရေး သာသနာရေးတွင်လည်း ကြည်ညိုသဒ္ဓါ စိတ်ထက်သန်သူများဖြစ်ကြောင်း ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် ဘုရားစေတီတို့က သက်သေအထင်ကရ ရှိနေလေသည်။

မူလတန်းလွန်ကျောင်းဖြစ်၍ သူငယ်တန်းမှ သတ္တမတန်း အထိ ကျောင်းသားငါးရာကျော်ရှိသည်။ ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပဥ္စမတန်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်းကျောင်းသား ကျောင်းသူများပါ လာရောက်ကျောင်းနေကြသည်။

ထူးခြားသည်မှာ လက်ပံတုန်းကျေးရွာတစ်ရွာလုံးရှိ ကျောင်းနေအရွယ်ကလေးများအားလုံး တစ်ယောက်မကျန်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနေကြခြင်းဖြစ်သည်။ ကျေးရွာလူထုအနေဖြင့် ကျောင်း၏ လိုအပ်ချက်ကိုလည်း တတ်စွမ်းသည့်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးမှု ပြုကြသည်ကို အားရဖွယ်ဖြင့် တွေ့ရှိရလေသည်။

ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုတွင် မိဘပြည်သူ များ၏ ပူးပေါင်းပါဝင်မှုအားသည် လွန်စွာအရေးပါလှသည်။ ကျေး လက်ဒေသဖွံ့ဖြိုးရေးလုပ်စဉ်ကြီး (၅)ရပ်တွင် ဒေသခံပြည်သူတို့၏ ပညာရည်မြင့်မားရေးအတွက် တစ်ရွာလုံးက တက်ကြွစွာပါဝင်ကူညီ အားဖြည့်နေသည်မှာ ဂုဏ်ယူဖွယ်ပင်ဖြစ်လေသည်။

"ကျေးလက်တောရွာတွေမှာ ကျောင်းနေအရွယ်ကလေးတွေ ကို အားလုံးကျောင်းနေကြဖို့ ကျောင်းနေရင်လည်း ပညာကိုဆုံးခန်း တိုင်အောင် သင်ယူကြဖို့ ကျွန်တော်တို့ရွာသူရွာသားတွေ ရပ်မိရပ်ဖ တွေက ပညာပေးပြောပြလို့ တစ်ရွာလုံးကတော့ ပညာရေးကို စိတ် ဝင်စားနေကြပါပြီ နားလည်နေကြပါပြီ ဆရာကြီး"

ရ. ယ. က ဥက္ကဋ္ဌ ဦးတင်လှိုင်က ရှင်းပြသည်။

အားရကျေနပ်ဖွယ်ကောင်းသော ကျေးရွာရပ်မိရပ်ဖများ ၏ ဆောင်ရွက်ချက်နှင့် ပညာရေးအပေါ် ထားရှိသည့် စိတ်သဘော ထား စိတ်စေတနာများပင်ဖြစ်သည်။

"ဟုတ်ကဲ့ပါ ကျွန်တော်လည်း ကျောင်းအများအပြားကို စစ်ခဲ့ပါတယ်၊ ဒါပေမဲ့ ဒီရွာမှာတော့ ထူးထူးခြားခြားပါပဲ"

ကျွန်တော်က ထိုသို့ပြောပြသည့်အခါ ရပ်မိရပ်ဖတစ်ဦးက-

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးပြောတဲ့ ထူးထူးခြားခြားဆိုတာ ကျွန်တော်တို့လည်း စိတ်ဝင်စားလို့ပါ ဆရာကြီးရှင်းပြပါ ခင်ဗျား" ဟု မေးသည်။

အမေးရှိလျှင် အဖြေရှိရမည်ဖြစ်သည်။ သို့ဖြစ်၍ ကျွန်တော်ကလည်း ရပ်မိရပ်ဖများ၊ မိဘပြည်သူများအားလုံးကို စိတ်ဝင်စားအောင် ရှင်းပြရသည်၊ ပြောပြရသည်။

"နိုင်ငံတော်က အခြေခံပညာရေးနဲ့ပတ်သက်လို့ ပညာရေးဝန်ကြီးဌာနက လိုအပ်တဲ့ကူညီပံ့ပိုးမှုတွေ လမ်းညွှန်မှုတွေ ပေးပါလိမ့်မယ်။ မိဘများကသာ ကျောင်းနေအရွယ်ကလေးများကို ကျောင်းအပ်ဖို့ ကျောင်းနေဖို့ ကျောင်းထားပေးဖို့ လိုအပ်တာပါ"

"အဘတို့ရွာကတော့ ရွာလူထုကလည်း ကျောင်းရဲ့လိုအပ်ချက်တွေကို ပံ့ပိုးပေးကြတယ်။ တစ်ရွာလုံးမှာရှိတဲ့ ကျောင်းနေရမယ့် ကလေးမှန်သမျှ ကျောင်းမှာအပ်ကြဖို့ ပညာတတ်အောင် သင်ယူဖို့ကိုလည်း မိဘတွေကို အဘတို့တွေကပါ ပါဝင်ပြီး ဆွေးနွေးပြ ပြောပြရတာပေါ့ဆရာကြီး။ ဒါကြောင့် အခုလို ကျောင်းသားတွေအားလုံးကို ကျောင်းထားကြတာပဲကွဲ့"

အသက် ၈၀ ကျော်အရွယ် ဘကြီးဦးရွှေမောင်းက ပြောပြခြင်းဖြစ်ပါသည်။

"ဟုတ်ကဲ့ပါအဘ၊ အဘတို့လက်ပံတုန်းရွာမှာ ကျွန်တော်တို့မြို့နယ်က ကျောင်းနေအရွယ်ကလေးတွေကို စာရင်းကောက်ယူခဲ့တာ ငါးနှစ်အရွယ်က ၁၃၇ ဦးနဲ့ ပြီးခဲ့တဲ့နှစ်က သူငယ်တန်းကနေ ခြောက်တန်းအထိ ကျောင်းသား ၃၃၈ ဦးရှိပါတယ်။ ဒီနှစ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးတွေအကုန်လုံး ဒီကျောင်းမှာ သူငယ်တန်းကနေ သတ္တမတန်းအထိ အားလုံးကျောင်းတက်တာကိုတွေ့ရလို့ အဘတို့ရွာက ရပ်မိရပ်ဖတွေ၊ မိဘပြည်သူတွေကို ကျွန်တော် ကျေးဇူးတင်နေမိပါတယ် အဘ”

ကျွန်တော်က ပြန်လည်ရှင်းပြသည့်အခါ ကျေးရွာလူကြီးများက စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။

ထို့နောက် ဆယ်အိမ်မှူး ဦးအေးမောင်က “ကျွန်တော်တစ်ခုလောက်မေးချင်ပါတယ် ဆရာကြီး” ဟု မတ်တတ်ရပ်၍ ဆိုသည်။

“ပြောပါခင်ဗျာ ပြောပါ”

“ကျောင်းနေအရွယ်ကလေးတွေ မိဘကဆင်းရဲချို့တဲ့လို့ ကျောင်းမထားနိုင်ရင်ကော ပညာရေးဌာနကဘာယ်လို စီစဉ်ပေးပါသလဲဆရာကြီး”

“ဩော် ဟုတ်ကဲ့ပါ ဆယ်အိမ်မှူးကြီးခင်ဗျာ၊ ကျွန်တော်တို့ ဒီမြို့နယ်မှာ တချို့ရွာတွေမှာ ကျောင်းနေအရွယ်ကလေးများ ကျောင်းမနေသေးတာရှိမရှိ စုံစမ်းမှုပြုတဲ့အခါ တစ်ဦးနှစ်ဦးစသည်ဖြင့် ရှိတတ်ပါတယ်၊ အဲဒီကလေးတွေဟာ ကျောင်းနေဖို့ ခက်ခဲကြတယ်။ ဒါပေမဲ့ ကူညီပံ့ပိုးမှုတွေပေးတဲ့အခါ အားလုံးကျောင်းနေနိုင်ကြပါတယ်။ ဒီလိုဆောင်ရွက်နိုင်ခြင်းဟာလည်း ဒေသခံအာဏာပိုင်များနဲ့ ကျွန်တော်တို့ပညာရေးဝန်ထမ်းတွေ လူမှုရေးအသင်းအဖွဲ့တွေ၊ စေတနာရှင်ပြည်သူတွေနဲ့ ပြည်သူ့ရဲ့ထုပ်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



အကောင်အထည်ဖော် ဆောင်ရွက်မှုတွေကြောင့်ပဲ ဖြစ်ပါတယ် ခင်ဗျား"

ကျွန်တော်က ထိုသို့စိတ်ရှည်လက်ရှည် ရှင်းပြသည့်အခါ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ၊ မိဘပြည်သူများ သဘောပေါက်သွားကြပုံရလေသည်။ သို့ဖြစ်၍ ခေတ္တမျှ ငြိမ်သက်စွာနေထိုင်ရင်း စားသောက်ဖွယ်ရာများကို စားကြသောက်ကြလေသည်။

ခဏကြာသော် ကျောင်းအုပ်ဆရာကြီးက ကြိုတင်စီစဉ် ပြောပြထား၍လားမသိ၊ အားလုံး ကျွန်တော့်အား နှုတ်ဆက်၍ ပြန်သွားကြလေသည်။ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌနှင့် ရ. ယ. က ဥက္ကဋ္ဌ၊ အခြားမိဘဆရာအသင်းဝင်လူကြီး (၂) ဦး တို့သာ ရုံးခန်း၌ ကျန်ရစ်နေကြလေသည်။

ကျွန်တော်သည် ကျောင်းရုံးလုပ်ငန်းများ၊ ဆရာဆရာမများ၏ သင်ကြားရေးမှတ်တမ်းများကို စစ်ဆေးပြီးနောက် ကလေးများ၏ ပညာရေးမှတ်တမ်းများ၊ လေ့ကျင့်ခန်းစာအုပ်များကို စစ်ဆေးခြင်း၊ အချို့အတန်းများကိုဝင်၍ ကလေးများ၏ ဘက်စုံပညာရည်တို့ကို စစ်ဆေးခြင်းများ ပြုခဲ့ပါသည်။

အ. မ. က လက်ပံတုန်းသည် ကစားကွင်း၊ ပန်းဥယျာဉ်၊ စာကြည့်တိုက်တို့ ရှိသည့်အပြင် ပညာရေးဌာန၏ ကလေးပျော်ကျောင်းအင်္ဂါရပ်နှင့် ညီညွတ်ပြည့်စုံသည့် ကျောင်းကောင်းတစ်ကျောင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ကလေးများလည်း ကျောင်းတွင် ပျော်ပျော်ရွှင်ရွှင်ဖြင့် စိတ်ချမ်းမြေ့စွာ ပညာသင်ယူနေကြသည်ကို တွေ့ရှိရသည်။

ကျွန်တော် စစ်ဆေးခဲ့သမျှ ဤမြို့နယ်အတွင်းရှိ ကျောင်းများအနက် လက်ပံတုန်းရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို စစ်ဆေးရသည်မှာ စိတ်ရွှင်လန်းကြည်သာမှု အရှိဆုံး ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်း၌ ပညာသင်ကြားသင်ယူမှု ရှိနေခြင်း၊ ကလေးများကို စစ်ဆေးမှုပြုသည့်အခါ သွက်လက်ချက်ချာစွာ ပြောဆိုနိုင်ခြင်း၊ ဉာဏ်ရည်ထူးချွန်ကြခြင်းနှင့် ရပ်ရွာမိဘ ပြည်သူလူထုပူးပေါင်းပါဝင်မှု ရှိခြင်းများကြောင့်ပင် ဖြစ်ပါသည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## တောင်ပေါ်မြေက ပန်းကလေးများ

ဝိုင်းမော်မြို့နယ် လုထောင်ရွာသည် မြို့၏ အရှေ့တောင်ဘက် မိုင် ၄၀ ကျော်ဝေးသော နေရာဒေသတစ်ခုဖြစ်သည်။ ပေသုံးထောင်ကျော်မြင့်သည့် တောင်ပေါ်တွင်တည်ထားသော ရွာငယ်ကလေးဖြစ်ပြီး အိမ်ခြေတစ်ရာကျော် ရှိသည်။

ဒေသခံ ကချင်တိုင်းရင်းသားများဖြစ်သည့် ဂျိန်ဖော့၊ ရဝမ်၊ လီဆူ၊ လော်ဝေါ်၊ ဇိုင်ဝါး၊ လာချိဒ်တို့ နေထိုင်ကြသည်။ လှေကားထစ်စပါးစိုက်ခြင်း၊ တောင်ယာလုပ်ကိုင်ခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်း၊ အမဲလိုက်ခြင်း လုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။

အ. မ. က လုတောင်သို့ ကျွန်တော် ကျောင်းစစ်ဆေးရန် တာဝန်ဖြင့် သွားရောက်ခဲ့သည်။ ကျွန်တော်နှင့်အတူ ရုံးမှ စာရေး ဦးလွမ်းခေါင်လည်း ပါသည်။

"ဆရာကြီး ဒီကျောင်းကို ကျွန်တော်တို့ မြို့နယ်ပညာရေးမှူးတွေ တော်တော့ကို ကြိုးစားပြီး တစ်နှစ်တစ်ခေါက် ရောက်အောင် လာရတာ"



www.burmeseclassic.com

www.burmeseclassic.com



စာရေးဦးလွှမ်းခေါင်က ကျွန်တော့်ကို လမ်းၫွှန်ပြောပြသည်။ ကျွန်တော်သည် လွန်ခဲ့သော သုံးလခန့်မှ ဤမြို့နယ်တွင် တာဝန်ထမ်းဆောင်သူဖြစ်၍ စာရေးဦးလွှမ်းခေါင်က နယ်မြေအခြေအနေကို ပြောပြခြင်း ဖြစ်သည်။

"ကျွန်တော်ကတော့ ကျောင်းစစ်ဖို့ရောက်တုန်း ဒီဒေသခံတွေရဲ့ ကျန်းမာရေး လူမှုရေး ယဉ်ကျေးမှု ဓလေ့ထုံးစံကိုပါ သိရှိခွင့်ရမှာမို့ ဒီရွာကိုလာရတာ မောတယ်ပန်းတယ်လို့ မရှိပါဘူးဗျာ"

နှစ်ဦးသား စကားတပြောပြောဖြင့် တောင်ပေါ်ရွာလေးကို ရောက်ရှိလာခဲ့ကြသည်။

"မင်္ဂလာပါ ဆရာကြီး"

ကျောင်းရောက်တော့ ကျောင်းအုပ်ဆရာကြီးက ခရီးဦးကြို ပြုသည်။

"မင်္ဂလာပါ"

ကျွန်တော်က ပြန်လည်နှုတ်ခွန်းဆက်ရင်း ဆရာကြီးခေါ်ဆောင်ရာ သူ၏ရုံးခန်းသို့ ကျွန်တော်တို့ လိုက်ပါသွားသည်။

ပတ်ဝန်းကျင်တစ်ခွင်လုံးကို ကြည့်လိုက်တိုင်း မှိုင်းညို့ညို့ တောင်တန်းကြီးများဖြင့် ကာဆီးနေသည်။ တောင်ပေါ်ဒေသဖြစ်၍ လေနုလေအေးများက ဖြည်းညင်းစွာ တိုက်ခတ်နေသည်။ အအေးဓာတ်က လွန်ကဲသဖြင့် အနွေးထည်များကို ဝတ်ဆင်ထားရသည်။

အ. မ. က လုထောင်တွင် ကျောင်းသားကျောင်းသူ (၁၀၃) ဦး ရှိသည်။ ကျောင်းအုပ်ဆရာကြီးနှင့် လက်ထောက်ဆရာမ

www.burmeseclassic.com

www.burmeseclassic.com



(၂) ဦး အထွေထွေလုပ်သား (၁) ဦးတို့ ရှိကြသည်။ ကျောင်းအုပ်ဆရာကြီးမှာ ဦးနန်ပတီးဂျူဆာရ် ဖြစ်သည်။ ဆရာမလေးနှစ်ဦးမှာ ဒေါ်ဘောက်ခေါန်၊ ဒေါ်မူယာစိုးတို့ ဖြစ်ပြီး အထွေထွေလုပ်သားမှာ ဦးဆောင်ယိမ်းဖြစ်သည်။ ကျောင်းအုပ်ဆရာကြီးမှာမူ ပူတာအိုမြို့နယ်မှ လာရောက်တာဝန်ထမ်းဆောင်သော ရဝမ်တိုင်းရင်းသားတစ်ဦးဖြစ်သည်။ ဆရာမ ဒေါ်မူယာစိုးမှာ ရေစကြိုမြို့နယ်မှ ဖြစ်သည်။ ဒေါ်ဘောက်ခေါန်နှင့် ဦးဆောင်ယိမ်းတို့မှာ ဒေသခံများဖြစ်ကြသည်။

ရုံးခန်းအတွင်း၌ ခေတ္တအနားယူနေကြစဉ် အထွေထွေလုပ်သား ဦးဆောင်ယိမ်းက "ဆရာကြီးတို့က ဒီည ဒီမှာအိပ်မှာမို့လား" ဟု မေးလည်းမေး၊ သူငှဲ့ပေးသော ရေနွေးခွက်များကိုကျွန်တော်တို့ လက်ဝယ်အရောက် လိုက်၍ပေးနေသည်။

"အချိန်မီရင်တော့ ရှေ့ကျောင်းတစ်ကျောင်းကို ဆက်သွားချင်တယ်"

"ဘယ်ကျောင်းလဲ ဆရာကြီး"

"ဆင်ဂါပါ ကို"

"အဲ ဆင်ဂါပါကိုဆိုရင် ဆရာကြီးတို့ မိုးချုပ်မှ ရောက်မှာသေချာတယ်၊ ဒီည ဒီမှာပဲ အိပ်ပါ ဖြည်းဖြည်းပေါ့ ဆရာကြီး"

ထိုသို့ပြောရင်း ဦးဆောင်ယိမ်းသည် စာရေး ကိုလွမ်းဒေါင်အားလည်း ဂျိန်ဖော့ဘာသာစကားဖြင့် ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး မနက်ဖြန်ကျရင် မြို့က ကျန်းမာရေးဆရာမတွေ နံနက်စောစော ဒီကျောင်းကို လာမှာတဲ့၊ အိုင်အိုဒင်းဆားတွေလည်း ဝေငှရင်း ကျန်းမာရေးဟောပြောပွဲလည်း လုပ်မှာတဲ့"

စာရေးဦးလွမ်းခေါင်က ကျွန်တော့်အား ရှင်းပြသည်။ ကျောင်းအုပ်ဆရာကြီးကလည်း ကျွန်တော်စစ်ဆေးမည့် မှတ်တမ်းများ စာရင်းဇယားများကို ဗီရိုတွင်းမှထုတ်ရင်း "ဆရာကြီး ဒီည ဒီမှာပဲ အေးအေးသက်သာနေပါဦး ဖြည်းဖြည်းပေါ့ဆရာကြီး" ဟု ဆိုသည်။

ကျွန်တော်သည် ရုံးခန်းတွင်း၌နေစဉ် ဆရာကြီးနှင့် ဝန်ထမ်းများ၏ ပြောစကားများကို အာရုံစူးစိုက်ရင်း ကျောင်းသို့အိုင်အိုဒင်း ဆားများဝေမည့်ကိစ္စ ကျန်းမာရေးပညာပေးဟောပြောမည့်ကိစ္စများကို ဆက်ကာဆက်ကာတွေးရင်း စိတ်ဝင်စားလာပါသည်။

တောင်ပေါ်ဒေသများတွင် အိုင်အိုဒင်းအာဟာရ နည်းပါးမှုရှိကြောင်း ကျွန်တော်သိထားပါသည်။ အ. မ. ကလုထောင်သို့လည်း အိုင်အိုဒင်းဆားများဝေငှမည် ကျန်းမာရေးဟောပြောပွဲလုပ်မည်ဆိုသည့်အတွက်လည်း ဝမ်းသာမိပါသည်။

"ကဲ ဆရာကြီး ဒီမှတ်တမ်းတွေ ခြတွေစားထားပါလား" ကျွန်တော်က အရေးကြီးမှတ်တမ်း စာအုပ်တစ်အုပ်ကို ခြများစားထားသည်ကို ပြသရင်းနှုတ်မှ ပြောပြသည်။

"ဟုတ်တယ် ဆရာကြီး ဒီဒေသက ခြတွေအရမ်းပေါတယ်"

"အင်း ခြပေါတဲ့အရပ်ဒေသမှာ ခြပေါမှန်းသိရင် အရေးကြီးစာရွက်စာတမ်းတွေကို ဂရုတစိုက်ထားပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မှတ်တမ်းများကို စစ်ရင်းလိုအပ်ချက်များကို ပါ တစ်ခါတည်းပြောရသည်။

ထို့နောက် စတုတ္ထတန်းကလေးများကို စစ်ရန်အတွက် အတန်းတွင်းသို့ဝင်သည်။ ဟောခန်းကဲ့သို့ ကျောင်းအဆောက်အဦ ထဲတွင် သီးသန့်ခန်းများဖွဲ့၍ထားခြင်းမဟုတ်သဖြင့် အားလုံးသော ကျောင်းသားကျောင်းသူများသည် ကျောင်းဆောင်အတွင်းတွင် အားလုံးကို မြင်တွေ့နေရသည်။

အဆောင်မှာ သွပ်မိုး၊ ပျဉ်ခင်း ထရံကာ ကျောင်းဆောင် ဖြစ်သည်။

"မင်္ဂလာပါ ကလေးတို့"

ကျွန်တော်က ကလေးများအား နှုတ်ဆက်သည်။

"မင်္ဂလာပါ . . . မင်္ဂလာပါ . . . . . မင်္ဂလာပါ"

ကျောင်းသားများက ကျွန်တော့်အား ပြန်လည်နှုတ်ဆက် သည်။ ကျွန်တော်သည် ကလေးများ၏မြန်မာစကားမပီမသ အသံ ဝဲဝဲညြညြလေးများဖြင့် မင်္ဂလာပါဟူသောစကားကို တစ်ကြိမ်မက နှစ်ကြိမ်သုံးကြိမ် နောက်ကျပြီးမှ နှုတ်ဆက်နေသော ကလေးများ ကိုကြည့်ရင်း ပီတိဖြစ်မိသည်။ အချို့သောကလေးများသည် လည်ပင်းကြီးကြီးအစ်အစ်ကလေးများကို တွေ့ရသည်။ မိန်းကလေး များက ယောကျ်ားလေးများထက် ပိုမည်ထင်သည်။ ကျွန်တော့်စိတ် တွင် ရေတွက်ကြည့်ရာ လည်ပင်းကြီးသောကလေးများ ၂၀ ဦး

www.burmeseclassic.com

www.burmeseclassic.com



ထက်မနည်း တွေ့ရှိရသည်။ ကလေးအချို့သည်လည်း ပုညက် သေးကွေး ပိန်လှီနေသည်ကို တွေ့ရသည်။

ကျွန်တော့်အား အထွေထွေလုပ်သား ဦးဆောင်ယိမ်းက မနက်ဖြန် ဒီကျောင်းကို အိုင်အိုဒင်းဆားဝေမည့်အကြောင်း ပြောသည်ကို သတိရမိသည်။ အမှန်တကယ်လည်း ကလေးအချို့သည် အိုင်အိုဒင်းချို့တဲ့မှုကို ကြုံတွေ့နေရမည်မှာ သေချာလှပေသည်။

"ကဲ သားတို့သမီးတို့ကို ဆရာ စာမေးကြည့်မယ်နော် ပဋ္ဌဂံတစ်ခုမှာ အနားဘယ်လောက်ရှိလဲ ထောင့်ဘယ်နှထောင့် ပါရှိသလဲကွယ်"

စတုတ္ထတန်းတွင် ကျောင်းသားကျောင်းသူ ၂၃ ဦးရှိရာ ကျွန်တော်မေးသည်ကို တစ်ဦးမှ မဖြေဆိုကြပါ။

"ကဲ ဖြေပါဦး ပဋ္ဌဂံတစ်ခုမှာ အနားဘယ်နှနားရှိပြီး ထောင့်ဘယ်နှထောင့်ရှိလဲကွာ"

ကလေးများက ကျွန်တော့်အားကြည့်လိုက် သူတို့ဆရာမနှင့်ဆရာကြီးအား ကြည့်လိုက်လုပ်နေကြသည်။ ကလေးများက မပြောမဆိုကြသောအခါ ဆရာကြီးက သူ၏တပည့်များကို ကချင်လို အသံမာမာဖြင့် ပြောသည်။ ထိုအခါ ကလေးတစ်ဦးက လက်ငါးချောင်းထောင်ပြသည်ကို တွေ့ရသည်။ သို့သော် နှုတ်မှ ပြောဆိုမှုမရှိကြပါ။ ကျွန်တော့်စိတ်၌ ကျောင်းအုပ်ကြီးသည် ကျွန်တော့်စစ်မေးမှုနှစ်ကြိမ်ကို မဖြေဆိုနိုင်ကြသဖြင့် ကိုယ်ဘာသာ ကလေးကို လက်ငါးချောင်းထောင်ပြခိုင်းပြီး ဖြေခိုင်းသည်ဟု ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ သားတို့သမီးတို့ကို ဆရာအလီမေးကြည့်မယ်ကွာ ဆရာမ အလီ ဘယ်အထိသင်ထားလဲ"

"၁၂ အလီထိ သင်ထားပါတယ်ရှင့်" အတန်းပိုင်ဆရာမက ပြောသည်။

"ကဲ ဟုတ်ပြီသမီးလေး ထပါဦး၊ ကိုးခုနစ်လီ ဘယ်လောက်လဲ ပြောပါဦး"

ကျွန်တော်မေးသည့်ကျောင်းသူလေးမှာ ကျွန်တော့်ကို ကြည့်လိုက် သူ့ဆရာမကိုကြည့်လိုက်လုပ်နေပြီး ဘာမှ ပြောဆိုမှု မရှိပေ။ ထိုအခါ ဆရာမက ကချင်လိုရော၍ ပြောသည်ကို ကျွန်တော်ကြားသိရသည်။

"ဆရာမ ပြောမပြပါနဲ့"

ဆရာမဒေါ်ဘောက်ခေါ်နက ကျွန်တော့်အားကြည့်၍ "အလီကို ရွတ်ကြည့်ဆိုကြည့်ပါလားလို့ ပြောတာပါဆရာကြီး" ဟု အသံခပ်ဝဲဝဲဖြင့် ပြောပြသည်။ ကျွန်တော်က ဆရာမအား တစ်ချက်ကြည့်၍ မပြောရကြောင်း လက်ကာပြရာ ဆရာမလည်း ဆက်၍မပြောပြတော့ပေ။

ခဏအကြာ ကျွန်တော်က "ကဲ သမီးလေးနာမည်ပြောပါဦး" ဟုမေးရာ ကျောင်းသူလေးက ရှက်ကိုးရှက်ကန်းဖြင့် လက်သီး တစ်ဖက်ဖြင့် ပါးစပ်ကိုပိတ်ထားသည်ကို တွေ့ရသည်။

"ကဲ သမီးလေးနာမည် ပြောပါဦးကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဒုတိယအကြိမ်ထပ်၍မေးရာ အသံမပွင့်တပွင့်လေးဖြင့် ဖြေသည်။

"ကျယ်ကျယ်လေးပြောကွာ ဆရာက နားသိပ်မကြားလို့"

ကျွန်တော်ကထိုသို့ ပြောသည့်အခါမှ ကျောင်းသူလေးက "ငွေးမဆီး" ဟု သူ့အမည်ကိုပြောပြသည်။ လီဆူတိုင်းရင်းသူလေးမှန်း ကျွန်တော်သိလိုက်ပါသည်။

အခြေခံပညာမူလတန်းကျောင်းများတွင် စတုတ္ထတန်းသည် အမြင့်ဆုံးအတန်းတစ်တန်းဖြစ်သည်။ စတုတ္ထတန်းမှ ကျောင်းသားကျောင်းသူလေးများကို ကျွန်တော်စစ်မေးကြည့်ရာတွင် ဖျတ်လတ်သွက်လက်မှု အားနည်းခြင်း လှုပ်ရှားမှုနှေးကွေးခြင်း ညက်ရည်ထုံထိုင်းခြင်းများကို တွေ့နေရပါသည်။

ကျွန်တော်သည် သူငယ်တန်းကျောင်းသားကျောင်းသူလေးများကို စစ်မေးကြည့်ပြန်သည်။

"ပန်းကလေးများပွင့်တော့မည် ဖူးတံဝင့်လို့ချီ နေခြည်မှာရွှေရည်လောင်း ငါတို့စာသင်ကျောင်း"

ကဗျာစာပိုဒ်လေးကို သံပြိုင်ရွတ်ဆိုခိုင်းကြည့်သည်။ ရွတ်ဆိုကြသော်လည်း ညီညာမှုမရှိ အသံတိုးတိုးညင်းညင်းလေးဖြင့်သာ သီဆိုကြသည်။

ကျောက်သင်ပုန်း၌ရေးထားသော အင်္ဂလိပ်အက္ခရာလုံးများကို အချို့ကျောင်းသူလေးများအား တစ်လုံးချင်းထောက်ပြပြီး မေးကြည့်ရာ အချို့ဖြေဆိုနိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာအက္ခရာ ကကြီးအစ အအဆုံးဗျည်း ၃၃ လုံးကို မေးကြည့်ရာတွင်လည်း ကလေးအချို့ ပီသအောင်မဆိုနိုင်ခြင်း၊ မဖြေဆိုဘဲနေကြခြင်းများတွေ့ရှိရသည်။

အင်္ဂလိပ်စာနှင့် မြန်မာစာနှစ်မျိုးအနက် အင်္ဂလိပ်စာကိုမူ မြန်မာစာထက်ပို၍ ဖြေဆိုနိုင်ကြောင်း စစ်မေး၍ရကြောင်းတွေ့ရှိရသည်။ ၎င်းတို့၏ ဘာသာစကားနှင့် စာပေများတွင် အင်္ဂလိပ်အက္ခရာဖြင့် ရေးသားမှုပြုခြင်းကြောင့်ပင် ဖြစ်မည်ဟု သုံးသပ်မိပါသည်။

အိုင်အိုဒင်းအာဟာရဓာတ်ချို့တဲ့မှုသည် လူအများ၏ ကျန်းမာရေးကို ထိခိုက်စေသည့် အကြောင်းရင်းတစ်ခုဖြစ်သည်။ ကမ္ဘာ့နိုင်ငံအချို့ရှိပြည်သူအချို့သည် ရေမြေသဘာဝ အခြေအနေ ပတ်ဝန်းကျင်ပြောင်းလဲမှုများအရ အိုင်အိုဒင်းဓာတ် ချို့တဲ့မှုနှင့် ရင်ဆိုင်နေရပေသည်။

ကလေးသူငယ်များ အိုင်အိုဒင်းချို့တဲ့ပါက ခန္ဓာကိုယ်စံချိန်မမီဘဲ မကြီးထွားနိုင်ဘဲ သေးကွေးပုညှက်ခြင်း၊ ဉာဏ်ထိုင်းခြင်း၊ လည်ပင်းကြီးရောဂါဖြစ်ပွားခြင်းတို့ ဖြစ်နိုင်ပါသည်။

အိုင်အိုဒင်းအာဟာရဓာတ်ကြွယ်ဝသော ပင်လယ်ငါး၊ ပင်လယ်ပုစွန်၊ ပင်လယ်ထွက်အပင်များ၊ ပင်လယ်ထွက်သီးနှံများကို စားသုံးရန်နှင့် အိုင်အိုဒင်းဆားကို စားသုံးရန်လိုပါသည်။

တောင်ပေါ်ဒေသနေ ပြည်သူများသည် ပင်လယ်ထွက် အစာအာဟာရများကို စားသုံးမှုနည်းပါးခြင်း၊ အလှမ်းအကမ်း

www.burmeseclassic.com

www.burmeseclassic.com



အဆက်အသွယ်ဝေးကွာခြင်းတို့ကြောင့် အိုင်အိုဒင်းဆား စားသုံးမှု ပြုရန် အထူးပင်လိုအပ်ပါသည်။

ကျန်းမာရေးဦးစီးဌာနနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့ အစည်းများ ပူးပေါင်း၍ ပြည်သူလူထုအတွင်း အိုင်အိုဒင်းဆား စားသုံးနိုင်ရေး တိုးမြှင့်ပညာပေး ဆောင်ရွက်ခြင်းကို ပြုခြင်းဖြင့် ကလေးများ အိုင်အိုဒင်းချို့တဲ့မှုကို ကာကွယ်နိုင်မည်ဖြစ်ပြီး ပညာ ထူးချွန်ထက်မြက်သူများ အနာဂတ်ဖန်တီးရှင် လူချွန်လူမွန်လေး များ ဖြစ်လာနိုင်မည်ဖြစ်သည်။

အ. မ. က လုထောင်ရှိ အိုင်အိုဒင်းချို့တဲ့သော ကလေး များအတွက်ရော ကျောင်းသားကျောင်းသူအားလုံးအတွက်ပါ နက်ဖြန်ကျန်းမာရေးဌာနမှ အိုင်အိုဒင်းဆားများ ဝေငှမည်ဖြစ် ကြောင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲပြုလုပ်မည် ဖြစ်ကြောင်း သတင်းကောင်းကြိုတင်ကြားသိထားခြင်းကပင်လျှင် ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းစဉ်တစ်ခုအတွက် ကြည် နူးဝမ်းသာပီတိဖြာမိပါသည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## မှဒီတာအပြုံး

အေးသာယာရွှာ အခြေခံပညာမူလတန်းကျောင်း၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား။

ကျောင်းသားမိဘများ ကျောင်းအကျိုးတော်ဆောင်များ မိဘဆရာအသင်းမှလူကြီးများနှင့် ဆုရကျောင်းသားကျောင်းသူလေးများဖြင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ ခန်းမထဲဝယ် ပြည့်နှက်၍နေသည်။

"အစီအစဉ်အရ စတုတ္ထတန်း ကျောင်းသူကျောင်းသားလေးများရဲ့ မြန်မာ့ကျောင်း သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်မှာဖြစ်ပါတယ်ရှင်"

အခမ်းအနားမှူးဆရာမ၏ကြေညာသံပြီးသည်နှင့် စင်မြင့်ပေါ်သို့ ကျောင်းသားကျောင်းသူလေးများက တက်ရောက်နေရာယူပြီး မြန်မာ့ကျောင်း သီချင်းကို သံပြိုင်သီဆိုကြလေသည်။

အခမ်းအနားလာပရိသတ်များက စိတ်ဝင်စားစွာ နားထောင်ပြီး ဩဘာလက်ခုပ်သံများဖြင့် အားပေးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အခမ်းအနားမှူးဆရာမက "အခုဆက်လက်ပြီး ကျောင်းအုပ်ဆရာကြီးကအဖွင့်အမှာစကား ပြောကြားမှာဖြစ်တဲ့အတွက် အဖွင့်အမှာစကားပြောကြားပေးပါရန် ဆရာကြီးအား လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင့်" ဟု ကြေညာသည်။

ကျောင်းအုပ်ဆရာကြီး ဦးကြည်နိုင်သည် စင်မြင့်ပေါ်သို့ တက်ရောက်၍ စကားပြောစင်ရှေ့တွင် နေရာယူကာ အမှာစကားကို အောက်ပါအတိုင်းပြောကြားလေသည်။

"လေးစားအပ်တဲ့ ကျေးရွာ ရ. ယ. က ဥက္ကဋ္ဌကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဝင် အမှုဆောင်ကော်မတီများ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိ ပုဂ္ဂိုလ်များ ကျောင်းသားမိဘများနှင့် ဆုရကျောင်းသားကျောင်းသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်"

"ဒီကနေ့ ကျင်းပတဲ့ပညာရည်ချွန်ဆုပေးပွဲမှာ အမှာစကားပြောကြားခွင့်ရတဲ့အတွက်လည်း အထူးကျေးဇူးတင်ရှိပါတယ်၊ ဒီလိုဆုပေးပွဲကျင်းပတာဟာ ဆုရကျောင်းသားကျောင်းသူများကို ပညာရည်ချွန်ဆုချီးမြှင့်တာဖြစ်ပေမယ့် ဆုမရတဲ့ကျောင်းသားမိဘများကလည်း မိမိတို့သားသမီးတွေကို ဆုရတဲ့ကျောင်းသားတွေလို ထူးထူးချွန်ချွန်ကြိုးစားကြစေချင်လို့ဖြစ်ပါတယ်၊ တစ်နေ့မှာ ၂၄ နာရီရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



အနက် ကျွန်တော်တို့ဆရာဆရာမများနဲ့ ကျောင်းသူကျောင်းသား များထိတွေ့သင်ကြားရတာဟာ ၆းနာရီပဲရှိပါတယ်။ မိဘများနဲ့က အချိန်နာရီအတော်များများ ထိတွေ့နေကြရတာဖြစ်ပါတယ်၊ ဒါကြောင့် မိဘများကလည်း မိမိတို့သားသမီးတွေကို အိမ်မှာ ကြပ်မတ်ပြီး စာကြည့်ခိုင်းစေချင်ပါတယ်၊ အခုဆိုရင် ဒီပညာရည် ဆုပေးပွဲမှာ ကိုယ်လက်အင်္ဂါမပြည့်စုံတဲ့ မနန်းနွယ်ဖြိုးတို့လို ကျောင်းသူတွေလည်း တတိယတန်းမှာ ပထမဆုရခဲ့တာကိုကြည့်ရင် မနန်းနွယ်ဖြိုးရဲ့ မိဘတွေကလည်း အိမ်မှာကြပ်မတ်မှု၊ ပံ့ပိုးမှုတွေ ပေးသလို ကိုယ်လက်အင်္ဂါမပြည့်စုံတဲ့ မနန်းနွယ်ဖြိုးရဲ့ကြိုးစားတဲ့ ရလဒ်ကြောင့် ပထမဆုကို ထိုက်ထိုက်တန်တန် အောင်မြင်စွာ ရရှိခဲ့တယ်ဆိုတာကိုပါ မိဘများသိစေချင်ပါတယ်"

"ပြီးတော့ ကလေးများထူးထူးချွန်ချွန်ဖြစ်ဖို့ ကျောင်းမှာလည်း လိုအပ်ချက်တွေ မပြည့်စုံမှုတွေကို ပံ့ပိုးကူညီဖို့ဆိုတာကလည်း မိဘနဲ့ဆရာတွင်မကဘဲ ဒေသဆိုင်ရာအာဏာပိုင်များ စေတနာရှင်များ နဲ့ လူမှုရေးအသင်းအဖွဲ့များကပါ ကူညီပံ့ပိုးပေးကြပါလို့ ပြောကြား ချင်ပါတယ်ခင်ဗျာ"

ကျောင်းအုပ်ကြီး၏ အဖွင့်အမှာစကားပြောကြားပြီးသည်နှင့် အခမ်းအနားမှူးဆရာမက "အစီအစဉ်အရ ဖျော်ဖြေရေးအစီအစဉ် များနဲ့ ဧည့်ခံဖျော်ဖြေမှာဖြစ်ပါကြောင်း ကြေညာသည်။ ဆက်လက်၍ အစီအစဉ်များအတိုင်း ဖျော်ဖြေရာ အစီအစဉ် ၄ ခုဖြင့် ဖျော် ဖြေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဖျော်ဖြေမှုအစီအစဉ်များတွင် မျက်စိမမြင်သည့် ဘကြီးသာမိုးက မယ်ဒလင်တီး၍ မနန်းနွယ်ဖြိုးက မြမန်းဂီရိ ယိုးဒယားသီချင်းသီဆိုမှုတို့ကို ပရိသတ်များ အံ့သြကြလေသည်။

မသန်သော်လည်း စွမ်းသည့်ဘကြီးသာမိုးနှင့်စတုတ္ထတန်းမှ ကျောင်းသူလေး မနန်းနွယ်ဖြိုးတို့၏ဖျော်ဖြေမှုကို ပရိသတ်များ သောင်းသောင်းဖြဖြ သြဘာလက်ခုပ်သံများ ပေးကြသည်မှာ ခန်းမတစ်ခုလုံး ဆူဝေသွားပါတော့သည်။

"အခုလို သီဆိုဖျော်ဖြေသွားတဲ့ မနန်းနွယ်ဖြိုးကို ရ. ယ. က ဥက္ကဋ္ဌကြီးက ဆုတော်ငွေ သုံးထောင်ကျပ်၊ ဦးထွန်းမြတ်မိသားစုက ဆုတော်ငွေ နှစ်ထောင်ကျပ်၊ ပေါင်း ငါးထောင်ကျပ်ကို ဆုချီးမြှင့်သွားပါတယ်ရှင်"

သြဘာလက်ခုပ်သံများအပြီးတွင် အခမ်းအနားမှူးဆရာမက မနန်းနွယ်ဖြိုးကို ဂုဏ်ပြုဆုချီးမြှင့်သည့်အစီစဉ်ကို ကြေညာလေသည်။

ထို့နောက် ဆက်ကာ ဆက်ကာ ဆုချသူများပင် သုံးလေးဦးရှိရာ ထိုအစီအစဉ်တွင် မနန်းနွယ်ဖြိုးမှာ ပရိသတ်များ၏ ချီးကျူးမှုအားပေးမှုနှင့်အတူ ဆုချီးမြှင့်ငွေများပါ အံ့သြစွာရရှိသွားလေသည်။

"အရမ်းကို ဆိုတတ်တဲ့ကလေးမလေးနော်၊ သုံးတန်းမှာလည်း ပထမရတယ်၊ သိပ်တော်တာပဲကွယ်၊ မယ်ဒလင်တီးတဲ့ ဘကြီးသာမိုးကလည်း မယ်ဒလင်လက်သံက တကယ့်ကို ကောင်းတာပဲနော်" ပရိသတ်များထံမှ တီးတိုးပြောဆိုနေပုံပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၂၁ ရာစုပညာခေတ်တွင် ကိုယ်လက်အင်္ဂါမသန်မစွမ်းသူများ၊ ကိုယ်လက်အင်္ဂါမပြည့်စုံသူများ၊ ဉာဏ်ရည်နိမ့်သူများကို ပညာသင်ယူမှုအခွင့်အလမ်းများ ရရှိနေသည့်လူတိုင်း အကျုံးဝင် ပညာရေးအစီအစဉ်ကို နိုင်ငံတော်မှ အလေးထားဆောင်ရွက်နေပါသည်။

အစီအစဉ်များကို တစ်ခုပြီးတစ်ခု ဆက်လက်ကျင်းပရာ ဆုရရှိသူများကိုလည်း တာဝန်ရှိသူအသီးသီးက ဆုချီးမြှင့်ကာ အခမ်းအနားမှူးက အခမ်းအနားပြီးဆုံးကြောင်း ကြေညာလေတော့သည်။

အခမ်းအနားပြီးဆုံးသည့်အခါ ဆုရရှိသူများနှင့် ကျောင်းသားမိဘများ၊ ဆရာ၊ ဆရာမများ အမှတ်တရဓာတ်ပုံရိုက်ကြသည်။ ပညာဉာဏ်ရည် ထူးချွန်ကြသည့် ကလေးများ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ သက်မွေး ဘက်စုံပညာရေးတွင် ထူးချွန်ကြသည့် ကလေးများကို ဆုချီးမြှင့်သည့်ပွဲ ဂုဏ်ပြုသည့်ပွဲမှာ ပြီးဆုံးသွားလေသည်။

အခမ်းအနားလာ မိဘပြည်သူများ၏ အသိအာရုံထဲတွင် မည်သို့ရှိကြပါမည်နည်း။

ဆုရသူကလေးများကို ချီးကျူးဂုဏ်ယူကြမည် အမှန်ဖြစ်ပါသည်။ ထိုအထဲတွင် စာပေဘာသာရပ်များသာမက ဂီတရသဘာသာရပ်များပါ ထူးချွန်သည့် မနန်းနွယ်ဖြိုးကဲ့သို့ ကလေးမျိုးလို ပို၍ ပို၍ ချီးကျူးဂုဏ်ယူကြမည် မုဒိတာပွားနိုင်ကြမည်ဖြစ်ပေသည်"

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



"သမီးနန်းနွယ်၊ စုပုံချစ်ကို သမီးလေး ကြားဖူးလား"

"ကြားဖူးပါတယ် မေမေ"

"အေး. . . စုပုံချစ်ဟာ စာကို ခြေထောက်နဲ့ရေးပြီး တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့တာ ဂုဏ်ထူးလေး ဘာသာတောင်ရရှိတယ်၊ အခုဆို နည်းပညာတက္ကသိုလ်မှာ ဒုတိယ နှစ်ကျောင်းသူကြီးတောင် ဖြစ်နေပြီကွဲ့"

"ဟုတ်ကဲ့ပါ မေမေ"

"သမီးနန်းနွယ်က စုပုံချစ်လို လက်နှစ်ဖက်လုံးမရှိတာ မဟုတ်ဘူး၊ လက်တစ်ဖက်ရှိသေးတယ်။ ဒါကြောင့် သမီး ဘာမှ အားမငယ်နဲ့နော်၊ မေမေက သမီးကို သမီးဖြစ်ချင်တဲ့ ပညာတတ် ကြီးဖြစ်အောင် ကျောင်းထားပေးမယ်နော်"

"ဟုတ်ကဲ့ပါ မေမေ၊ သမီး ကြိုးစားပါ့မယ်"

မနန်းနွယ်ဖြိုးမှာ ဝဲဘက်လက်တစ်ဖက် တစ်တောင်ဆစ်မှ ပြတ်ကာ ယာဘက်လက်တွင်လည်း လက်မနှင့် လက်ခလယ် နှစ်ချောင်းသာပါ၍ ကျန်လက်ချောင်းလေးသုံးချောင်းမှာ မွေးကတည်း က ပါမလာခဲ့ပေ။ ဒေါ်အေးပုံနှင့် မနန်းနွယ်ဖြိုးတို့ သားအမိနှစ်ဦး စကားအပြန်အလှန် ပြောဆိုဆွေးနွေးနေစဉ် တစ်ရပ်ကွက်တည်း နေ ဦးသားကြီး ရောက်ရှိလာသည်။

"အေးပုံရေ နင် ကြားပြီးပြီလား"

"ဘာလဲတော့ ကိုရင်သားကြီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ရွာထိပ်က မစိန်မှေးသမီး အေးမြကို ဟိုဘက်ရွာက ကိုတရုတ်ကြီး၊ မနှင်းမွှံရဲ့သား ကျော်ထွေးက လာတောင်းရမ်းသွားပြီတဲ့"

"ကြဲကြီးစည်ရာတော် ကိုရင်သားကြီးကလည်း၊ အေးမြက မျက်စိတစ်ဖက်ကွယ်နေတဲ့ ဥစ္စာ၊ ကိုတရုတ်ကြီးတို့က သူ့သားနဲ့ သဘောတူနိုင်မယ်မထင်ပါဘူးတော်"

"ဟဲ့ အေးပုံရ၊ နင်က ဘာသိလို့လဲဟ၊ ငါက အခု အဲဒီ စေ့စပ်တောင်းရမ်းတဲ့ စိန်မှေးတို့အိမ်ကနေ ထွက်ခဲ့တာ၊ ကြက်သားနဲ့ အုန်းထမင်းကျွေးလို့တောင် ငါ စားခဲ့ရသေး"

"ဩော် . . ဟုတ်လား၊ ဒါပေမဲ့ ကိုရင်သားကြီးရယ်၊ အဲဒီ ကိုတရုတ်ကြီးတို့က စည်းစိမ်ဥစ္စာချမ်းသာသူတွေဆိုတော့ မုဆိုးမ မစိန်မှေးသမီးကို သားမှတ်မှတ်၊ မယားမှတ်မှတ်များ ပေါင်းပါ့မလားတော်"

"ဟဲ့ . . ဟဲ့ နင် ဒါတွေပြောမနေနဲ့၊ တွေးမနေနဲ့၊ အဲဒါက သူတို့ရဲ့ကိစ္စ၊ ဒါပေမဲ့ ငါသိတာကတော့ စိန်မှေးသမီး အေးမြက သူ့အဖေ ကိုစိန်အေးကြီးမသေခင်မှာ သူ့သမီးကို ပညာတတ်ဖြစ်အောင်ဆိုပြီး မရှိတဲ့ကြားက ကြိုးစားပြီး ကျောင်းထားခဲ့တာ၊ အေးမြက ဘွဲ့ရပညာတတ်ဆိုတော့ ဘာပဲဖြစ်ဖြစ် သူ့မှာ လူဘဝ အတွက် ပညာအာမခံချက်ရှိပြီးသားလေ၊ ပညာတတ်ဖြစ်ရတဲ့ အကျိုးကြောင့်ပေါ့ အေးပုံရယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုသားကြီးက ပြောပြောဆိုဆို ဒေါ်အေးပုံတို့အိမ်၌ ခေတ္တဝင်နားပြီး ရေနွေးတစ်ခွက်သောက်ကာ ဒေါ်အေးပုံအား နှုတ်ဆက်ထွက်ခွာသွားလေသည်။

ဒေါ်အေးပုံမှာ ဦးသားကြီးက နှုတ်ဆက်ကာ အိမ်ပေါ်မှ ဆင်းသွားသည်ကို တွေးရင်း ပြုံးနေမိသည်။

ဒေါ်အေးပုံ၏အပြုံးမှာ အားမာန်အပြုံး၊ ဘဝကိုအောင်နိုင်သူတစ်ဦး၏အပြုံးမျိုးပင် ဖြစ်လေသည်။

သမီးနန်းနွယ်ဖြိုးကို မွေးဖွားသန့်စင်ပြီးကတည်းက အရိပ်တကြည့်ကြည့်ဖြင့် ပြုစုယုယကျွေးမွေးခဲ့သည်မှာ ယခုဆိုလျှင် ကိုယ်လက်အင်္ဂါမပြည့်စုံသည့် သမီးလေးနန်းနွယ်ဖြိုးသည် စတုတ္ထတန်းပင်ရောက်ရှိနေပေပြီ။

ဒေါ်အေးပုံ၏အပြုံးတွင် ကိုယ်လက်အင်္ဂါမပြည့်စုံရှာသည့် သမီးလေးနန်းနွယ်ဖြိုးမှာ အလှူရှုံးခဲ့သူဖြစ်သော်လည်း ဘဝမရှုံးသူတစ်ဦးအဖြစ် မူလတန်းပညာကို သင်ယူပြီးမြောက်တော့မည်ဖြစ်ရာ နောင်ကာလတွင် အလယ်တန်း၊ အထက်တန်းပညာများကိုပါ ဆက်လက်သင်ယူနိုင်ပြီး တိုင်းပြည်အတွက် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ တစ်ထောင့်တစ်နေရာက ဆောင်ရွက်နိုင်မည့် နိုင်ငံ့သမီးကောင်းရတနာတစ်ဦး ဘဝမျိုး ဖြစ်လာအောင် မျှော်လင့်ချက်ကြီးစွာဖြင့် ပြုစုစောင့်ရှောက်သွားမည်ဟူ၍ သန္နိဋ္ဌာန်ပြုလျက် ပြုံးနေခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင် လူတိုင်း အကျုံးဝင်ပညာရေးအစီအစဉ်အရ မိမိ၏သမီး မနန်းနွယ်ဖြိုးကဲ့သို့ပင် အခြားသော ကိုယ်လက်အင်္ဂါမပြည့်စုံ၊ မသန်စွမ်းသည့် ကလေးများကိုလည်း အနာဂတ်တွင် တောက်ရှုန်းလာမည့် ကြယ်ပွင့်လေးများ၊ လူ့ဘဝ ဥယျာဉ်ဝယ် ပွင့်လန်းလာမည့် ပန်းအလှလေးများဖြစ်ပါစေဟူ၍သာ ပီတိဝေဖြာ ကြည်နူးစွာဖြင့် အခါခါဆုတောင်းနေမိပါတော့သည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## နံ့အောင်စားကွယ် ရွေးသွေးရယ်

လူတစ်ယောက်၏ ဘဝတစ်သက်တာအတွက် သွားမှု၊ လာမှု၊ နေမှု၊ ထိုင်မှု၊ စားမှု၊ သောက်မှု၊ ဝတ်ဆင်မှု စသည့် အရေးအရာကိစ္စရပ်များကို လိမ္မာကျွမ်းကျင်မှုရှိရန် အမှန်တကယ် လိုအပ်ပေသည်။ ထိုအထဲတွင် စားရေးသည် နေ့စဉ်ဆောင်ရွက်ရသည့် အဓိကအရေးပါသော အရေးကိစ္စဖြစ်သည်။

ကျော်ထူးနှင့် အဘိုးဖြစ်သူ ဦးမြတ်ထူးတို့ လမ်းလျှောက်ရာမှ အိမ်ထဲသို့ပြန်ဝင်လာစဉ် မြေးဖြစ်သူ ပိုးအိစံ၏ ကျယ်လောင်စွာ စာကျက်သံကို ကြားရသည်။

"အစားအစာ

ဝါးစားပါ။

အသားပါသလား

ငါးပါသလား"

သူငယ်တန်းကျောင်းသူ မပိုးအိစံက မပီကလာပီကလာဖြင့်-

"အစားအစာ

ဝါးစားပါ။



www.burmeseclassic.com

www.burmeseclassic.com



အသားပါသလား

ငါးပါသလား” ဟု နောက်တစ်ခေါက် စာကို ရွတ်ဆိုစဉ် အဘိုးဖြစ်သူ ဦးမြတ်ထူးက ပိုးအိစံ၏အနီးတွင်ထိုင်ကာ -

“အစားအစာ ဝါးစားပါသည်

ဘာအသားမှ မပါပါ

ကန်စွန်းရွက်နှင့် ပဲပါပါသည်”

ဟု စာကို လိုက်ရွတ်ဆိုသဖြင့် မြေးဖြစ်သူ ပိုးအိစံနှင့် မောင်ကျော်ထူးတို့ နှစ်ယောက်စလုံးသည် ဝါးခနဲ ရယ်လိုက်ကြသည်။

“ဘာကိုရယ်တာလဲ သမီးလေးရဲ့” အဘိုးက မေးသည်။

“ဘိုးဘိုးက ကန်စွန်းရွက်နဲ့ ပဲစားတယ်ဆိုလို့ ရယ်တာပေါ့ ဘိုးဘိုးရဲ့”

“အောင်မယ်လေးဗျာ၊ သမီးလေးတို့က ကန်စွန်းရွက်နဲ့ ပဲစားတာ တကယ်ကို အာဟာရဓာတ်ရှိတာ၊ အားပြည့်တာ မယုံရင် မင်းတို့မေမေကို မေးကြည့်”

အဘိုးက ထိုသို့ပြောပြသည့်အခါ သားကြီးကျော်ထူးက မိခင်ဒေါ်ပြုံးမေဘက်သို့လှည့်၍ “အဘိုးပြောတာ ဟုတ်လားမေမေ” ဟု မေးလေသည်။

ထိုအခါ ဒေါ်ပြုံးမေက -

“ဟုတ်တယ်ကွဲ့၊ သားတို့ သမီးတို့ရဲ့၊ အစားအစာဆိုတာ အသားတွေ၊ ငါးတွေချည်းမစားရဘူး၊ အသီးအနှံတွေ၊ စားပေးရ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပြီးတော့ အစာအုပ်စုတွေ ခွဲထားတာ သားတို့ သမီးတို့ ကျောင်းမှာ သင်ရတယ်မဟုတ်လား" ဟုမေးသည်။

သမီးငယ်က "မသင်ရသေးဘူး မေမေ" ဟုပြောသည်။

"အေး . . . သားတို့ သမီးတို့ မှတ်ထားကြ၊ အစာစားတယ်ဆိုတာ အစာအုပ်စု သုံးမျိုးစလုံးကို ပါအောင်စားရတယ်၊ ဟောဒီမှာ သားတို့ သမီးတို့ ကြည့်ကြစမ်း" ဟုဆိုကာ မိခင်ဒေါ်ပြုံးမေက အစာအုပ်စု သုံးစုလုံးပါဝင်သော ရုပ်ပုံကားချပ်ကိုပြကာ ရှင်းပြလေသည်။

"လူတွေ နေ့စဉ်စားနေတဲ့ အစာတွေထဲမှာ အစာအုပ်စု ၃ စု ပါဝင်အောင်စားရမယ်ကွဲ့၊ သားတို့သမီးတို့ရဲ့ အဲဒီ အစာအုပ်စုတွေက ဘာတွေလဲဆိုတော့ . . .

ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသော အစာအုပ်စု၊
ရောဂါ ကာကွယ်စေသော အစာအုပ်စု၊
အင်အားဖြစ်စေသော အစာအုပ်စုတို့ ဖြစ်တယ်"

"သားက သိရင်ပြန်ပြောစမ်း"

ဒေါ်ပြုံးမေက ဆက်မေးသည်။

သားကြီးကျော်ထူးက ပြန်ပြောပြသည်။

"သမီးလေးကလည်း ဖြေပါဦး"

သမီးငယ် ပိုးအိစံမှာ ၂ အုပ်စုသာ ပြောပြနိုင်၍ မေမေက ပြန်ပြောပြရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်ကွဲ့၊ အဲဒီအစာအုပ်စုတွေကိုအစားအစာ စားတဲ့အခါ မျှမျှတတ စားရမယ်လို့ပြောတာ၊ အသားတွေချည်းစား နေရင်လည်း ရောဂါဘယတွေ ထူပြောမယ်၊ အဆီအငန်တွေချည်း စားနေရင်လည်း ကိုယ်ခန္ဓာဖွံ့ဖြိုးမှု နှေးကွေးမယ်၊ ပြီးတော့ အဆီ အငန် အဲဒါတွေလည်း လိုတာထက်ပိုမစားရဘူး။ အစားအစာကို စားတဲ့နေရာမှာ မျှမျှတတမစားရင် ရောဂါဘယတွေထူပြောလာ မယ်၊ ကျန်းမာရေးပါ ညံ့ဖျင်းလာတယ်၊ ဒါကြောင့် အမေကပြော ပြတာ"

သမီးငယ် ပိုးအိစံနှင့် သားကြီးကျော်ထူးတို့သည် မိခင်ဖြစ်သူ ရှင်းပြသည်ကို နားထောင်ရင်း အစားအစာများကို အသားငါး နှင့် အသီးအနှံများ မျှတလုံလောက်အောင် စားသောက်ရမည်ကို သိရှိသွားကြလေသည်။

× × × × ×

ဆရာမ ဒေါ်ထားထားအေး စာသင်ခန်းတွင်းသို့ ဝင်ရောက်လာသည်နှင့် ကလေးများက နှုတ်ဆက်ကြသည်။

"ပဋ္ဌဂုဏ်၊ အပဟံဝန္ဒာမိ၊ အာစရိယဂုဏံ အပဟံဝန္ဒာမိ၊ မင်္ဂလာပါဆရာမ ဆရာမ ကျန်းမာပါစေ"

"မင်္ဂလာပါကွယ်၊ သားတို့သမီးတို့လည်း ကျန်းမာပါ စေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

"ကဲ အားလုံးထိုင်ကြထိုင်ကြ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာမနှင့် ဒုတိယတန်း ကျောင်းသားကျောင်းသူများသည် အပြန်အလှန် နှုတ်ဆက်ခြင်း ပြုကြသည်။ ထို့နောက် ဆရာမက ကျောင်းသား ကျောင်းသူများအား . . .

"ကဲ ဒီနေ့ဆရာမ သားတို့သမီးတို့ကို ကျန်းမာရေးနှင့်ပတ်သက်ပြီး သင်ခန်းစာတွေကို ရှင်းပြမယ်နော်၊ ဆရာမ မသင်ခင် သားတို့သမီးတို့ကို ဆရာမ မေးကြည့်ချင်တယ်ကွယ်" ဟုဆိုကာ မေးခွန်းများကို မေးလေသည်။

"ကလေးတို့ မနေ့က စားခဲ့တဲ့ အစားအစာတွေကို ပြောပြကြပါဦးကွယ်"

ထမင်း၊ ခေါက်ဆွဲကြော်၊ ပြောင်းဖူး၊ ဝက်သား၊ ငါး၊ ဘဲဥ၊ ကြက်ဥ၊ ပုစွန်၊ ကန်စွန်းရွက်၊ ပေါင်မုန့်၊ အာလူး၊ ဘူးသီး၊ ကြက်သား၊ ပဲဟင်း၊ သရက်သီး၊ ငှက်ပျောသီး၊ မုန်ညင်းရွက်စသည်ဖြင့် ကလေးများပြောပြသမျှကို ဆရာမက ကျောက်သင်ပုန်းကြီးပေါ်တွင် မြေဖြူဖြင့် ရေးသားမှတ်တမ်းတင်လေသည်။ ထို့နောက် ဆရာမက "ကဲ ဟုတ်ပြီကွာ၊ အဲဒီအစားအစာကို အစာအုပ်စု (၃) စု ခွဲခြားနိုင်တယ်။ (၁)ခန္ဓာကိုယ် ကြီးထွားစေသော အစာအုပ်စု၊ (၂) ရောဂါကာကွယ်စေသော အစာအုပ်စု၊ (၃) အင်အားဖြစ်စေသော အစာအုပ်စုတို့ပဲ ကွဲ့" ဟု ရှင်းပြလေသည်။

"ဆရာမ ကြက်သားတို့ သခွားသီးတို့ထန်းလျက်တို့ကော အဲဒီအစာအုပ်စုထဲမှာ ပါပါသလား ဆရာမ"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတစ်ဦးက ဆရာမအား မတ်တတ်ရပ်၍ မေးသည်။

"ပါတာပေါ့ကွယ်၊ သားတို့သမီးတို့ နေ့စဉ်စားသုံးကြတဲ့ အစားအစာတွေအားလုံးဟာ အစာအာဟာရအုပ်စု သုံးစုမှာပါတဲ့ အစားအစာတွေပဲကွဲ့၊ အခုသားတို့သမီးတို့ပြောသမျှအစားအစာတွေကို ဆရာမ အဲဒီအစာအုပ်စုသုံးစု ခွဲခြားရေးပြပေးမယ် သားတို့သမီးတို့လည်း ရေးမှတ်ထားကြ"

ဆရာမက ကျောက်သင်ပုန်းပေါ်တွင် အစာအုပ်စုသုံးစုကို ခွဲခြား ရေးပြလေသည်။

ထို့နောက် ဆက်လက်ပြီး ဆရာမက "ကဲ သားတို့သမီးတို့ နေ့စဉ်စားသုံးနေတဲ့ အစားအစာတွေမှာ အစာအုပ်စု သုံးစုထဲက အစာတစ်မျိုးမျိုးပါနေမှ သားတို့သမီးတို့ရဲ့ ခန္ဓာကိုယ်ဟာ ကျန်းမာ သန်စွမ်းတဲ့ ကိုယ်ခန္ဓာဖြစ်နိုင်ပြီး ပျော်ရွှင်ကျန်းမာစွာနဲ့ ကျောင်း တက်နိုင်မယ်၊ စာသင်နိုင်မယ်၊ စာတွေကျက်နိုင်မယ် သားတို့သမီး တို့ မိဘတွေကိုလည်း အစာအုပ်စု သုံးစုမှာပါတဲ့ အစားအစာ တွေကို ရှင်းပြပြောပြနော်" ဟု ရှင်းပြလေသည်။

"ကဲ သားတို့သမီးတို့ ဆရာမရှင်းပြတဲ့ အစာအုပ်စု သုံးစု အကြောင်းကို နားလည်ကြပြီလား"

"နားလည်ပါပြီ ဆရာမ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဆရာမက မင်းတို့ကိုထပ်ပြီး မေးကြည့်ဦးမယ် တွယ်၊ သားတို့သမီးတို့ ပြန်ဖြေရမယ်နော်" ဆရာမမေးသည့်မေးခွန်းကို ကျောင်းသားများ ငြိမ်သက်စွာ နားထောင်နေကြသည်။

"သားတို့ သမီးတို့ အစားအစာကြောင့် ဝမ်းလျှောတာ၊ ဗိုက်နာတာ၊ အော့အန်တာ ဖြစ်ဖူးသလား"

"ဖြစ်ဖူးပါတယ် ဆရာမ"

အတန်းသားအားလုံး သံပြိုင်ဖြေဆိုကြသည်။

"ကဲ အစားအစာတစ်ခုခုစားမိလို့ ဗိုက်နာတာ၊ ဝမ်းပျက်၊ ဝမ်းလျှောတာ၊ အော့အန်တာမဖြစ်ဖူးတဲ့လူ လက်ညှိုးထောင်"

တစ်တန်းလုံး မည်သူမျှ လက်ညှိုးထောင်သူ မရှိကြပေ။

ထို့ကြောင့် ဆရာမက ဆက်လက်၍ "သားတို့သမီးတို့တွေ အားလုံးဟာ ဝမ်းပျက်ဝမ်းလျှောဖြစ်တာ၊ အော့အန်တာ၊ ဗိုက်နာတာတွေဟာ ဘာကြောင့်လဲဆိုတာကော သိကြရဲ့လား" ဟု မေးလိုက်သည်။

"မတည့်တဲ့ အစာစားမိလို့ပါ ဆရာမ"

"အရောင် ဆိုးဆေးတွေပါတဲ့ အစားအစာစားမိလို့ပါ ဆရာမ"

"ယင်နားစာ စားမိလို့ပါ ဆရာမ"

ကျောင်းသားအချို့ မတ်တတ်ရပ်၍ ဖြေဆိုကြသည်။

"ကဲ ဘယ်သူသိသေးလဲ ပြောပါဦး" ဆရာမက ထပ်၍ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများ မပြောကြတော့ပေ။

ထိုအခါ ဆရာမသည် ကျောင်းသားများအား . . .

"ကဲ သားတို့သမီးတို့ပြောတာတွေ မှန်တယ်ကွဲ့၊ ပြီးတော့ အမှည့်လွန်တဲ့ အသီးတွေ ရက်လွန်တဲ့အစားအစာတွေကိုလည်း ရှောင်ကြဉ်ရမယ်၊ မှိုတက်နေတဲ့ အစားအစာတွေကိုလည်းရှောင်ကြဉ်ရမယ်ကွဲ့" ဟု ရှင်းပြလေသည်။

"ဟုတ်ကဲ့ပါ ဆရာမ"

အတန်းသားများက တညီတညွတ်တည်း ဖြေဆိုကြသည်။

"ကဲ ဒါကြောင့် သားတို့သမီးတို့ကို ဆရာမဒီနေ့သင်တဲ့ သင်ခန်းစာထဲက အစားအစာတွေကို အစာအုပ်စု သုံးစုထဲက တစ်မျိုးမျိုးပါအောင်စားဖို့ရယ်၊ မတည့်တဲ့အစာ၊ ယင်နားစာ၊ ဆိုးဆေးပါတဲ့အစာ၊ ရက်လွန်တဲ့အစာ၊ အမှည့်လွန်တဲ့အသီးနဲ့ ယင်နားစာတွေကို မစားသင့်ကြောင်း အစားအစာတွေကို သန့်ရှင်းလတ်ဆတ်တဲ့ အစားအစာ၊ ပူပူနွေးနွေးအစားအစာ၊ ယင်မနားအောင်ဖုံးအုပ်ထားတဲ့ အစားအစာတွေကို စားသုံးသင့်ကြောင်း သိမှတ်ကြရမယ်။ ဆရာမအချိန်ကုန်သွားပြီမို့ နောက်တစ်ချိန်ကျရင် စာတွေပြန်မေးမယ်၊ ကျက်မှတ်ထားကြနော်။ ကဲ အားလုံးမင်္ဂလာပါ တပည့်တို့"

"မင်္ဂလာပါ ဆရာမ၊ ကျေးဇူးတင်ပါတယ် ဆရာမ"

ဆရာမ ဒေါ်ထားထားအေးက အတန်းထဲမှထွက်ခွာသွားချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ထူးတို့အုပ်စုသည် ဆရာမမေးသမျှကို ဖြေဆိုနိုင်ကြသူများဖြစ်ကြရာ ကျော်ထူးမှာအိမ်တွင် အမေရှင်းပြသည့် အစာအုပ်စု သုံးစုနှင့် ကျောင်း၌ ဆရာမသင်ကြားသည့် အစာအုပ်စု သုံးစုတို့မှာ အတူတူဖြစ်နေသည်ကို အသိအာရုံထဲဝယ် စွဲမြဲစွာ နားလည်သဘောပေါက်သွားလေသည်။ အိမ်ပြန်ရောက်လျှင် ဆရာမ သင်ကြားပေးသော အစားအစာအုပ်စုများအကြောင်း အသားဟင်း၊ ငါးဟင်းပါမှသာ ထမင်းစားလေ့ရှိသော ညီမဖြစ်သူ ပိုးအိစံကိုလည်း နားလည်အောင် ရှင်းပြရမည် ဖြစ်ပါသည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# တွေးလို့မမြင် တွေ့လို့မြင်

"ရွာတောင်ပိုင်းက မောင်သန်းထိုက်တို့ ဒီနေ့မမြင်ပါလား အေးမွှံရ"

"ဟုတ်ပ့ါတော် ဒီနေ့တစ်နေ့လုံး ဒီသူငယ်လေးတွေ အုပ်စုလိုက် မမြင်မိဘူးတော့"

"ဩော် . . . အေးအေး၊ ငါမေ့နေလို့ အေးမွှံရ၊ ဒီနေ့ ကျောင်းပိတ်တယ်လေ ကျောင်းပိတ်ရက်မို့များ မြို့ကို မိဘတွေနဲ့ အလည်လိုက်သွားကြသလားမှ မသိတာ"

ဇရပ်လှူကြီးရွာက ဦးတောကျော်နှင့် ဒေါ်အေးမွှံတို့ဇနီးမောင်နှံစကားပြောနေကြခြင်း ဖြစ်ပါသည်။ မောင်သန်းထိုက်တို့ ပဉ္စမတန်းကျောင်းသား သူငယ်ချင်းတစ်စုတို့သည် ဦးတောကျော်နှင့် ဒေါ်အေးမွှံတို့၏ မုန့်ဆိုင်လေးတွင် နေ့စဉ်လိုလို ဝင်ထွက်သွားလာ တည်းခိုနားနေကြစမြဲဖြစ်သည်။ ယနေ့မှာ ကျောင်းပိတ်ရက်ဖြစ်၍ မောင်သန်းထိုက်တို့မှာ ဈေးဆိုင်သို့ မလာရောက်ကြခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သန်းထိုက် ဇော်ဇော်နှင့် ထွန်းထွန်းဦးတို့ သူငယ်ချင်းသုံးဦးမှာ အလွန်ချစ်ကြသူများ ဖြစ်သည်။ ကျောင်းတက်သည်နှင့်ထိုဆိုင်သို့ ဝင်ကြစမြဲ၊ ထိုဆိုင်တွင် ခေတ္တနားပြီးမှ ကျောင်းသို့ဆက်သွားသည်။ နေ့စဉ်လိုလို မုန့်ဆိုင်မှ မုန့်များကို ဝယ်ယူစားကြသည်။ ကျောင်းပြန်လျှင်လည်း မုန့်ဆိုင်တွင် ဝင်နားသည်။

အမြဲလိုလို ကျောင်းသွားကျောင်းပြန်ဝင်နားသော မုန့်ဈေးဆိုင်ဖြစ်ပါသည်။ ကျောင်းနှင့်မလှမ်းမကမ်းတွင်ရှိသည်မို့ ကျောင်းသားများ ဝင်ထွက်သွားလာသည့် မုန့်ဈေးဆိုင်လည်းဖြစ် ပါသည်။

ကျောင်းသားများ ဝင်ထွက်သွားလာကြရာတွင် အမြဲလိုလို ဝင်ထွက်သွားလာသူများမှာ သူတို့ သုံးဦးသာဖြစ်သည်။

တစ်နေ့တွင် ဇော်ဇော်က သန်းထိုက်နှင့် ထွန်းထွန်းဦးကို ပြောသည်။

"ဘကြီးတောကျော်နဲ့ ဒေါ်ကြီးအေးမွှုတို့က သိပ်သဘောကောင်းတာပဲနော် သန်းထိုက်"

ထိုအခါ ထွန်းထွန်းဦးက -

"မုန့်ဆိုင်ကွ၊ မုန့်ဆိုင်၊ မုန့်ဆိုင်ဆို တာ တို့ကျောင်းသားတွေ၊ ဈေးဝယ်စားသူတွေစားမှ သူတို့က ဈေး ရောင်းရတာကွ၊ ဒီတော့သဘောကောင်းတာပေါ့"

ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သန်းထိုက်က . . .

"ထွန်းထွန်းဦးပြောသလို ဟုတ်မယ်မထင်ပါဘူးကွာ၊ ဘကြီး တောကျော်နှင့် ဒေါ်ကြီးအေးမွှံတို့က သူ့ဈေးဆိုင်မှာ ဈေးဝယ်အောင်လို့ သဘောကောင်းတာ မဖြစ်နိုင်ဘူးကွ၊ တကယ် သဘောကောင်းတာ၊ သူများကိုလည်း ကူညီတယ်၊ စိတ်ရှည်တယ်၊ သည်းခံတယ်၊ ပြီးတော့ တို့ကျောင်းသားကျောင်းသူတွေ ကလေးတွေအပေါ်မှာလည်း အလိုလိုက်တယ်ကွ"

"မင်းက ဘာဖြစ်လို့ ဘကြီးတောကျော်တို့ လင်မယားကို ဒီလောက်သဘောကောင်းတယ်လို့ ဆိုရတာလဲကွ"

"ဒီလိုလေကွာ ဟိုနေ့က ဘကြီးဦးသာလှပိုးထိလို့ မြို့ဆေးရုံကိုသွားတာ သူတို့လင်မယားက ဆေးရုံထိလိုက်ပို့တာ။ ပြီးတော့ ဆိုင်ကိုလည်း မပိတ်ဘဲနဲ့လိုက်သွားတာကိုကြည့်၊ သူတစ်ပါးအပေါ် တကယ်ကူညီရိုးပင်းတတ်တဲ့ ဘကြီးတောကျော်တို့ လင်မယားကွ။ ဒါကြောင့် ငါက သဘောကောင်းတယ်လို့ ပြောတာ"

"ဟုတ်သားပဲ ထွန်းထွန်းဦးရ မင်းပြောသလို ဟိုကလေး တွေ သူ့မုန့်ဈေးဆိုင်မှာ မုန့်ဝယ်စားအောင် တို့အပေါ်မှာ ကောင်း တာ၊ သူ့ဈေးဆိုင် ဈေးရောင်းရအောင် သဘောကောင်းတာမဟုတ် ဘူးကွ တကယ့်ကို စိတ်ထားကောင်းတာကွ"

"ဆရာက ငါတို့ကို ပြောဖူးတယ်မဟုတ်လား၊ စိတ်ထား မြင့်မြတ်ခြင်းထက်သာသော ရတနာ ရွှေ ငွေ ဤကမ္ဘာမြေမှာမရှိဆို တာလေ"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွ မင်းတို့ပြောမှပဲ ဆရာပြောတာတွေကိုတော့ ဘကြီးတောကျော်တို့လင်မယား သူတစ်ပါးအပေါ်မှာ ကူညီရိုင်းပင်းတတ်တာတွေ သဘောကောင်းတာတွေကော ငါသတိထားမိတယ်"

ဇော်ဇော်နှင့် သန်းထိုက်တို့၏ ပြောပြချက်များကို တွေးမိရင်းထွန်းထွန်းဦးမှာ အလိုလို ဘကြီးတောကျော်တို့ ဒေါ်ကြီးအေးမှုံတို့အပေါ် အထင်လွဲမိတာတွေ ပြန်၍ သတိထားမိလာလေသည်။

"ဟေ့ ဇော်ဇော် မင်းဘဝမှာ စံနမူနာယူထိုက်တဲ့လူ ဘယ်သူလဲ ပြောစမ်း"

"မင်းက ဘယ်လိုပြောတာလဲ သန်းထိုက်"

"ငါသဘောကျတာကတော့ ဗိုလ်မှူးကြီးဗထူးကွ၊ မင်းကကော"

"ငါက ပုလဲဝင်းကို သဘောကျတယ်"

"အောင်မာ မင်းကဘာလို့ ပုလဲဝင်းကို သဘောကျတာလဲ၊ သူ့အစ်ကို ထွန်းထွန်းဝင်းက မင်းကိုလက်သီးနဲ့ ဆွဲထိုးလိမ့်မယ်။

ငါပြောတာက ရုပ်ရှင်မင်းသမီး ပုလဲဝင်းကိုပြောတာပါကွ"

"ဩော် . . . ဟုတ်လား"

"နေပါဦး မင်းက ဘာဖြစ်လို့ ရုပ်ရှင်မင်းသမီး ပုလဲဝင်းကို သဘောကျတာလဲ"

"သေသွားတဲ့ မင်းအစ်မနဲ့ ရုပ်ချင်းတူလို့ပါကွာ"

ဇော်ဇော်နှင့် သန်းထိုက်တို့စကားပြောနေသည်ကို အဖတ်ရင်း နားစွင့်နေသူမှာ ထွန်းထွန်းဦးဖြစ်သည်။ ထွန်းထွန်းဦးသည်

www.burmeseclassic.com

www.burmeseclassic.com



ဖတ်လက်စ အလီစာအုပ်ကိုချကာ ဇော်ဇော်နှင့်သန်းထိုက်တို့ဘက် လှည့်ပြီး မင်းတို့က ကိုယ်သဘောကျတဲ့ လူကိုပြောဆိုတော့ ငါက တော့ ဘကြီးတောကျော်နဲ့ အရီးအေးမှုံတို့ကို သဘောကျတယ်ဟု ဆိုသည်။

ထိုစဉ် သန်းထိုက်က ထွန်းထွန်းဦးဘက်သို့လှည့်ကာ "မင်းပဲ မနေ့တုန်းကတော့ ဘကြီးတောကျော်နဲ့ ဒေါ်ကြီးအေးမှုံကို သဘောမကျဘူးဆိုကွ" ဟု ပြောလေသည်။

"အေး ငါအရင်တုန်းကတော့ သဘောမကျဘူးကွ၊ ဟို တစ်ခါဘကြီးသာလှ ပိုးထိတုန်းက ဘကြီးတောကျော်နဲ့ ဒေါ်ကြီး အေးမှုံတို့ကောင်းလို့ ကူညီရိုင်းပင်းလို့ မြို့ဆေးရုံကို လိုက်ပို့ကြတယ် မဟုတ်လား၊ ဘကြီးသာလှလည်း အချိန်မီလို့ အသက်မသေ တော့ဘူး။ အဲ့ဒါ ဘကြီးတောကျော်တို့ လင်မယားကျေးဇူးကြောင့် လေကွာ၊ အဲဒီမှာ ငါက ဘကြီးတောကျော်တို့လင်မယားကို သဘောကျမိတာပဲကွာ"

"ထွန်းထွန်းဦး မနည်းလိမ္မာလာပြီကွ ဇော်ဇော်ရ"

သန်းထိုက်က ဇော်ဇော်ဘက်သို့လှည့်၍ ထိုသို့ပြောရာ ထွန်းထွန်းဦးမှာ တစ်မြန်နေ့က ဘကြီးတောကျော်နှင့် ဒေါ်ကြီး အေးမှုံတို့ကို အထင်လွဲမိသည်ကို စဉ်းစားရင်း စိတ်မကောင်းဖြစ်မိ လေသည်။

"တို့ ကြားဖူးတယ်ကွ၊ ကြက်ခြေနီစံပြဖြစ်တဲ့ စိုင်းအောင် လှိုင်မြင့် ဆိုတာလေကွာ၊ သူများအသက်ကိုပါ ကယ်တင်လို့ ဟင်နရီ

www.burmeseclassic.com

www.burmeseclassic.com



ဒူးနန့်ဘွဲ့ရသွားတယ်လေကွာ၊ အဲဒီတော့ စိုင်းအောင်လှိုင်မြင့်ကို ငါ သိပ်သဘောကျတယ်၊ ခုလည်း ဘကြီးတောကျော်တို့က လူမှုရေး အသိစိတ်နဲ့ ကိုယ်ကျိုးစွန့်ကယ်တင်လိုက်လို့သာ ဘကြီးသာလှ အသက်ရှင်ရတာ၊ လူ့အသက်တစ်ချောင်းကို ကယ်တင်လိုက်တဲ့ ဘကြီးတောကျော်နှင့် ဒေါ်ကြီးအေးမှုံတို့ကိုလည်း စံနမူနာယူထိုက် တယ်ကွ"

ယခင်က ဘကြီးတောကျော်နှင့် ဒေါ်ကြီးအေးမှုံတို့ကို မိမိ မှားယွင်းစွာ တွေးမိ၊ ထင်မိခဲ့သော်လည်း အမှန်တကယ် စိတ်ရင်း စေတနာအမှန်ကို တွေ့မြင်ခဲ့ရပေပြီ။

အသက်အားဖြင့် ၁၁ နှစ်သာသာရှိသေးသည့် ဇော်ဇော်၊ သန်းထိုက်နှင့် ထွန်းထွန်းဦးတို့ သူငယ်ချင်းသုံးယောက်၏ ပတ်ဝန်း ကျင်ရှိ သက်ရှိသက်မဲ့တို့ကို စူးစမ်းလိုခြင်း၊ အမှန်တရားကို နှစ်သက် ခြင်း၊ လေးစားထိုက်သူကို စံနမူနာယူခြင်းများသည် ကျောင်းသား လူငယ်များ၏ သဘာဝပင် ဖြစ်ပါသည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## လက်တွဲညီညာ စောင့်ရှောက်ပါလျှင်

မြို့နယ်ဆရာဝန်ကြီးက ကျောင်းအုပ်ကြီးများ၏ အစည်းအဝေးတစ်ခုတွင် ကျန်းမာရေးအကြောင်း ပညာပေး ဟောပြောပြသည်။

"ရန်ကုန်တိုင်းအနေနဲ့ ဒီနှစ်ထဲမှာ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေကို စာရင်းပြုစုရာမှာ ကျွန်တော်တို့မြို့နယ်က သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၃၁၃ ဦးရှိပြီး ၆ ဦးသေဆုံးသည့်အတွက်ရန်ကုန်တိုင်းမှာအများဆုံးသွေးလွန်တုပ်ကွေးအဖြစ်များတဲ့ မြို့နယ်ဖြစ်နေပါတယ်"

"ဒီသွေးလွန်တုပ်ကွေးရောဂါဟာ အသက်ငါးနှစ်မှကိုးနှစ်အရွယ်တွေမှာ အဖြစ်များပါတယ်။ အထူးသဖြင့် လူငယ်အရွယ်ကျောင်းသားတွေမှာ ပို၍ အဖြစ်များနေပါတယ်။

ဒါကြောင့် စာသင်ကျောင်းများမှာ သွေးလွန်တုပ်ကွေးကာကွယ်ရန်အတွက် ဆေးမှုတ်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ ဆေးလာမှုတ်တဲ့ ကျန်းမာရေးဝန်ထမ်းများကိုဆရာ ဆရာမများက ကူညီပံ့ပိုးကြပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး ဒေါ်ခင်မူသည် အစည်းအဝေးတွင် မြို့နယ် ဆရာဝန်ကြီး၏ပြောပြချက်၊ မြို့နယ်ပညာရေးဌာန၏လမ်းညွှန်ချက်များအရ မိမိကျောင်းတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံချက်ဖြင့် ဆောင်ရွက်သွားရန် ဆုံးဖြတ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် မိမိကျောင်းသည် တစ်မြို့နယ်လုံးတွင် အဖြစ်များသည့်ကလေးများရှိနေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဆရာဆရာမများကို အစည်းအဝေးခေါ်ယူ၍ ရှင်းလင်းပြောပြသည်။ ကျောင်းသားကျောင်းသူများကိုလည်း ကျောင်းစုဝေးပွဲခေါ်ယူကာ ရှင်းလင်းပြောကြားလေသည်။

"သားတို့သမီးတို့၊ သားတို့သမီးတို့ကို ကျောင်းမှာ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှုရှိနေတဲ့အတွက် ဒီသွေးလွန်တုပ်ကွေး ရောဂါကို မဖြစ်ပွားအောင် အနေအထိုင်က အစ ဆင်ခြင်ရမယ်၊ သားတို့သမီးတို့ကို ဆရာမကြီးတစ်ခု မေးကြည့်မယ်၊ ဖြေနိုင်တဲ့သူ လက်ညှိုးထောင်ပြရမယ်၊ သွေးလွန်တုပ်ကွေး ရောဂါဟာ ဘာ့ကြောင့်ဖြစ်ပွားရသလဲ"

"ခြင်ကိုက်လို့ပါ ဆရာမကြီး"

"အေးဟုတ်တယ်၊ ဇော်ကြီးပြောတာမှန်တယ်၊ သားတို့သမီးတို့အားလုံး မှတ်ထားကြပါ။ သွေးလွန်တုပ်ကွေးဟာ ခြင်ကနေ တစ်ဆင့်ကူးစက်တာ၊ သွေးလွန်တုပ်ကွေးရောဂါပိုးကို သယ်ဆောင်တဲ့ခြင်ကိုက်ရင် သွေးလွန်တုပ်ကွေးဖြစ်ပွားတယ်ဆိုတာ သားတို့သမီးတို့မှတ်ထားရမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာမကြီး"

"ကဲ ဒါဆိုရင် သားတို့သမီးတို့ကို ဆရာမထပ်မေးဦးမယ်၊ သွေးလွန်တုပ်ကွေးရောဂါပိုးကို သယ်ဆောင်တဲ့ ခြင်ကျားဟာ လူတွေကို နေ့အချိန်မှာ ကိုက်သလား ညအချိန်မှာကိုက်သလား သိတဲ့လူ ပြောပါ"

ထိုစဉ် ကလေးငယ် နှစ်ဦးက ထ၍ ပြောကြသည်။

"ညအချိန် ကိုက်ပါတယ် ဆရာမကြီး"

"နေ့အချိန် ကိုက်ပါတယ် ဆရာမကြီး"

"နေ့ဘက်မှာ ကိုက်တာကွဲ့၊ ဒါကြောင့် သားတို့သမီးတို့ဟာ နေ့ဘက်မှာ ကျောင်းမှာရှိတာများတယ်။ ဒါကြောင့် ကျောင်းမှာ ခြင်ကိုက်ခံရတတ်တယ်။ ကျောင်းပိတ်ရက်တွေမှာလည်း နေ့အချိန် အိမ်မှာအိပ်ရင် ခြင်ထောင်နဲ့ အိပ်ကြပါ၊ခြင်ကိုက်မခံရအောင်လည်း နေကြပါ"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

ဆရာမကြီး ဒေါ်ခင်မူသည် တပည့်များအား ကျောင်းစုဝေးပွဲ၌ သွေးလွန်တုပ်ကွေးရောဂါအကြောင်း ရှင်းလင်းပြောပြလေသည်။ ထို့နောက် မူလတန်းပြဆရာမ ဒေါ်စိန်ခက်ကိုပါ သွေးလွန်တုပ်ကွေးရောဂါအကြောင်း ဆက်လက်ပြောပြရန်တာဝန်ပေးလိုက်သည်။ ဆရာမ ဒေါ်စိန်ခက်သည် မြို့နယ်ကျန်းမာရေးဌာနက ကျင်းပသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေးလုပ်ငန်းများကို အသိပေးရှင်း

www.burmeseclassic.com

www.burmeseclassic.com



လင်းဆွေးနွေးသည့်သင်တန်းသို့ တက်ရောက်ထားသူဖြစ်၍လည်း ကလေးများကိုရှင်းပြရန် ဆရာမကြီးက ထိုသို့ တာဝန်ပေးလိုက်ခြင်း ဖြစ်ပါသည်။

"သားတို့သမီးတို့ကို ဆရာမ ဟိုတစ်နေ့ကသင်တဲ့ ခြင်ကျား သံသရာလည်ပုံကို သတိရကြရဲ့လား။ သိတဲ့လူ ပြောပြစမ်းကွယ်"

ကျောင်းသူ မမိုးကေသွယ်က ထ၍ပြောသည်။

"အရင်ဆုံး ခြင်ဥ, ဥပါတယ်ဆရာမ"

"မှန်တယ်ကွယ်၊ ပြီးတော့ကော"

"ခြင်ဥကနေ ပိုးလောက်လမ်း ဖြစ်လာပါတယ် ဆရာမ"

"ပြီးတော့ ဆက်ပြောပါဦး"

"ပိုးလောက်လမ်းကနေ ခြင်ကောင်ပြန်ဖြစ်လာပါတယ် ဆရာမ"

"အေး ဟုတ်တယ် ဆရာမတပည့်တွေ သိပ်တော်တာပဲ ကွယ်၊ အဲ့ဒီ ခြင်ကျားတွေ မဥနိုင်၊ မပေါက်နိုင်အောင် သားတို့သမီး တို့အိမ်မှာ ဘယ်လိုကာကွယ်မလဲ ပြောပါဦး"

"အိမ်မှာရေခွက်တွေရှိရင် ဆားထည့်ထားရပါမယ်ဆရာမ"

"မောင်မောင်မြင့်က သိပ်တော်တာပဲကွယ်၊ ပြီးတော့ ဘယ်သူ သိသေးလဲ ပြောပါဦး"

"ရေအိုး ရေခွက်တွေကို ခြင်လုံစေဖို့ အဖုံးနဲ့ ဖုံးထားရ ပါ့မယ် ဆရာမ"

www.burmeseclassic.com

www.burmeseclassic.com



"ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ရပါမယ် ဆရာမ"

"ဟုတ်ပါပြီ၊ ကဲပြီးတော့ကော"

"အုန်းမှုတ်ခွက်၊ အိုးခြမ်းပဲ့၊ တာယာစုတ်တွေကိုလည်း ခြင်မပေါက်ပွားနိုင်အောင် ရှင်းလင်းထားရပါမယ် ဆရာမ"

"ဆရာမတပည့်တွေ သိပ်တော်တာပဲကွယ်၊ အားလုံး လက်ခုပ်တီး အားပေးကြပါဦး"

ကလေးများက လက်ခုပ်တီး၍ အားပေးကြသည်။

ဆရာမဒေါ်စိန် ခက်သည် တပည့်များကို သွေးလွန်တုပ်ကွေးအကြောင်းရှင်းပြရင်း ဆရာတပည့် အမေးအဖြေပြုလုပ်ကာ ပြောကြားသွားလေသည်။

သို့ဖြစ်၍မိဘများကလည်း ကျောင်းရှိ ဆရာဆရာမများကို ယုံကြည်မှု၊ အားကိုးမှု၊ လေးစားမှုရှိကြသည်။ ကလေးများကိုလည်း ရောဂါဝေဒနာတစ်ခုခုဖြစ်ပါက ကိုယ်ဖိရင်ဖိ စိတ်ရင်းစေတနာဖြင့် ပြုစုယုယဆောင်ရွက်ပေးသူဖြစ်သည်။

ယခင်လက သွေးလွန်တုပ်ကွေးအဖြစ်များပြီး ရန်ကုန်တိုင်းအတွင်း စံချိန်ချိုးခဲ့သော၊ ဆရာမကြီး ဒေါ်ခင်မူတို့ကျောင်းရှိ ဆရာဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခင်လကထက် ယခုလတွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုနှုန်းကျဆင်းခဲ့သည်။ ရပ်ကွက်အတွင်း၌လည်း ဖုံး၊ သွန်၊ လဲ၊ စစ် သည့်နည်းစနစ်ကို လိုက်နာကျင့်သုံးခြင်း၊ တာဝန်ရှိသူများ၏ ကူညီဆောင်ရွက်မှုပေးခြင်းတို့ကြောင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု လျော့ပါးလာသည်ကို တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ ဆရာဆရာမများ၏ ဆုံးမလမ်းညွှန်မှု ကျန်းမာရေး ဝန်ထမ်းများ၏ အသိပညာပေးမှုများကို ကျောင်းသားမိဘများနှင့် ရပ်ကွက်နေ မိဘပြည်သူများက လက်တွဲညီညာ ဆောင်ရွက်ခဲ့သည့်အတွက် ယခုလတွင် ဆရာမကြီးဒေါ်ခင်မူတို့ကျောင်းရှိ ကျောင်းသား ကျောင်းသူများသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အနည်းဆုံးကျောင်း တစ်ကျောင်းအဖြစ် ရပ်တည်နေပါတော့သည်။ ရင်သွေးကျန်းမာ အနာဂတ်ရတနာပင် ဖြစ်ပါသည်. . .။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## မောင်ကြည်ဖြူ အင်္ဂါမနှောင်းစေသားပါ

"ဘာသောက်မှာလဲ ဦး"

ဆရာကိုဝေစိုးနှင့်သူ့မိတ်ဆွေတို့နှစ်ဦး ရွှေဝါခိုင် လက်ဖက်ရည်ဆိုင်တွင်းသို့ ဝင်သည်နှင့် စားပွဲထိုးကလေးငယ် တစ်ယောက်က ထိုင်ခုံများယူပေးကာ နှုတ်မှ ခရီးဦးကြိုပြုသည်။

"ရှယ်လား ဦး"

"အေး ရှယ်"

"တူးတီး ဝမ်းပေါ့"

အဖျော်ဆရာအား ခပ်ကျယ်ကျယ်လှမ်း၍ ပြောလိုက်သည့် စားပွဲထိုးလူငယ်လေးအားကြည့်၍ စိတ်ဝင်စားနေသူက ဆရာကိုဝေစိုးပင် ဖြစ်သည်။

ဆရာကိုဝေစိုးက သူ၏မိတ်ဆွေအား "ဒီလက်ဖက်ရည် ဆိုင်က ချာတိတ်တွေများတယ်ဗျ။ ကလေးလေးတွေ သိပ်သနားဖို့ ကောင်းတယ်" ဟု ပြောသည်။

မိတ်ဆွေဖြစ်သူက "ခင်ဗျားက ဘာကို သနားတာလဲ" ဟု မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလေဗျာ ဒါကျောင်းနေမယ့် အရွယ်လေးတွေ မဟုတ်လား။ ခုတော့ သူတို့လေးတွေ စားသောက်ဆိုင်တွေမှာ ဝင်လုပ်နေရတာ တစ်နေ့လုံးဗျ၊ ဘယ်ကျောင်းနေရလိမ့်မတုံး"

"အဲဒါကြောင့် ကျွန်တော်က သနားစရာလို့ ပြောတာပေါ့၊ ဒီကလေးတွေ ကျောင်းကော နေခဲ့ရဖူးလား မသိပါဘူးဗျာ"

ထိုသို့ ဆရာကိုဝေစိုးနှင့်သူ၏မိတ်ဆွေတို့ စကားပြောနေကြစဉ် လက်ဖက်ရည်နှစ်ခွက် စားပွဲပေါ်သို့ ထိုသူငယ်လေးက ချပေးသည်။

"သားက ဒီလက်ဖက်ရည်ဆိုင်မှာ အလုပ်လုပ်တာ ကြာပြီလား"

"ဟုတ်"

"တစ်လဘယ်လောက်ရလဲ"

"လေးထောင်"

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ကြည်ဖြူ"

"နေဦး မင်းကို ဦးမေးရဦးမယ်၊ မင်းဒီလက်က အနာတွေက ဘာဖြစ်တာလဲ"

"ဝဲပေါက်တာ ခြင်ကိုက်လို့ ကုတ်ရင်းဖြစ်တာ"

"အေ မင်းအဲဒီ အနာတွေက မကောင်းဘူးကွ ဆေးတွေဘာတွေ မလိမ်းဘူးလား၊ မသောက်ဘူးလား"

"ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဆေးမသောက်လို့ မလိမ်းလို့ သားအနာတွေ ဘယ်ပျောက်ပါ့မလဲ ညဘက်ခြင်ထောင်နဲ့ မအိပ်ဘူးလား"

"ခြင်ထောင်နဲ့အိပ်တာပေါ့"

"ခြင်ထောင်နဲ့အိပ်ရင် သား ခြင်ကိုက်ဘယ်ခံရမလဲ"

"သားက တောကလေ ဒီဆိုင်မှာ ၂ လ ပဲရှိသေးတယ် သားတို့အိမ်မှာတုန်းက ခြင်ကိုက်တာ"

"သားအနာတွေနဲ့ဆိုရင် လက်ဖက်ရည်သောက်တဲ့လူတွေက လက်ဖက်ရည်ခွက်ကိုင်လာရင် ရွံလို့သောက်မှာ မဟုတ်ဘူး၊ ဒီတော့ မင်းဆေးသောက် ဆေးလိမ်း ပျောက်အောင်ကုနော်"

"ဟုတ်"

ထိုသို့ပြော၍ ထိုလူငယ်လေးက စားပွဲနားမှ ထသွားသဖြင့် စကားစပြတ်သွားသည်။ ကိုဝေစိုးနှင့်သူ၏မိတ်ဆွေတို့လည်း လက်ဖက်ရည်သောက်ရင်း အခြားကိစ္စများကို ပြောဆိုနေကြသည်။ ခဏအကြာ ထိုသူငယ်လေး စားပွဲနားသို့ ရောက်ရှိလာပြန်သည်။

"ဟေ့ ချာတိတ်၊ မင်းဘာကြောင့် ကျောင်းမတက်တာလဲ"

လက်ဖက်ရည်သောက်ရင်း လှမ်း၍မေးကြည့်သည်။

"တောမှာ သားကျောင်းတက်ဖူးတယ်၊ တစ်တန်းအောင်တော့ အမေက သားကို လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးလုပ်ခိုင်းတာ"

"တစ်တန်းအောင်ပြီး သားနှစ်တန်းဆက်မတက်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မတက်တော့ဘူး၊ အဖေကလည်း ဆုံးတော့ အိမ်မှာအမေနဲ့ညီမလေးနဲ့ညီလေးပဲရှိတယ်၊ အမေက သားကို ကျောင်းမထားနိုင်တော့လို့"

"မင်း ကျောင်းကောမနေချင်ဘူးလား"

"မနေချင်တော့ပါဘူးဦးရယ် ပိုက်ဆံမှ မရှိတာ"

ပြောပြောဆိုဆို စားပွဲထိုးလူငယ်လေး စားပွဲနားက ထွက်ခွာသွားလေသည်။

ဆရာကိုဝေစိုးနှင့် သူ၏မိတ်ဆွေတို့သည် ထိုသူငယ်လေးအား ကြည့်ကာ ကရုဏာသက်နေမိသည်။

× × × × ×

ဆရာကိုဝေစိုးသည် သူ၏စတုတ္ထတန်းကျောင်းသားကျောင်းသူများအား အခြေခံသိပ္ပံသင်ခန်းစာနှင့်ပတ်သက်၍ အမေးအဖြေ လုပ်နေသည်။

"ထွန်းထွန်းနိုင် မနေ့က ဆရာသင်လိုက်တဲ့ ရွေ့လျားခြင်း သင်ခန်းစာကို ရခဲ့ပြီလား"

"ရပါတယ် ဆရာ"

"ဒါဆိုရင် ဆရာမေးမယ်ကွာ သရက်ပင်က သရက်သီးတွေ ကြွေကျတာ ဘယ်လိုရွေ့လျားခြင်းမျိုးလဲ"

"မြေကြီးဆွဲအားကြောင့်ပါ ဆရာ"

"မှန်တယ်ကွာ အားလုံးလက်ခုပ်တီး အားပေးလိုက်ကြပါဦး"

အတန်းသားအားလုံး လက်ခုပ်တီး၍ အားပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒီတစ်ခါ ဆရာမေးခွန်းကို အရင်မေးကြည့်မယ် စဉ်းစားထားကြ၊ ပြီးရင် အုပ်စုလိုက်ဖြေရမယ် အုပ်စုလိုက် အမှတ်ပေးမယ်ကွာ"

ဆရာကိုဝေစိုးက ကျောက်သင်ပုန်းကြီးတွင် သူ၏အတန်းသားများအား အုပ်စု (၅)စုကို ဇယားကွက်ရေးဆွဲပြီး အမှတ်စဉ်ရမှတ်အဆင့်ဟု စာတိုင်ခွဲရေးလိုက်သည်။ ထိုသို့ ဇယားကွက် ရေးဆွဲနေစဉ် မြေဖြူကိုလက်မှ လွှတ်ချလိုက်သည်။ အတန်းသားအားလုံးကလည်း မြင်တွေ့ကြသည်။

"ကဲ ဆရာ လက်က မြေဖြူလွတ်ကျသွားပြီ၊ အဲဒါ ဘာကြောင့်လဲ၊ အုပ်စု (၃) က ဖြေကွာ"

"မြေကြီးရဲ့ ဆွဲအားကြောင့်ပါ ဆရာ"

"မှန်တယ်ကွာ၊ ဆရာတပည့်တွေ သိပ်တော်ကြတာပဲ၊ ကျန်တဲ့လူတွေက လက်ခုပ်တီးအားပေးလိုက်ပါဦး"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

ဆရာကိုဝေစိုး အုပ်စု (၃) ဇယားကွက်တွင် (၁) မှတ်ရေးထည့် လိုက်သည်။ ပြီးနောက် မေးခွန်းတစ်ခုမေးသည်။

"လေယာဉ်ပျံဘာကြောင့် ပျံသန်းနိုင်သလဲ အုပ်စု (၁) က ဖြေပါဦး"

"စက်ကြောင့် ရွေ့လျားတာပါ ဆရာ"

"အုပ်စု (၁)က ဘယ်သူပြောနိုင်သေးသလဲကွာ"

"လျှပ်စစ်ကြောင့်ပါဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားပါဦး"

"လေကြောင့် ရွေ့လျားတာပါ ဆရာ"

"ကဲ အုပ်စု (၄) က ဖြေပါဦး"

"အပူကြောင့် ရွေ့လျားခြင်းပါ ဆရာ"

"ဟုတ်ပါတယ်၊ အုပ်စု (၄) က ဖြေတာ မှန်ပါတယ်"

အတန်းသားများ လက်ခုပ်တီး၍ အားပေးကြပြန်သည်။

"ကဲ အုပ်စု (၂)စုပဲ ကျန်တော့တယ် ဒီတစ်ခါ မေးခွန်းတစ်ခု မေးဦးမယ် စဉ်းစားထားကြ"

အုပ်စု (၁) (၂) (၄) တို့မှာ သူတို့အုပ်စုများအား မေးပြီးဖြစ်၍ အုပ်စု (၃) နှင့် (၅) သာ မေးတော့မှာပဲဟု အတန်းသားများက တွေးနေကြသည်။

"သရက်သီးတစ်လုံး ကြွေကျတယ်ကွာ ဘယ်လိုရွေ့လျားခြင်းမျိုးလဲ အုပ်စု (၃) က ဖြေပါဦး"

"မြေကြီးဆွဲအားကြောင့်ပါ ဆရာ"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

အားလုံးက လက်ခုပ်တီးကြပြန်သည်။

"ကဲ ဆရာနောက် ကျန်တဲ့အုပ်စုကိုတော့ လွယ်လွယ်ပဲ မေးတော့မယ်ကွာ၊ မြစ်ထဲမှာ လှေတစ်စင်းရွက်လွှင့်သွားနေတာဟာ ဘယ်လိုကြောင့် ရွေ့လျားခြင်းလဲ ပြောပါဦး"

"ရေကြောင့် ရွေ့လျားတာပါ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာက ဘာမျှမပြောဘဲ အတန်းသားများကို ကြည့်နေသည်။

"လေကြောင့်ရွေ့လျားတာပါ ဆရာ"

"မဟုတ်ဘူးဆရာ၊ ရေကြောင့် ရွေ့လျားတာပါဆရာ"

အုပ်စု (၅) ခု ဖြေရမည့်အလှည့်ဖြစ်၍ ဆရာကိုဝေစိုးသည် အုပ်စုအတွင်းမှ ဖြေဆိုကြသည့် ကျောင်းသားကျောင်းသူများ၏ ဖြေဆိုမှုကို ခေတ္တမျှနားထောင်ပြီးနောက် ကျောင်းသားများကို ရှင်းလင်းပြောပြနေသည်။

"ကဲ ဆရာ့တပည့်တွေ ဒီနေ့ဖြေကြတဲ့အထဲမှာ ထူးထူးခြားခြားဖြစ်နေတာကတော့ အုပ်စု (၅) ပဲကွ၊ ဘာပြုလို့လဲဆိုတော့ မင်းတို့အုပ်စု (၅) စုလုံးမှာ အဖြေတွေက ညှိပြီးဖြေခွင့်ရှိတာမို့ လွဲသွား၊ မှားသွားရင်လည်း ပြန်ပြီးညှိပြီးဖြေတာ၊ အားလုံးက အဖြေတစ်ခုတည်းပဲထွက်တယ်၊ အုပ်စု (၅) ကျတော့ အဖြေ နှစ်မျိုးဖြစ်နေကြတယ်၊ ဒီတော့ ဆရာက အုပ်စု (၅) က တပည့်တို့ကို မေးကြည့်မယ်ကွာ၊ မင်းတို့အုပ်စုက မြစ်ထဲမှာ လှေတစ်စင်း ရွက်လွှင့်သွားလာနေတာကို ရေကြောင့် ဖြေတဲ့တပည့်တွေက လက်ထောင်ကွာ"

ထိုအခါ အုပ်စု (၅) မှ ကျောင်းသား ၃ ဦးမှာ လက်ညှိုးထောင်ကြသည်။

"ကဲ ကျန်တဲ့တပည့်တို့ သုံးဦးကော"

ဆရာကိုဝေစိုးက မေးသည်။

"လေကြောင့်ပါ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



အုပ်စု (၅)မှ ကျန်သည့် ကျောင်းသားကျောင်းသူ ၃ ဦးအနက် မောင်ထူးက ထ၍ဖြေသည်။

"ကဲ မောင်ထူးထိုင်ကွာ၊ ဒီနေ့အုပ်စု (၅) မှာကတော့ ထူးထူးခြားခြား တစ်ဝက်စီဖြစ်နေကြပြီပေါ့ ဆရာပြောပြမယ်ကွာ၊ လှေက မြစ်ထဲမှာ ရေပေါ်မှာရှိလို့ ရေကြောင့်သွားတာမှ မဟုတ်တာ၊ လေကို အသုံးချရွက်တိုက် သွားတာဖြစ်လို့ လေကြောင့် ရွေ့လျားခြင်းသာ ဖြစ်တယ် တပည့်တို့"

ဆရာကိုဝေစိုးက ထိုသို့ရှင်းပြလိုက်သည့်အခါမှသာ အုပ်စု (၅)မှ မောင်ထူးတို့သူငယ်ချင်း ၃ ယောက်သားလည်း သဘောပေါက်သွားလေသည်။

"ရွက်လွှင့်သွားတဲ့ လှေတွေကို သားတို့သမီးတို့ မြင်ဖူးကြသလား"

"မြင်ဖူးပါတယ် ဆရာ"

"အေး အဲဒီရွက်လွှင့်တဲ့လှေဟာ တစ်ခါတစ်ရံ ရေစုန်မှာသွားရတာလည်းရှိတယ်၊ ရေဆန်ကို ရွက်လွှင့်သွားရတာလည်းရှိတယ်၊ ရေစုန်ကို ရွက်လွှင့်သွားရင် ရေစီးအားကြောင့် ရေလေကြောင့်ရော လှေကို မလှော်ဘဲနဲ့ သွားတာပေါ့ကွာ၊ ဒါပေမဲ့ ဒီမှာပိုပြီး သဘောပေါက်သွားအောင် ပြောရရင်တော့ လှေဟာ ရေထဲမှာထားရင် ရေစုန်ကိုမျောသလား ရေဆန်ကို မျောသလား"

"ရေစုန်ကို မျောမှာပါဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ရေဆန်ကို လှေမမျောတာတော့ သေချာနေပြီကွာ ဒါဆို ရှက်လွှင့်ပြီး ရေဆန်ကိုလှေသွားတာဟာ ရေကြောင့်လား၊ လေကြောင့်လား"

"လေကြောင့်ပါ ဆရာ"

"အေးပေါ့တပည့်တို့ရာ၊ လေကြောင့်ရွေ့သွားခြင်းပေါ့၊ ကဲ ဒါဆို သဘောပေါက်သွားကြပြီလား"

"သဘောပေါက်ပါပြီ ဆရာ"

အရွယ်လွန်ကလေးများ၏သင်ခန်းစာကို (၂)နှစ်သင်ရိုး (၃)နှစ် သင်ရိုးဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ အခုဆရာ ကိုဝေစိုး သင်နေသည့် ကျောင်းသား ၃၀ ဦး မှာ အရွယ်လွန်ကလေးများ ဖြစ်ကြသည်။

ထိုအထဲတွင် မောင်ကြည်ဖြူလည်း ပါဝင်သည်။

မောင်ကြည်ဖြူကဲ့သို့ လက်ဖက်ရည်ဆိုင်တွင် စားပွဲထိုး လုပ်နေကြသော ကျောင်းနေအရွယ်ကလေးများ စားသောက်ဆိုင် တွင် စားပွဲထိုးလုပ်နေသူ ကလေးများ၊ သူများအိမ်တွင် သူရင်းငှား လုပ်နေသူကလေးများ မည်၍မည်မျှ ရှိနေဦးမည်ကို မသိနိုင်ပေ။

ယခုမူ ဆရာကိုဝေစိုးတို့ကျောင်း၌ အရွယ်လွန်ကလေး ၃၀ ဦးအား အရွယ်လွန်သင်ခန်းစာဖြင့် သင်ကြားခွင့်ရခြင်းကြောင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေကြပြီး ပညာသင်ယူမှု အခွင့်အလမ်းများ ရရှိနေပြီဖြစ်ရာ မူလတန်းပညာ သင်ယူခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သေးသော သားသမီးရတနာများကိုလည်း အသက်လွှန် အရွယ်လွန် ဖြစ်စေကာမူ ကျောင်းနေရန် ကျောင်းအပ်ရန် လိုအပ်လှပေသည်။

လွန်ခဲ့သော တစ်နှစ်ကျော်က လက်ဖက်ရည်ဆိုင်တွင် စားပွဲထိုးလုပ်နေသော မောင်ကြည်ဖြူသည်ပင် စတုတ္ထတန်းကို မကြာခင်ဖြေဆိုအတန်းတက်ခွင့် ရတော့မည်ကို ဆရာကိုဝေစိုး တစ်ယောက် ကြည်နူးဝမ်းသာ ပီတိဖြာမိသည်ကား အမှန်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## လောကပြတင်းပေါက်မှ ဘဝအသိ

စာကြည့်တိုက်ကို လောကပြတင်းပေါက်၊ ဘဝတက္ကသိုလ်၊ လူထုတက္ကသိုလ် ဟူ၍ တင်စားခေါ်ဆိုကြပါသည်။

အခြေခံပညာကျောင်းများတွင် စာကြည့်တိုက်များ ထားရှိသင့်လှသည်။

လှိုင်သာယာမြို့နယ် အမှတ် ၂၆ အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းစာကြည့်တိုက်၏အမည်မှာ "စာပေအရိပ်" ဖြစ်သည်။

ထိုစာပေအရိပ်စာကြည့်တိုက်ကော်မတီကို ကျောင်းအုပ်ဆရာကြီး ဦးသောင်းညွန့်က ဥက္ကဋ္ဌ၊ ဆရာမဒေါ်နွဲ့ဝင်းက အတွင်းရေးမှူးနှင့် ဆရာမများအားလုံး အဖွဲ့ဝင်အဖြစ် ဖွဲ့စည်းထားသည်။

ကလေးများကို သော၊ကြာနေ့၌ အိမ်သို့ငှားခွင့်ပေးထားပြီး ကျန်နေ့များတွင် နေ့အလိုက်၊ အခန်းလိုက် ကျောင်းမှာပင်ဖတ်ရှုရန်စည်းကမ်းချက် ထုတ်ထားသည်။ ကျောင်းသားကျောင်းသူများသာမက ပတ်ဝန်းကျင်မှ စာပေလေ့လာလိုက်စားလိုသူများအတွက်လည်း စာကြည့်တိုက်အသုံးပြုခွင့်ကို ဆောင်ရွက်ပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစာကြည့်တိုက်တွင် သတင်းစာ၊ ရွှေသွေး၊ မင်္ဂလာမောင်မယ်၊ တို့ကျေးရွာစာစောင်၊ မြတ်မင်္ဂလာ၊ တို့ကျောင်းသား၊ ပုံပြင်စာအုပ်များ၊ မဂ္ဂဇင်းများ၊ အခြားဗဟုသုတ စာအုပ်များနှင့် ဓမ္မစာအုပ်များရှိပါသည်။

ဆရာမ ဒေါ်နွဲ့ဝင်းသည် စာကြည့်တိုက်အဖွဲ့ အတွင်းရေးမှူးဆရာမတစ်ဦး ဖြစ်သကဲ့သို့ စတုတ္ထတန်း အတန်းပိုင် ဆရာမတစ်ဦးလည်း ဖြစ်ပါသည်။

စတုတ္ထတန်းတွင် တစ်ပတ်လျှင် ရသချိန် နှစ်ချိန် ပါ,ပါသည်။ ဆရာမသည် တစ်နေ့၌ ရသချိန်တွင် ကလေးများကို ဖတ်မှတ်စွမ်းရည်မြင့်မားရေးအတွက် ဟောပြောသင်ကြားနေပါသည်။

"မင်္ဂလာပါ တပည့်တို့"

"မင်္ဂလာပါ ဆရာမ"

"ကလေးတို့ ဒီနေ့ ရသချိန်မှာ ဆရာမက မင်းတို့ ကျောင်းစာကြည့်တိုက်မှာ ဖတ်ရှုခဲ့ပြီးတဲ့ ရွှေသွေးဂျာနယ်ထဲက ပုံပြင်လေးတစ်ခုကို ပြန်မေးကြည့်မယ်၊ ဆရာမ မေးတဲ့မေးခွန်းတွေကို မင်းတို့ ဖြေကြားရမယ်နော်"

"ဆရာမ အမှတ်တွေပေးမယ် ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာမ"

"မင်းတို့ဖတ်ခဲ့ဖူးတဲ့ ရွှေသွေးစာစောင်မှာပါတဲ့ ရိုးသားခြင်းတန်ဖိုး ပုံပြင်လေးကို မှတ်မိကြရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိပါတယ် ဆရာမ"

"အေး မှတ်မိတယ်ဆိုရင် ဆရာမမေးမယ့်မေးခွန်းကို ဖြေဆိုမည့်သူက မတ်တတ်ရပ်ဖြေပေးနော်"

"ဟုတ်ကဲ့ပါ ဆရာမ"

"ကလေးတို့ ပုံပြင်မှာ ဘုရင်ကြီးက ဘာကိုအလိုရှိတာလဲ"

"မင်းမှုထမ်း အလိုရှိတာပါ ဆရာမ"

"အေးဟုတ်တယ်၊ ဒါပေမဲ့ ဘုရင်ကြီးက ဘယ်လိုလူမျိုးကို အလိုရှိတယ်လို့ ထင်သလဲ"

ထိုသို့မေးသည့်အခါ ကျောင်းသားကျောင်းသူများ ငြိမ်သက်၍ နေကြသည်။ ထိုစဉ် ကျောင်းသူလေး မခိုင်ဆွေဇင်သန့်က-

"မင်းဘဏ္ဍာကိုစောင့်ရှောက်ဖို့ ဘဏ္ဍာစိုးတစ်ယောက်ကို အလိုရှိတာပါ ဆရာမ" ဟု ဖြေသည်။

"မှန်ပါတယ်၊ မင်းဘဏ္ဍာစိုးဆိုတာ ဘယ်အရာတွေကို မပြုလုပ်မိဖို့ အရေးကြီးဆုံးလဲကွယ်"

"မင်းအဏ္ဍာကို အလွဲသုံးစား မပြုမိသူဖြစ်ဖို့ အရေးကြီးပါတယ် ဆရာမ" ဟု မခိုင်ဆွေဇင်သန့်က ဖြေသည်။

"မင်းမှုထမ်းလုပ်ဖို့ လာရောက်ရွေးချယ်သူတွေထဲမှာ တစ်ဦးဟာ ဘယ်လိုလူမျိုးလို့ ထင်ပါသလဲ"

"အလွန်ရိုးသားသူ ဖြစ်ပါတယ်ဆရာမ"

ကျောင်းသားများက ဖြေဆိုကြသည်။

"ဘာကြောင့် ရိုးသားတယ်လို့ ပြောနိုင်တာလဲကွယ်၊ ကျွန် ကလေးတွေလည်း ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်ကြီးလမ်းမှာချထားတဲ့ ရွှေငွေ ပစ္စည်းတွေကို ကောက်ယူသွားခြင်း မရှိလို့ပါ ဆရာမ"

ကျောင်းသားတစ်ဦးက ထ၍ဖြေဆိုသည်။

"မင်းမှုထမ်းဖို့ လာရောက်ရွေးချယ်ခံတဲ့ ကျန်လူများကရော တွယ် ဘယ်လို ပြုမူကြသလဲ"

"ကျန်လူတွေက သူတို့အိတ်တွေထဲမှာ ရွှေ၊ ငွေ၊ ပစ္စည်း တွေကို ကောက်ယူပြီး ယူဆောင်သွားကြပါတယ် ဆရာမ" ဟု မခိုင်ဆွေဇင်သန့်က ထ၍ဖြေပြန်သည်။ ဘုရင်ကြီးက ဘယ်သူ့ကို မင်းဘဏ္ဍာထိန်းအဖြစ် ခန့်အပ်လိုက်ပါသလဲ"

"ရိုးသားတဲ့လူကိုပါ ဆရာမ"

ကလေးအများစု ဖြေဆိုကြသည်။

"ရိုးသားခြင်းရဲ့တန်ဖိုး ပုံပြင်လေးကို ကြားသိဖတ်ရှုရတဲ့ အတွက် ဘယ်လိုအကျိုးကျေးဇူးများ ရရှိခဲ့ပါသလဲ"

ထိုအခါ ကလေးများသည် အတန်ကြာ စဉ်းစားနေကြသည်။

မခိုင်ဆွေဇင်သန့်က "ရိုးသားခြင်းသည် တန်ဖိုးရှိကြောင်း သိရပါတယ် ဆရာမ၊ ရိုးသားသောသူကို ဘုရင်က ယုံကြည်အားထားတဲ့အတွက် ဘဏ္ဍာစိုးအဖြစ် ချီးမြှင့်မြှောက်စားလိုက်တာပါ။ ရိုးသား သောသူကို အတုယူပြီး သမီးတို့လည်း ရိုးသားခြင်းသည် လူတိုင်း၌ ရှိရန်လိုကြောင်း၊ ပိုင်ရှင်မသိဘဲ သူတစ်ပါးပစ္စည်းကို မယူသင့်ကြောင်း၊ စာရိတ္တကောင်းမှသာ လူ့လောကအလယ်၌ခေါင်း တင့်တယ် နိုင်မည်၊ ကြီးပွားတိုးတက်နိုင်မည်ကို သိရှိရပါတယ် ဆရာမ"ဟု ဖြေဆိုသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်ကွယ်၊ ဆရာမမေးတဲ့ မေးခွန်းတွေကို မခိုင်ဆွေဇင်သန့်က အများဆုံးဖြေဆိုနိုင်တာ တွေ့ရတဲ့အတွက် အမှတ်အများဆုံး ရရှိပါတယ်၊ ကလေးတို့အားလုံး လက်ခုပ်တီးပြီး အားပေးကြပါ"

ထိုအခါ တစ်တန်းလုံးက လက်ခုပ်တီး၍ အားပေးကြသည်။

"ကလေးတို့အားလုံးလည်း ပုံပြင်လေးထဲက ရိုးသားသူလိုပဲ ဘဝမှာ ရိုးသားရမယ်၊ ကြိုးစားရမယ်၊ ဒါမှ ကြီးပွားတိုးတက်ခြင်းရဲ့ ရလဒ်ကို ရရှိနိုင်မယ်။ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်တွေကို ထမ်းဆောင်နိုင်တဲ့ လူချွန်လူမွန်လေးတွေ ဖြစ်ကြပါစေကွယ်။ အားလုံး မင်္ဂလာပါ တပည့်တို့"

"မင်္ဂလာပါ ဆရာမ"

ကလေးများဖတ်မှတ်စွမ်းရည်ကို လေ့လာကြည့်သောအခါ မခိုင်ဆွေဇင်သန့်ဆိုသော ကျောင်းသူလေးသည် အများဆုံး ဖြေဆိုနိုင်သည်။ အတန်းတစ်တန်းရှိ ကလေးများအားလုံး၏ ဉာဏ်ရည်သည် တစ်ပြေးညီမဟုတ်ပါ။ သို့သော် စာပေဖတ်ရှုလေ့လာမှုကို ဝါသနာထုံသည့် ကျောင်းစာကြည့်တိုက်မှတ်တမ်းစာအုပ်တွင် စာအုပ်အများဆုံး ငှားရမ်းဖတ်ရှုလေ့လာသည့် မခိုင်ဆွေဇင်သန့်သည် ထူးချွန်ထက်မြက်သည့် ကလေးတစ်ယောက်ဖြစ်နေသည်ကို တွေ့ရှိရသည်။

စာဖတ်သောသူသည် "အသိ၊ အမြင်၊ အကြား၊ အသိမ္မာနှင့်ပြည့်စုံ၏။ တွေးခေါ်ကြံစည်မှုရှိ၏" ဟု စာဖတ်ခြင်း၏ အကျိုး

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးများကို ဖော်ညွှန်းထားပါသည်။ ကျောင်းစာကြည့်တိုက်သည် ကျောင်းသားများ၏ သုတရတနာ ဘဏ်တိုက်ကြီး ဖြစ်ပါသည်။

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်ရာ လူငယ်လူရွယ်များအတွက် ပညာရေးအခွင့်အလမ်းများ တိုးတက်များပြားစွာ ရရှိနေသည်။ ထိုနည်းတူ ကျောင်းစာကြည့်တိုက်များမှ ရရှိသော စာပေအလင်းရောင်သည်လည်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိရာ စာကြည့်တိုက်များသည် လောကမြတင်းပေါက်များ၊ ဘဝတက္ကသိုလ်များ လူထုတက္ကသိုလ်များပင် ဖြစ်ပါတော့သည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၃ မျိုးချစ်စိတ်

မိသားစုမျက်နှာစုံညီ ထမင်းစားပြီးစ ဖြစ်သည်။

လက်ဖက်ရည်ကြမ်းနှင့် ထန်းလျက်ခဲများကို အချိုတည်းနေကြသည်။

မနေ့က အ. ထ. က ခန်းမကြီးထဲ၌ စာပေဟောပြောပွဲသို့ သွားရောက်နားထောင်ခဲ့ကြသည့် သားနှင့်သမီးကို မေးမြန်းလို၍ ဦးထွန်းသက်က ဇနီးဖြစ်သူအား စကားစသည်။

"သားနဲ့သမီး မနေ့က ဘယ်ကိုသွားတာလဲ မခင်"

"သူတို့ကျောင်းမှာ ဟောပြောပွဲရှိလို့ သွားတာလေ အဖေကြီးရဲ့"

"ဘာဟောပြောပွဲလဲကွယ်၊ ဘယ်သူက ဟောတာလဲ၊ ကျောင်းက ဆရာ ဆရာမတွေလား"

"မဟုတ်ဘူး အဖေကြီးရေ၊ စာရေးဆရာ ညိုပြာ လာဟောတာတဲ့"

ဦးထွန်းသက်သည် ကုလားထိုင်ပေါ်တွင် အနားယူရင်း ဇနီးနှင့် စကားပြောနေရာမှ လက်ဖက်ရည်တစ်ခွက်ကို သောက်သောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထို့နောက် သမီးကြီးဘက်သို့ လှည့်၍ "သမီးကြီးနဲ့ သားငယ်တို့ ဖေဖေ့ကို ပြောပါဦး၊ စာရေးဆရာက ဘာအကြောင်း တွေကို ဟောပြောတာလဲကွဲ့" ဟု မေးလေသည်။

သမီးဖြစ်သူ ခင်မေသက်က "မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး ဟောပြောပွဲပါ ဖေဖေ" ဟု ဖြေသည်။

"နားထောင်လို့ ကောင်းတယ် ဖေဖေ၊ လူတွေကို အများ ကြီးပဲ၊ သားတို့ကျောင်းက သားတို့ သူငယ်ချင်းတွေလည်း သွား နားထောင်ကြတယ်"

သားငယ်သက်မောင်မောင်က ဆိုသည်။

"ဟ တယ်ဟုတ်ပါလား သားငယ်ရ၊ ငါ့သားနဲ့ သမီးက အလာကြီးပဲကွာ၊ ဘာတွေဟောတယ်ဆိုတာ ဖေဖေ့ကို ပြောပြ ပါဦး"

ထိုသို့ သားအဖသုံးဦး ဟောပြောပွဲအကြောင်း ပြောနေ ကြစဉ် မိခင် ဒေါ်အေးခင်သည် အဝတ်များကို မီးပူထိုးရန် စီစဉ် နေသည်။

ဦးထွန်းသက်သည် အငြိမ်းစားတပ်ကြပ်ကြီးတစ်ဦး ဖြစ်သည်။ သောင်းကျန်းသူများနှင့် ရင်ဆိုင်တိုက်ပွဲတစ်ခုတွင် မိုင်း ထိမှန်၍ ခြေထောက်တစ်ဖက် ဖြတ်လိုက်ရပြီး ဂျိုင်းထောက်နှင့် သွားလာနေရသူ ဖြစ်သည်။

ထန်းတပင်မြို့အနီး လမုတန်းကြီးရွာသား ဖြစ်ပြီး ထန်းတပင်မြို့သူ ဒေါ်အေးခင်နှင့် အကြောင်းပါကာ အနှစ် (၂) ရပ်ကွက် အေးသာယာလမ်းတွင် နေထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးကြီး ခင်မေသက်နှင့် သားငယ် သက်မောင်မောင်တို့သည် ထန်းတပင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသူများ ဖြစ်သည်။

သမီးကြီး ခင်မေသက်က ဆဋ္ဌမတန်း (ခ) ၌ ပညာသင်ကြားနေပြီး သားငယ်သက်မောင်မောင်က ပဉ္စမတန်း (က)တွင် ပညာသင်ကြားနေကြသည်။

"သားငယ် မင်းတို့ကျောင်းမှာ ကျောင်းဆင်းခါနီး သီဆိုတဲ့ ဇာတိမာန်သီချင်းကို ဖေဖေ့ကို ဆိုပြစမ်းကွယ်"

"ဖေဖေကလည်း ဒါများ လွယ်လွယ်လေး"

ထိုသို့ပြောပြီး သားငယ်က ဇာတိမာန်သီချင်းကို သီဆိုပြသည်။

(ဒါ တို့တိုင်း တို့ပြည် တို့မြန်မာတွေ)၂

(မြင့်မြတ်တဲ့ ဂုဏ်ကျက်သရေ၊ ကျုပ်တို့ရဲ့ ရွှေထီးရွှေနန်း တင့်ဆန်းပေ)၂ (အာဇာနည် ဗုဒ္ဓဘာသာ အမျိုးသားတိုင်းပြည်၊ ရာဇဝင် ရှေးထုံးစဉ်လာ ထွန်းတောက်ခဲ့ပေ၊ ပိုင်ဆိုင်သူ ဘိုးဘွား ဘီဘင် တို့အမွေ တို့ပြည်၊ တို့မြေ)

(မျိုးရိုးနဲ့ တန်ခိုးရှိခဲ့ပေ ထီးနန်းနဲ့ စံမြန်းလာတာတွေ . . . . . . . . . . . . . . . . . . . . . . တို့ပြည် တို့မြေ)

သားငယ် သက်မောင်မောင်က အသံနေအသံထားဖြင့် သီဆိုပြသည်။ သီချင်းဆုံးသောအခါ ဦးထွန်းသက်က "သိပ်တော်တဲ့ ဖေဖေ့သားကွ" ဟု ဆိုကာ သားငယ်အား ခိုးတစ္ဆေစထား ဆိုတာ လက်ခုပ်တီးနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက သားကို လက်ခုပ်တီး အားပေးတယ် ဟုတ်လား ဖေဖေ"

သားငယ်က မေးသည်။

"အားပေးရမှာပေါ့ သားငယ်လေးရယ်၊ ဖေဖေ့ သားငယ်လေးက ဇာတိမာန်သီချင်းကို ဟန်နဲ့ဆိုပြတာ သိပ်နားထောင်ကောင်းတယ်ကွာ၊ ပြီးရင် ဖေဖေ့ကို မောင်နှမနှစ်ယောက်စလုံး ဟောပြောပွဲမှာ ဘာတွေဟောတယ်ဆိုတာပါ ပြောပြရမယ်နော်"

ဦးထွန်းသက်က ထိုသို့ပြောသည့်အခါ သားဖြစ်သူက ခေါင်းကိုညိတ်ရင်း ရေတစ်ခွက်ကို ရေအိုးစင်မှ ခပ်ယူသောက်နေလေသည်။

"ဖေဖေ့သားကတော့ အဲဒီဟောပြောပွဲမှာ ရွှေဘိုမြို့နယ်က မခေါက်ပြောနဲ့ စစ်ကိုင်းနယ်ဘက်က မိုးဇာပြောတေးသီချင်းတွေကို တစ်ပုဒ်စီ ဆိုပြသွားတာ သိပ်နားထောင်ကောင်းတာပဲ"

သားငယ်သက်မောင်မောင်က ပြောသည်။

"ဟုတ်တယ် ဖေဖေရ၊ အဲဒီဆရာသီချင်းတွေကို ဆိုပြတာ တော်တော့်ကို နားထောင်လို့ ကောင်းတာပဲ"

သမီးကြီးခင်မေသက်က ဆိုသည်။

"အေး သားငယ်နဲ့ သမီးကြီးတို့ အဲဒီ မခေါက်ပြောတို့ မိုးဇာပြောတို့ တီးတဲ့သူ ဆိုတဲ့သူတွေအကြောင်းကော ပြောပြသေးလား"

ဦးထွန်းသက်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဒေသ သူတို့ရဲ့ ရိုးရာဓလေ့သီချင်းတွေကို ယဉ်ကျေးမှုတွေကို အမြဲတမ်း ထိန်းသိမ်းထားတဲ့အကြောင်း အဲဒါဟာ မျိုးချစ်စိတ် ဖြစ်တယ်ဆိုတဲ့အကြောင်းလည်း ပြောပါတယ် ဖေဖေ"

"ဟုတ်တယ် သမီးကြီးနဲ့ သားငယ်တို့ရဲ၊ အဲဒါ မျိုးချစ်စိတ်ကြောင့် သူတို့ရဲ့ ရိုးရာယဉ်ကျေးမှုတွေကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြတာပဲကွဲ့၊ ပြီးတော့ရော ဘာတွေ မှတ်မိသေးလဲ သိရင်ပြောပါဦး ဖေဖေ့ကို"

"အဲဒီထဲမှာ သမီးအကြိုက်ဆုံးတစ်ခုရှိတယ် ဖေဖေရဲ့၊ ဘာလဲဆိုတော့ မြန်မာလူငယ်တစ်ဦးက သူ့ကို ပြန်ပြောပြတဲ့ အကြောင်းပဲ ဖေဖေ၊ ဂျပန်နိုင်ငံမှာ ပညာတော်သင်သွားကြတဲ့ လူငယ်တွေထဲက တစ်ဦးက ဂျပန်လူငယ်တစ်ဦးနဲ့ ရင်းနှီးကြတော့ ကိုယ့်နိုင်ငံရဲ့ နိုင်ငံတော်သီချင်းကို အပြန်အလှန် မေးကြဆိုကြတဲ့ အခါ မြန်မာလူငယ်က နိုင်ငံတော်သီချင်းကို သီဆိုပြတော့ ဂျပန် လူငယ်က နားထောင်နေတယ်တဲ့၊ မြန်မာလူငယ်က သူ့အလှည့် ပြီးလို့ ဂျပန်လူငယ်ကို ဂျပန်နိုင်ငံရဲ့ နိုင်ငံတော်သီချင်းကို သီဆိုပြပါ ဆိုတော့ ဂျပန်လူငယ်က သူရောမြန်မာလူငယ်ကိုပါ ဒီအတိုင်း ဆိုလို့မဖြစ်တဲ့အကြောင်းနဲ့ အားလုံး မတ်တတ်ရပ်ပေးပါလို့ပြောလို့ မတ်တတ်ရပ်တော့မှ သီချင်းဆိုပြတဲ့အကြောင်းလေ၊ အဲဒါ သူ့ နိုင်ငံရဲ့ နိုင်ငံတော်သီချင်းကို အလေးအနက်ထားတဲ့ နိုင်ငံချစ်စိတ် ကြောင့်ပဲလို့ ပြောတာကို သမီးသိပ်သဘောကျတာ ဖေဖေရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"တယ်ပြီး တန်ဖိုးရှိတဲ့ စကားပါလား၊ မှတ်သားစရာကောင်းတဲ့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို ဖော်ပြတာပဲ၊ သားတို့ သမီးတို့ရဲ့"

"ကဲ နောက်ထပ်သိရင် ပြောပါဦး သမီးကြီးရ"

"ဆင်ဖြူရှင်မင်းတရားကြီး တည်ခဲ့တဲ့ မြေဒူးမြို့မှာ မြို့သူမြို့သားတွေက အခုထက်ထိ သူတို့မြို့ကို ကာကွယ်စောင့်ရှောက်ဖို့ အသင့်ပြင်ထားတယ်တဲ့၊ ယောက်ျားတိုင်း မြင်းစီးအတတ်တတ်အောင် သင်ထားတယ်လို့ ပြောတယ် ဖေဖေ"

"အေး ဟုတ်တယ်၊ အဲဒါလည်း ဟိုတုန်းက ကုန်းဘောင်ခေတ်မှာ ဆင်ဖြူရှင်မင်းတရားကြီးတည်ခဲ့တဲ့ မြေဒူးမြို့ဆိုတာ အခုကန့်ဘလူမြို့နယ်ထဲမှာ ရှိတယ်၊ သူ့မြို့ သူ့ဒေသကို သတိနဲ့ လုံလုံခြုံခြုံရှိအောင် ကာကွယ်ချင်တဲ့စိတ်ဟာ မျိုးချစ်စိတ်ပဲ၊ သားနဲ့သမီးကြီးတို့ရဲ့၊ အဲဒါတွေကို မှတ်ထားရမယ်နော်"

"တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ပေါ့ကွာ။ မြန်မာ့အလင်းတို့ ကြေးမုံတို့ သတင်းစာတွေမှာလည်း ပါတယ်လေကွာ၊ သားငယ်က ဖတ်ပြပါဦး"

ဟု ဦးထွန်းသက်က ပြောသည်။ ထိုအခါ စားပွဲပေါ်၌ အသင့်ရှိနေသော ကြေးမုံသတင်းစာကိုယူ၍ သားငယ် သက်မောင်မောင်က ဖတ်ပြသည်။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

၁။ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ၊ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်သားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

www.burmeseclassic.com

www.burmeseclassic.com



၂။ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

"အေး ဟုတ်ပြီ၊ အဲဒီ မျိုးချစ်စိတ်ဓာတ်ဆိုတာ နိုင်ငံသားတိုင်းမှာ လူတိုင်းမှာ ထားရှိရမယ့် စိတ်ဓာတ်ပဲကွ၊ ဒီနိုင်ငံမှာနေ ဒီနိုင်ငံက ရေကိုသောက်၊ ဒီနိုင်ငံက ထမင်းကို စားနေတဲ့သူမှန်ရင် ဒီနိုင်ငံကို သစ္စာရှိရမယ်၊ နိုင်ငံကိုချစ်ရမယ်"

ဦးထွန်းသက်သည် လက်ဖက်ရည်တစ်ခွက်ကို တစ်ကျိုက်သောက်လိုက်ပြီးမှ စကားကို ဆက်ပြောပြန်သည်။

"ဖေဖေကိုယ်တိုင်က တပ်ထဲမှာ တာဝန်တွေ ထမ်းခဲ့တာ၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးရဲ့ အသက်အိုးအိမ်တွေကို ထိပါးလာရင် ကာကွယ်စောင့်ရှောက်ရမယ်၊ တိုင်းတစ်ပါးက ကျူးကျော်ရန်စလာရင် ဖေဖေတို့ တပ်မတော်သားတွေက တွန်းလှန်တိုက်ခိုက်ရမယ်ဆိုတဲ့ သစ္စာအဓိဋ္ဌာန်တွေ ပြုခဲ့ကြရတာတွေဟာ ကိုယ့်နိုင်ငံကိုယ့်ဒေသ၊ ကိုယ့်လူမျိုးကို ကာကွယ်ခဲ့တာတွေ၊ အဲဒါတွေ အားလုံးဟာ မျိုးချစ်စိတ်ကြောင့်ပေါ့ကွာ"

ဦးထွန်းသက်သည် မိမိတပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ရှေ့တန်း တိုက်ပွဲတစ်ခုတွင် ခြေတစ်ဖက် မိုင်းထိခဲ့ပြီး အငြိမ်းစားယူခဲ့ရသည့် တပ်မတော်သားကြီး ပီသစွာ နိုင်ငံနှင့်လူမျိုးကို ကာကွယ်သင့်သည့် နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်တို့ကို ရှင်းပြပြောပြနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သားငယ်သက်မောင်မောင်က -

"အဲဒါဆိုရင် ဟိုတစ်နေ့က မိုးကျော်တို့အဖေ ဘကြီး ဦးရွှေကြီးနဲ့ ကုလားကုန်းရွာက လူတွေနဲ့ ရန်ဖြစ်ကြတာကိုကော မျိုးချစ်စိတ်လို့ ခေါ်သလားဖေဖေ"

"အေး ဖေဖေကြားပြီးပြီသားရဲ့၊ အဲဒါ မင်းတို့ ဘကြီးက သူ့ရွာကို အမည်ဖော်ပြီး မင်းတို့ လမုတန်းကြီးရွာသားတွေက ဘာဖြစ်တယ် ဘာကောင်တွေဆိုပြီး ရွာကိုပါ ခိုင်းနှိုင်းပြောဆို ဆွေမျိုးသွေးသားတွေပါ အမည်ဖော်ဆဲဆိုကြတော့ လုံးဝသည်းမခံနိုင် ဖြစ်ပြီး ထိုးကြကြိတ်ကြ ရန်ဖြစ်ကြတာပေါ့ကွာ၊ ကုလားကုန်းရွာသားတွေလည်း အချုပ်ခန်းထဲရောက်ကုန်ကြပြီ၊ ရန်ဖြစ်တာ မကောင်းဘူးဆိုပေမယ့် မင်းတို့ဘကြီးက သူ့ရပ်သူ့ဒေသ၊ သူ့အမျိုးကို ထိပါးလာရင် မချိအောင်နာတတ်တာကွ၊ အဲဒါလည်း မျိုးချစ်စိတ်ပဲသားရဲ့"

ဦးထွန်းသက် ရှင်းပြသည်ကို သမီးကြီး ခင်မေသက်၊ သားငယ် သက်မောင်မောင်တို့သည် ငြိမ်သက်စွာ နားထောင်နေလေသည်။

"ကဲ သားငယ်နဲ့ သမီးကြီး၊ မျိုးချစ်စိတ်ဆိုတာ လူတိုင်းလူတိုင်းမှာ ရှိသင့်သလား၊ မရှိသင့်ဘူးလား"

"ရှိသင့်တာပေါ့ ဖေဖေ" သမီးကြီး ခင်မေသက်က ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှိသင့်ပါတယ် ဖေဖေ" သားငယ် သက်မောင်မောင်က ဖြေသည်။

မိမိ အမျိုးအနွယ်နှင့် တိုင်းပြည်ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရမှန်း မသိသူသည် သွေးမရှိသော ပုစွန်၊ အသက်မရှိသော သစ်ဆွေးတုံးနှင့်တူသည်။

"အဲဒါက ဖေဖေ နီတိကျမ်းတစ်ခုမှာ ဖတ်ရတဲ့ စာပိုဒ်ကလေးပဲကွဲ့၊ ဒါကြောင့် နိုင်ငံသူနိုင်ငံသားတိုင်းမှာ နိုင်ငံတော်လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ အမျိုးသားရေးတာဝန်လို့ မှတ်ယူထားကြရမယ်ကွဲ့ သားတို့သမီးတို့ရဲ့"

"ဟုတ်ကဲ့ မှတ်ထားပါ့မယ် ဖေဖေ"

"ကဲ သားငယ် မေမေလည်း အကြော်တွေ မီးပူတိုက်နေတာပြီးသွားပြီဆိုတော့ ဖေဖေနဲ့မေမေကို ဇာတိမာန်သီချင်း အခုတစ်ကြိမ် ဆိုပြစမ်းပါဦးကွာ"

ဦးထွန်းသက်က ဒေါ်အေးခင်အား တစ်ချက်ပြုံးပြလိုက်ပြီး သားငယ် သက်မောင်မောင်ကို ချော့၍ ဇာတိမာန်သီချင်း ဆိုခိုင်းလေသည်။

(ဒါ တို့တိုင်း တို့ပြည် တို့မြန်မာတွေ)၂

(မြင့်မြတ်တဲ့ ဂုဏ်ကျက်သရေ ကျုပ်တို့ရဲ့ ရွှေထီးရွှေနန်းတင့်ဆန်းပေ)၂ (အာဇာနည် ဗုဒ္ဓဘာသာ အမျိုးသားတိုင်းသည်၊ ရာဇဝင် ရှေးထုံးစဉ်လာ ထွန်းတောက်ခဲ့ပေ၊ ပိုင်ဆိုင်သတို့ဘွားဘိုးဘင် တို့အမွေ တို့ပြည်၊ တို့မြေ)

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်မြေ ကိုယ့်ရေ ကိုယ့်အမွေတို့ကို ဘိုးဘွားလက်ထက်မှစ၍ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်ကို သားစဉ်မြေးမြစ် ပြောထုံးဖြစ်အောင် သားငယ်သက်မောင်မောင်နှင့် သမီးငယ် ခင်မေသက်တို့လို လူငယ်လူရွယ်များအနေဖြင့် နိုင်ငံချစ်စိတ် မျိုးချစ်စိတ်တို့ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည် မဟုတ်ပါလား . . .။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၇ ခုနှစ်၊ စာပေဗိမာန်စာမူဆု

တလေးစာပေ တတိယဆုရ

## "ယဉ်ကျေးလိမ္မာ အနာဂတ်ရတနာနှင့် အခြားဝတ္ထုတိုများ"

ရေးသူ - မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)

အဖ ဦးတင်အေး၊ အမိ ဒေါ်အုန်းကြည်တို့မှ ၁၉၆၄ ခုနှစ်တွင် ဧရာဝတီတိုင်း၊ သာပေါင်းမြို့နယ်၊ ကြာကန်ရွာ၌ မွေးဖွားသည်။

၁၉၈၅ ခုနှစ်တွင် ပုသိမ်ဒီဂရီကောလိပ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ) ရရှိခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဘီအီးဒီ (ပညာရေး) ဘွဲ့ကို ရရှိခဲ့သည်။

ယခုအခါ လှိုင်သာယာမြို့နယ်တွင် လက်ထောက်မြို့နယ်ပညာရေးမှူး တာဝန်ထမ်းဆောင်လျက်ရှိပြီး လှိုင်သာယာမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌတာဝန်ကိုပါ ထမ်းဆောင်လျက်ရှိသည်။

အမည်ရင်းမှာ ဦးမြတ်ဝေတိုးဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် (၂၈၀/ခ)၊ ရွှေကြိုးကြာလမ်း၊
၁၃-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊
ရန်ကုန်တိုင်း။

www.burmeseclassic.com